# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လွတ်မြောက်အောင် အားထုတ်**

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။ **စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၉၈)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ်ရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေးစကားပြောကြား



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘားအံမြို့ရှိ ပြည်နယ် မိုးလုံလေလုံအားကစားရုံ၌ ရေဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ စားနပ်ရိက္ခာ၊ ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာ မြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးကျော်လင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် နေပြည်တော်မှထွက်ခွာရာ နံနက် ၈ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖



**Panasonic** နှစ် (၁၀၀) ပြည့် - ကျေးလက်လျှပ်စစ်သုံးစွဲရေးအတွက် ဈေးနှုန်းလျှော့ချခြင်းဖြင့် ပါဝင်ပါရစေ။

**YANDAYAR** (၂၂) နှစ်ပြည့် - ပစ္စည်းတိုင်းကို ဈေးနှုန်းလျှော့ချပေးပါသည်။

၃၀ (ခ) တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ဗဟန်း။

ဖုန်း ၀၁ - ၅၀၂ ၃၁၃၊ ၀၁ - ၅၀၁ ၃၂၉ ၊ ၀၁ - ၅၁၂ ၉၁၁



# ချင်းပြည်နယ်နှင့် ‘ဝ’ ဥ စီးပွားရေးကဏ္ဍ

ချင်းပြည်နယ်သည် ပြည်ထောင်စုအတွင်း၌ ဖွံ့ဖြိုးမှုနိမ့်ကျနေဆဲပြည်နယ် တစ်ခု ဖြစ်ပါသည်။ ပြည်ထောင်စုတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာ၌ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးသည် မလွဲမသွေ ဖော်ဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါသည်။ ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ရာ၌ ချင်းပြည်နယ်၏ ပထဝီအနေအထားအပါအဝင် ရာသီဥတုတို့နှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းတို့ကိုဖော်ဆောင်ရေးသည် အရေးကြီးသော အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ချင်းပြည်နယ်၏ ဤအခြေခံလိုအပ်ချက်နှင့် အကျုံးဝင်သော ထွက်ကုန်တစ်ရပ်မှာ ‘ဝ’ ဥ ခေါ် ဖျံ့ဥ ဖြစ်ပါသည်။

ရှေးယခင်က သစ်တောများအတွင်း သဘာဝအလျောက်ပေါက်သော ‘ဝ’ ဥ ခေါ် ဖျံ့ဥတို့ကို ရှာဖွေရယူသော်လည်း ယခုအခါ ‘ဝ’ ဥ ခေါ် ဖျံ့ဥတို့ကို ချင်းပြည်နယ်၌ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နေကြပြီ ဖြစ်ပါသည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ‘ဝ’ ဥ ခေါ် ဖျံ့ဥတို့ကို ချင်းပြည်နယ်၌ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ပြီး တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်၌ K&L ကုမ္ပဏီသည် ချင်းတောင်သူတို့အား ‘ဝ’ဥအပြားလွှာလုပ်နည်းကို သင်ကြားပေး၍ ၎င်းတို့ထံမှ ‘ဝ’ ဥ ဝယ်ယူမည့်စာချုပ်များကိုပါ ချုပ်ဆိုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ‘ဝ’ ဥ ခေါ် ဖျံ့ဥသည် ချင်းပြည်သူတို့၏ လူမှု-စီးပွားရေးဘဝကို မြှင့်တင်ပေးမည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ရပ်အဖြစ် ပေါ်ထွက်လာခဲ့ပါသည်။

‘ဝ’ ဥခေါ် ဖျံ့ဥတို့ကို စိုက်ပျိုးရေးထွက်ကုန်သက်သက် တင်ပို့သည်ထက် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တင်ပို့နိုင်မည်ဆိုပါက ချင်းပြည်သူတို့၏ ဝင်ငွေအဆင့်အတန်းကို ပိုမိုမြင့်မားစေမည် ဖြစ်ပါသည်။ ဤအမျိုးသားရေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ချင်းပြည်နယ် ပလက်ဝမြို့နယ်၌ တစ်နေ့လျှင် ‘ဝ’ ဥ အစို တန် ၂၀ ကျမည့် အခြောက်ခံစက်ရုံကို တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အဆိုပါ ဝန်ကြီးဌာနအောက်ရှိ ပြည်ပကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကလည်း ‘ဝ’ဥနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များပါသော လက်ကမ်းစာစောင်တို့ကို ပုံနှိပ်ဖြန့်ဝေပေးပြီး ဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းလျက် ချင်းပြည်နယ် ဟားခါးမြို့ရှိ လုပ်ငန်းရှင် ၁၀၀ တို့အား ‘ဝ’ဥဆိုင်ရာနည်းပညာတို့ကို ပံ့ပိုးကူညီပို့ချပေးခဲ့ပါသည်။ ထို့အပြင် ‘ဝ’ဥဆေးစက်၊ ဖြတ်စက်၊ အခြောက်ခံစက် စသော ‘ဝ’ဥအခြေခံစက်မှုကုန်ထုတ်လုပ်ငန်းများနှင့် သက်ဆိုင်သော ဗဟုသုတအချက်အလက်များအပါအဝင် ‘ဝ’ဥစိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ နည်းပညာတို့အား ချင်းပြည်နယ်အနှံ့အပြားတွင် မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် **UK Aid** တို့က ပူးပေါင်းလျက်ပို့ချပေးခဲ့ပါသည်။ ချင်းပြည်နယ်၏ ‘ဝ’ဥစီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်၌ အဖွဲ့အစည်းပေါင်းစုံတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသောကြောင့် အနာဂတ်ကာလ၌ ချင်းပြည်နယ်တွင် ‘ဝ’ဥခေါက်ဆွဲထုတ်လုပ်နိုင်သည်အထိ ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## အရိပ်လည်းရ ဝန်းကျင်လည်းလှ သစ်ပင်စိုက်ပျိုးကြ

# ညောင်တုန်း၌ ကရင်စာပေစကား၊ ယဉ်ကျေးမှု နှီးနှောဖလှယ် ဆွေးနွေးပွဲကျင်းပ

**ညောင်တုန်း ဇူလိုင် ၂၆**



ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီများတွေ့ဆုံ၍ ကရင်စာပေ၊ စကား၊ ယဉ်ကျေးမှု နှီးနှောဖလှယ်ဆွေးနွေးပွဲကို ယမန်နေ့က ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု ဖောင်ရိုးချောင်းကျေးရွာရှိ ရတနာသိဒ္ဓိဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဘုန်းတော်ကြီး ဟင်နရီ မန်းအိုင်ခလိန် (ပုသိမ်)က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဂွါမိုး မြတ်မြတ်သူက တိုင်းဒေသကြီးအတွင်းရှိ ကရင်လူမျိုးများစာပေနှင့် ယဉ်ကျေးမှု ထွန်းကားလာစေရေးအတွက် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် မိမိတို့ မြို့နယ်အတွင်းရှိ ကရင်လူမျိုးများ စာပေနှင့်ယဉ်ကျေးမှုများ တိုးတက်မြင့်မားလာစေရေးအတွက် အားနည်းချက်၊ အားသာချက်များကို တင်ပြကြရန် ပြောကြားသည်။

ဆက်လက်၍ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းက ကရင်လူမျိုးများ၏ စာပေနှင့် ယဉ်ကျေးမှုကို မိမိတို့လူမျိုးမှ ထိန်းသိမ်းမှသာလျှင် စာပေနှင့်ယဉ်ကျေးမှုများလည်း တိုးတက်မည်ဖြစ်ကြောင်း၊ လိုအပ်သော တင်ပြချက်များကိုလည်း တိုင်ပင်ဆွေးနွေးကြရန်နှင့် ကော်မတီ၏ လုပ်ပိုင်ခွင့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး မန်းဒေးဗစ်က ပိုးကရင်ဘာသာစကားနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ပတ်သက်၍ မိမိတို့၏ ဘာသာစကား၊ စာပေတို့ကို နိုင်ငံတော်၏ ပညာရေးမူဝါဒအား ထိခိုက်မှုမရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်၊ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာသာသနာကို လွတ်လပ်စွာဆောင်ရွက်ခွင့်၊ ယဉ်ကျေးမှုဓလေ့ထုံးအရ ဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာကျင်းပနိုင်ရေး၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို တက်ရောက်လာကြသော ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌများနှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ဝဋ္ဋာနိုင်(ညောင်တုန်း)**

## မြရည်နန္ဒာအိမ်ရာအခန်းများကို နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ရောင်းချပေးမည်

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေသည့် မြရည် နန္ဒာ တန်ဖိုးမျှတအိမ်ရာ လေးခန်းတွဲ ခြောက်ထပ်အဆောက်အအုံ ၂၈ လုံး၊ အခန်း ပေါင်း ၆၇၂ ခန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ရောင်းချပေးမည်ဖြစ်သည်။

မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာစီမံကိန်း ဝယ်ယူလိုသူများအတွက် အိမ်ခန်းလျှောက်လွှာများကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၇ ရက်အတွင်း ရုံးပိတ်ရက်များအပါအဝင် လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချလျက်ရှိပြီး တိုက်ခန်းလျှောက်လွှာများကို ဩဂုတ် ၁ ရက်မှ ၁၄ ရက်အတွင်း ပြန်လည်လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မြရည်နန္ဒာအိမ်ရာ လျှောက်လွှာများကို ၂၆ လမ်းနှင့်၂၇လမ်းကြား ၇၁×၇၂ လမ်းကြား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးဝင်း အတွင်းရှိ ဓမ္မာရုံတွင် လာရောက် ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၂-၆၀၂၅၂၊ ၀၂-၃၆၁၇၁၊ ၀၂-၃၆၁၇၂၊ လိုင်းခွဲ - ၀၂၁၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သီပေါ၌ ဓာတ်ငွေ့ပိုက်လိုင်း ထိခိုက်မှုမရှိစေရန် ဆောင်ရွက်

**သီပေါ ဇူလိုင် ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွှေပြည်သာစံဖိတ်ကျေးရွာအုပ်စုတွင် လေထုညစ်ညမ်းမှုမရှိစေရေး၊ ဓာတ်ငွေ့ပိုက်လိုင်းအနီး တောမီးလောင်ခြင်းနှင့် စွန့်ပစ်အမှိုက်များ မီးရှို့ဖျက်ဆီးရာတွင် အန္တရာယ်ကင်းရေး၊ မိုးကာလတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေး၊ ငှက်ဖျားနှင့် အခြားရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနမှ သန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့ပေါ် ၁၁ ရပ်ကွက်သို့ အမှိုက်သိမ်းယာဉ်သုံးစီးဖြင့် နေ့စဉ်အမှိုက်တန်ချိန် ၄၀ ကျော်အား အဖွဲ့ပိုင် အမှိုက်စွန့်ပစ်မြေ လေးကော၌ သွားရောက်စွန့်ပစ်လျက်ရှိရာ စနစ်တကျမီးရှို့ဖျက်ဆီးနိုင်ရန် မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦး ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးပြည့်ဟိန်းနှင့် စည်ပင်ဝန်ထမ်းများက ဇူလိုင် ၂၅ ရက်တွင် ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် နေ့စဉ်လုပ်ငန်းအပြင် မြို့လယ်ချောင်းတစ်လျှောက် စည်းကမ်းမဲ့ အမှိုက်စွန့်နေမှုများကိုလည်း ပြန်လည်ဆယ်ယူဆောင်ရွက်လျက်ရှိပြီး မိုးရာသီ၌ ဖြစ်ပေါ်တတ်သောရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန် ယခုကဲ့သို့ မြို့သန့်ရှင်းသာယာလှပရေးအတွက် လူအား၊ ယန္တရားအားများဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

### ထင်သာမြင်သာပြုပြင်စရာ

## မြောက်ဦးမြို့နယ် သရက်တောကျေးရွာ ငရကောက်ချောင်းကူးတံတား အသစ်တည်ဆောက်ပေးရန် လိုအပ်



မြောက်ဦးမြို့နယ် သရက်တောကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသော ကျေးရွာချင်းဆက် ငရကောက်ချောင်းကူး ယာယီတံတားမှာ သွားလာရေးခက်ခဲမှုကြောင့် ကျောင်းသား ကျောင်းသူများနှင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခန်းကဏ္ဍများတွင် အချိန်နှောင့်နှေး ကြန့်ကြာမှုများကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဘောင်းဒွတ် ကျေးရွာ အထက(ခွဲ) ကျောင်းသို့ နေ့ချင်းပြန် ကျောင်းတက်ရောက် ပညာသင်ယူနိုင်ရန် အခက်အခဲများစွာ ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားကို ကျေးရွာ ၁၀ ရွာကျော်မှ စုပေါင်းလျက် ၂၀၁၄ ခုနှစ်က စတင်ပြီး နှစ်စဉ်ဆောက်လုပ်အသုံးပြုခဲ့သည်မှာ ငါးနှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။ အဆိုပါ ဝါးတံတားကို နှစ်စဉ်ပြုပြင်ထိန်းသိမ်းနေရသဖြင့် ငွေကြေးကုန်ကျမှု၊ အချိန်ကြာမြင့်မှု၊ ခိုင်ခံ့မှုမရှိခြင်းတို့ကြောင့် မိုးတွင်းကာလများတွင် သွားလာရေး အဆင်မပြေမှုများရှိကြောင်း သိရသည်။

ထို့ကြောင့် သက်ဆိုင်ရာမှ ယင်းချောင်းကူးတံတားကို အသစ်တည်ဆောက်ပေးနိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖ *ရှေ့စာမျက်နှာမှ*

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့မှ ဆက်လက်ထွက်ခွာရာ ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

**ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် ဘားအံမြို့ ရွှေယဉ်မျှော်စေတီသို့ရောက်ရှိကာ စေတီတော်ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရွှေယဉ်မျှော်စေတီတော်၌ လာရောက်ခိုလှုံလျက်ရှိသည့် ရေဘေးရှောင် ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ဆေးဝါး၊ စားသောက်ကုန်၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

**သံလွင်မြစ်ရေမြင့်တက်မှု အခြေအနေ ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရွှေယဉ်မျှော်စေတီတော်ရင်ပြင် ရှုရပ်မှနေ၍ သံလွင်မြစ်ရေမြင့်တက်မှု အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မိုးကယ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဥပဒေဘောင်အတွင်းမှ လုပ်ကိုင်**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘားအံမြို့ အမှတ်(၃)ရပ်ကွက်ရှိ Cyclone Shelter သို့ရောက်ရှိပြီး ရေဘေးရှောင် ပြည်သူများနှင့် တွေ့ဆုံကာ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသောက်နေမှု အခြေအနေ၊ ဥပဒေလေးစားလိုက်နာရေး၊ ဥပဒေဘောင်အတွင်းမှ လုပ်ကိုင်နေထိုင်စားသောက်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး ရေဘေးရှောင် ပြည်သူများအတွက် စားနပ်ရိက္ခာ၊ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

**အခြေအနေများမေးမြန်း**

ယင်းနောက် ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် ပြည်နယ်မိုးလုံလေလုံ အားကစားရုံသို့ ရောက်ရှိကြပြီး ရေဘေးရှောင်ပြည်သူများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးနှင့် ကူညီကယ်ဆယ် ထောက်ပံ့ပေးနေမှု အခြေအနေတို့ကို မေးမြန်းပြီး ဆန်၊ ဆီ၊ ဆေးဝါး၊ စားသောက်ကုန်၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

**ညှိနှိုင်းပူးပေါင်းဆောင်ရွက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မိုးကယ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒထံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရွှေယဉ်မျှော်စေတီတော်၌ လာရောက်ခိုလှုံလျက်ရှိသည့် ရေဘေးရှောင် ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘားအံမြို့ အမှတ်(၃)ရပ်ကွက် Cyclone Shelter ရှိ ရေဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘားအံမြို့ရှိ ပြည်နယ် မိုးလုံလေလုံအားကစားရုံ၌ ရေဘေးရှောင်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ ပေးအပ်စဉ်။ သတင်းစဉ်

အပါအဝင် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ယခုကာလသည် ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ယခင်က ဖြစ်လေ့ဖြစ်ထ မရှိခဲ့သော်လည်း ယခုအခါ ယခင်က မဖြစ်ဖူးသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ယင်းပြောင်းလဲမှုများမှာ ပုံမှန်သဘော ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများကို ဖော်ထုတ်ဖြေရှင်းဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့်ပြည်နယ် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ မြစ်ကြောင်းတိမ်ကောမှုများကြောင့် ရေလျှံရသည်ဆိုလျှင်လည်း မြစ်ကြောင်းတူးဖော်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများကျိုးပျက်ခြင်းများ ကြုံတွေ့ရသဖြင့် အများပြည်သူသွားလာရေး၊ သယ်ယူပို့ဆောင်ရေး အခက်အခဲမဖြစ်စေရေး အမြန်ဆုံးပြုပြင်တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ရေဘေးရှောင်ပြည်သူများကို မေးမြန်းသိရှိရသည့် အချက်များအရ

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေသို့ လွှဲပြောင်းထောက်ပံ့သည့် ငွေကျပ် သိန်း ၁၀၀၀ ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံထံ ပေးအပ်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေချိန် ကျန်းမာရေး အသိပညာပေးရေး၊ အာဟာရပြည့်ဝစေရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နိုင်မည့် စွမ်းရည်မြှင့်သင်တန်းများ သင်ကြားပေးရေး၊ မြို့တွင်း၌ ရေလျှံမှုများ မဖြစ်စေရေးအတွက် ရေမြောင်းများ ပိတ်ဆို့မှုမဖြစ်စေရန်နှင့် ပြည်သူများ စည်းကမ်းတကျ အမှိုက်စွန့်ပစ်စေရေး စည်းကမ်းချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့ပြင် ကရင်ပြည်နယ်၏ သဘာဝအားသာချက်များကို စီးပွားရေးအခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်ရေး၊ စိုက်ပျိုးရေးထွက်ကုန် အခြေခံကုန်ထုတ်စက်မှုလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ပိုမိုသင်ကြားနိုင်ရေးအတွက် အခြေခံအဆောက်အအုံများဖြည့်တင်းတည်ဆောက်ရေးကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဘားအံမြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်ပြည်နယ် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မော်လမြိုင်လေဆိပ် ခေတ္တနားနေဆောင်၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေသို့ လွှဲပြောင်းထောက်ပံ့သည့် ငွေကျပ်သိန်း ၁၀၀၀ ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံထံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် မော်လမြိုင်လေဆိပ်မှ ပြန်လည်ထွက်ခွာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် တာဝန်ရှိသူတို့သည် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသည့် ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ပြီး ရေဘေးရှောင်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။

ဘားအံမြို့ပေါ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၁ ခု ဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စုပေါင်း ၁၁၈၂ စုမှ လူဦးရေ ၆၁၆၀ အား လက်ခံကူညီထောက်ပံ့ပေးထားကြောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘားအံမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်း တစ်ခုလျှင် ငွေကျပ်သိန်း ၂၀၊ ဆန် ၁၀ အိတ်၊ ဆီ ၁၀ ပိဿာပုံး ၁၀ ပုံး ထောက်ပံ့ပေးထားပြီး ရေဘေးရှောင် ပြည်သူများအားပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် နေ့လယ်စာနှင့် ညစာများ ကျွေးမွေးထားကြောင်းနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေသို့ ငွေကျပ် သိန်း ၁၀၀၀ လွှဲပြောင်းထောက်ပံ့ထားကြောင်း သိရသည်။

ထို့ပြင် နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ဘားအံမြို့ပေါ်ရှိ ရေဘေးသင့်စခန်းများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၅၀ နှင့် ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးရှောင်ပြည်သူများအတွက် ငွေကျပ် ၂၅၄ သိန်းကျော် ထောက်ပံ့ထားကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ( ၁၀ / ၂၀၁၈ )ကြိမ်မြောက် အစည်းအဝေးမှ ခွင့်ပြုမိန့် ခြောက်ခုနှင့် အတည်ပြုမိန့် နှစ်ခု ခွင့်ပြု

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ( ၁၀ / ၂၀၁၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင် ကိုးဦး တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ( ၁၀ / ၂၀၁၈) အစည်းအဝေးမှ အဆိုပြုလွှာ တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခွင့်ပြုမိန့် ခြောက်ခုနှင့် အတည်ပြုမိန့် နှစ်ခု ခွင့်ပြုရန်ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ အောက်လွှတ်တော် နိုင်ငံတကာရေးရာကော်မတီ၏ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော် နိုင်ငံတကာရေးရာကော်မတီ၏ ဒုတိယဥက္ကဋ္ဌ Mr. Aleksei Chepa အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ လွှတ်တော်တွင် ဥပဒေပြုရေးကဏ္ဍများကို အထောက်အကူဖြစ်စေရန်အတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ရုရှားနိုင်ငံလွှတ်တော်သို့ သွားရောက်လေ့လာ၍ အတွေ့အကြုံများဖလှယ်ရေး၊ ဆီးရီးယားနိုင်ငံ ငြိမ်းချမ်းရေးရရှိရေးအတွက် ရုရှားနိုင်ငံမှ ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်၊ နိုင်ငံတကာရေးရာကော်မတီ၏ ဒုတိယဥက္ကဋ္ဌ Mr. Aleksei Chepa အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၆**

အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ပထမထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးအေးသာအောင်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ICJ အဖွဲ့မှ ဥပဒေအကြံပေး Mr. Sean Bain ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် International Commission of Jurists(ICJ) အဖွဲ့မှ ဥပဒေအကြံပေး Mr. Sean Bain ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ တရားဥပဒေစိုးမိုးရေးဆီသို့ ဟူသည့် မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဥပဒေအရာရှိကျင့်ဝတ်၊ မျှတသောတရားစီရင်ရေးများစာအုပ်၊ စာချုပ်စာတမ်းများ စိစစ်ခြင်းဆိုင်ရာလမ်းညွှန်ချက်တို့ကို ထုတ်ပြန်နိုင်မှုနှင့် ယင်းတို့အား အကောင်အထည်ဖော်မည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဥပဒေရေးဆွဲရေးလက်စွဲ ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်ချက်များ၊ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လွတ်လပ်၍ ဘက်လိုက်မှုကင်းရှင်းပြီး လူ့အခွင့်အရေးကိုလေးစားသည့် တရားစွဲနှင့် အမှုလိုက်လုပ်ငန်းစနစ် ဖွံ့ဖြိုးလာရေးစသည်တို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်နှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပေါက်ခေါင်းမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းအဖြစ် ကျေးရွာတွင်းလမ်းခင်း

**ပေါက်ခေါင်း ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် မြို့တောင်အုပ်စု ကျွန်းပင်စမ်းကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရွာတွင်းလမ်းမြေနီခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ယမန်နေ့က တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးသိန်းနှင့် ပြည်ခရိုင်နှင့် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မီးသတ်ယာဉ်လွှဲပြောင်းပေးအပ်ပွဲ ပုတီးကုန်းမြို့၌ပြုလုပ်

**သဲကုန်း ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ မိုးတိမ်ပြင်ကျေးရွာအုပ်စုသို့ မီးငြိမ်းသတ်ယာဉ်ပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက မိုးတိမ်ပြင်အုပ်စု အရန်မီးသတ်စခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးကျော်တို့က မီးငြိမ်းသတ်ယာဉ် ယာယီထိန်းသိမ်းစောင့်ရှောက်ခွင့်၊ လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ မြို့မိမြို့ဖတစ်ဦးက မိုးတိမ်ပြင်ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ မီးငြိမ်းသတ်ယာဉ် ယာယီထိန်းသိမ်းစောင့်ရှောက်ခွင့်နှင့် မီးငြိမ်းသတ်ယာဉ်ကို လွှဲပြောင်းပေးအပ်ခဲ့ပြီး မိုးတိမ်ပြင်အုပ်စု အရန်မီးသတ်တပ်စုမှူးက ယာဉ်ထိန်းသိမ်းမှုအပိုင်းနှင့် ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းများ ဆွေးနွေးတင်ပြကာ မီးသတ်ယာဉ်ထားရှိမည့် မြေနေရာအလှူရှင်နှင့် မြို့မိမြို့ဖတို့အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၂၆**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

နေပြည်တော်နှင့်ရန်ကုန်မြို့တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။

**မိုး/ဇလ**


ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ရှင်းလင်းဆွေးနွေးစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရှင်းလင်းဆွေးနွေးစဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းဆွေးနွေးစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှင်းလင်းဆွေးနွေးစဉ်။

❁ *ကျောဖုံးမှ*

မဟာဗျူဟာ(NSDS)ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းအဖွဲ့မှ ခေါင်းဆောင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖွဲ့စည်းမှု ပိုမိုအားကောင်းပြည့်စုံလာ**

အစည်းအဝေးတွင် ဒုတိယသမ္မတက ယခင်ကစာရင်းအင်းကော်မတီကို နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မတီအစည်းအဝေး (၆)ကြိမ် ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုအခါ ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၇၄/၂၀၁၈ ဖြင့် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီကို စာရင်းအင်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးများအား ဗဟိုကော်မတီအဖွဲ့ဝင်များအဖြစ် ပြန်လည်အဆင့်မြှင့်တင်ဖွဲ့စည်းလိုက်ပြီဖြစ်သည့်အတွက် ဖွဲ့စည်းမှုပိုမိုအားကောင်း ပြည့်စုံလာပြီဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁/၂၀၁၈ စာရင်းအင်းဥပဒေအရ ပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း။

**ထိရောက်သည့်ခွဲဝေမှုများ ဆောင်ရွက်နိုင်**

စာရင်းအင်းအချက်အလက်မှန်ကန်ရေးသည် ဖွံ့ဖြိုးပြီးနိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အရေးပါပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် အရည်အသွေးပြည့်ဝမှသာလျှင် မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှု - စီးပွားသုတေသနဆောင်ရွက်သူများအားလုံးအတွက် ချမှတ်သည့် ဖွံ့ဖြိုးမှုမူဝါဒများ၊ စီမံကိန်းများ၊ စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည့် မူဝါဒများအတွက် ထည့်သွင်းစဉ်းစားနိုင်မည့်အချက်များကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သယံဇာတများကို အကျိုးရှိထိရောက်သည့် ခွဲဝေမှုများ ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ စီမံကိန်းများ စောင့်ကြည့် ကြီးကြပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် မူဝါဒပြင်ဆင်ရန်ရှိသည်များကို ပိုမိုကောင်းမွန်စေရန် ပြန်လည်ပြင်ဆင်နိုင်မှုများလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အချက်အလက်များအပေါ်အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်မှသာ အရှုံးဖြစ်ပေါ်နိုင်မှုနှင့် စွန့်စားရမှု (Risk Management) တို့ကို စီမံခန့်ခွဲနိုင်မည်ဖြစ်ပါကြောင်း။

စိတ်ချယုံကြည်ကိုးစားရသည့် စာရင်းအင်းများမရှိခြင်းသည် သယံဇာတခွဲဝေရာတွင် လွဲမှားစေနိုင်သည့်အပြင် မူဝါဒဆုံးဖြတ်ချက်များကိုလည်း မှားယွင်းစေနိုင်သည့်အတွက် ပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ထို့ကြောင့် စာရင်းအင်းအချက်အလက်များ မှန်ကန်စေရေးအတွက် လိုအပ်သည့် လူသားရင်းမြစ်ပြုစုပျိုးထောင်ခြင်း၊ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးအတွက် ကွန်ရက်တည်ဆောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးယန္တရားများနှင့် Statistics Literacy အား မူဝါဒအားဖြင့် အထူးအာရုံစိုက်ခြင်းနှင့် စာရင်းအင်းဥပဒေ ပြဋ္ဌာန်းသက်ရောက်မှုရှိစေရေး စသည့်အရင်းအနှီးများ စိုက်ထုတ်ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်**

ဗဟိုကော်မတီအနေဖြင့် စာရင်းအင်းဆိုင်ရာမူဝါဒများနှင့် အခြေခံစည်းမျဉ်းများကို ချမှတ်ပေးရမည်ဖြစ်ပါကြောင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာချမှတ်ခြင်း၊ အကောင်အထည်ဖော်စေခြင်းနှင့် လုပ်ငန်းလမ်းညွှန်မှုများပေးခြင်း လုပ်ငန်းစဉ်များကိုလည်း ဦးဆောင်၍ လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နေမှုများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း စသည့်ကိစ္စရပ်များကိုလည်း လုပ်ဆောင်ပေးရမည်ဖြစ်ပါကြောင်း။

**လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းဆောင်ရွက်**

စာရင်းအင်းဥပဒေအရ စာရင်းအင်းမူဝါဒအနှစ်ချုပ်(Statistical Policy Brief) နှင့် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for Development of Statistics-NSDS)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရန် အဓိကမဟာဗျူဟာမူဘောင် (NSDS Core Strategies) ကို ၂၀၁၆ ခုနှစ်တွင် အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးသည် နိုင်ငံအတွက် အရေးကြီးကြောင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ အကောင်အထည်ဖော်ရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်းတို့ကို လမ်းညွှန်ဆွေးနွေးခဲ့ပါကြောင်း၊ စာရင်းအင်းကဏ္ဍ တိုးတက်ရေးကို ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများအကြား အလျားလိုက် ပူးပေါင်းဆောင်ရွက်မှု (Horizontal Cooperation) များ ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဒေါင်လိုက် ပူးပေါင်းဆောင်ရွက်မှု (Vertical Cooperation) များကိုလည်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ NSDS ကို ပူးပေါင်းတွဲဖက် အကောင်အထည်ဖော်ဆောင်နိုင်ရန် အလျားလိုက် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စာရင်းအင်းကဏ္ဍများအလိုက် လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် NSDS Action Plan ကို Living Document အနေဖြင့်ထားရှိပြီး အသီးသီးအကောင်အထည်ဖော်ဆောင်လျက်ရှိပါကြောင်း။

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့များကို အားပေးလမ်းညွှန်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီအောက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးဝန်ကြီးများအနေဖြင့် အဖွဲ့ဝင်များအဖြစ်ပါဝင်၍ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်များတွင်လည်း ကော်မတီများဖွဲ့စည်းပြီး စာရင်းအင်းမှန်ကန်စေရေးနှင့် အုပ်ချုပ်မှုမှတ်တမ်းများ ကောင်းမွန်စေရေးတို့အတွက် ဗဟိုနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဒေါင်လိုက်ပူးပေါင်းမှု(Vertical Cooperation)ကို စတင်ဦးစီးဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

**စာရင်းအင်းကိန်းဂဏန်းမှန်ကန်ရေး အရေးကြီး**

နိုင်ငံတော်သမ္မတကြီး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင်လည်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စနစ်တကျလုပ်ဆောင်ကြရန် တိုက်တွန်းထားပါကြောင်း၊ ထို့ကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် စာရင်းအင်းကိန်းဂဏန်းမှန်ကန်ရေးသည် အရေးကြီးပါကြောင်း၊ စာရင်းအင်းဥပဒေကိုပြဋ္ဌာန်းထားပြီး စာရင်းအင်းမှန်ကန်ရေးကို ထိရောက်စွာ လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

စာရင်းအင်းဥပဒေအရ ဗဟိုစာရင်းအင်းအဖွဲ့သည် စာရင်းအင်းအာဏာပိုင်အဖွဲ့အစည်းဖြစ်သကဲ့သို့ ကော်မတီ၏ ဆောင်ရွက်ရန်တာဝန်များကို အဓိကပံ့ပိုးမောင်းနှင်ပေးမည့် အတွင်းရေးမှူးရုံးလည်း ဖြစ်ပါကြောင်း။

**ဦးစားပေးရှာဖွေဖော်ထုတ်**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံဖြစ်သည့် စာရင်းအင်းများ ရှေ့နောက်ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်နှင့် ယုံကြည်ကိုးစားနိုင်သော ခိုင်မာသည့်စာရင်းအင်းများဖြစ်စေရန် လိုအပ်ပါကြောင်း၊ သို့မှသာ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို ထင်ဟပ်နိုင်သည့် စာရင်းအင်းအချက်အလက်ကောင်းများ ပေါ်ထွက်လာနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လက်တွေ့ကျသည့်မူဝါဒများ ခိုင်မာအောင် ဆောင်ရွက်ရာတွင်လည်း အရည်အသွေးရှိသည့် စာရင်းအင်းများသည် မရှိမဖြစ် အရေးပါသကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်နေသည့် ကဏ္ဍများ၊ နေရာဒေသများနှင့် ဦးစားပေးများအဖြစ် ရှာဖွေဖော်ထုတ်ရေးသည်လည်း အရေးကြီးပါကြောင်း။

လက်တွေ့ကျသည့် စီမံကိန်းများအတွက် မှန်ကန်သည့် စာရင်းအင်းများ အသုံးပြုနိုင်ရန်လိုအပ်သကဲ့သို့ အစိုးရဌာနအသီးသီးအနေဖြင့် နိုင်ငံ၏ စာရင်းအင်းကဏ္ဍ ပိုမိုကောင်းမွန်လာရေး တွန်းအားပေးဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၊ သုတေသနအဖွဲ့အစည်းများနှင့် ပညာရှင်များ၊ လူမှုအဖွဲ့အစည်းနှင့် သတင်းမီဒီယာများအားလုံး Stakeholder အဖြစ် ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း။

**ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်**

စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးသည် အစိုးရနှင့် ပြည်သူများအကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှု တိုးမြင့်စေနိုင်ပါကြောင်း၊ နိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ စာရင်းအင်းနယ်ပယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်တမ်း(Survey)များကောက်ခံရန် လိုအပ်သကဲ့သို့ ဌာနဆိုင်ရာများ၏ အုပ်ချုပ်မှုမှတ်တမ်းများ ပြည့်စုံမှန်ကန်စေရေးနှင့် အသေးစိတ်အချက်အလက်များ မှတ်တမ်းများတွင် ပါဝင်စေနိုင်ရေးသည်လည်း အရေးကြီးပါကြောင်း၊ စာရင်းအင်းများ စနစ်တကျ စုစည်းရေးသွင်းမှတ်သားခြင်းကိစ္စရပ်ကို အပိုအလုပ်သဖွယ် ထင်မြင်နေတတ်သည့် အယူအဆ၊ အလေ့အကျင့်များကို ပယ်ဖျောက်၍ ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်တတ်စေရန် စာရင်းအင်းဆိုင်ရာ အသိပညာ (Statistical Literacy)ကို ဌာနဆိုင်ရာများတွင်သာမက အများပြည်သူများနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများအကြား၌ပါ ပျံ့နှံ့အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ထိရောက်စွာအသုံးချ**

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာ အသုံးချနိုင်ရေးသည် အရေးကြီးပါကြောင်း၊ အချက်အလက်များကို မူဝါဒအဖြစ်ပြောင်းလဲနိုင်ခြင်း “From Data to Policy” ဖြစ်သည့်အတွက် ကောင်းစွာ ဖော်ထုတ်အသုံးချလျှင် စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ရလဒ်သည် လွန်စွာကြီးမားသည့်အတွက် ကော်မတီအဖွဲ့ဝင်များနှင့် လုပ်ငန်းအဖွဲ့များအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ကြပါစေဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ၂၀၁၈ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းခိုင်၊ ဒေါက်တာသန်းမြင့်နှင့် ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးသာဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများက စာရင်းအင်းအချက်အလက်မှန်ကန်ရေး၊အရည်အသွေးပြည့်ဝရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။ **သတင်းစဉ်**

# မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယအကြိမ် ဌာနတွင်း စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ကူးစက်ရောဂါထိန်းချုပ်ခြင်းနှင့် မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူပြုစေရန် ဒုတိယအကြိမ် ဌာနတွင်း စာတမ်းဖတ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သင်တန်းခန်းမ၌ ယနေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။** (ယာပုံ)



ထို့နောက် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာကျော်နိုင်ဦးက သဘာပတိအဖြစ် ဆောင်ရွက်ကာ စာတမ်းရှင် ၁၁ ဦးက ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အသားများကိုစစ်ဆေးခြင်း၊ နို့နှင့် နို့ထွက်ပစ္စည်း အရည်အသွေးစစ်ဆေးခြင်း၊ တရုတ်နှင်းသီးအရွက်မှ ထုတ်ယူထားသော အဆီအနှစ်တွင်ပါဝင်သည့် ဓာတုပစ္စည်းများအား လေ့လာခြင်း စသည့် အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ စာတမ်း သုံးစောင်၊ စီးပွားဖြစ် ကြက်မွေးမြူရေးခြံများတွင် ကြက်ရောဂါလက္ခဏာများအား လေ့လာခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါပိုး ($H_7N_9$) ရှာဖွေလေ့လာခြင်း၊ မြန်မာနိုင်ငံအတွင်း သားလျှောရောဂါဖြစ်ပွားမှု ဆန်းစစ်ခြင်း၊ အပူပိုင်းဒေသရှိ စားမြုံ့ပြန်သတ္တဝါများတွင် ဖြစ်ပွားလျက်ရှိသော ကပ်ပါးသန်ကောင်ရောဂါများအား လေ့လာခြင်း၊ ပျားများတွင် ဖြစ်ပွားသည့် ကမျဉ်းကောင် (Tropilaelaps Clareae) ရောဂါကို ကာကွယ်၊ ကုသနိုင်မှုအပေါ် လေ့လာခြင်း စသည့်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ စာတမ်း ငါးစောင်၊ ပုလဲခါတ်မြေဩဇာနှင့် ပြုပြင်ထားသောကောက်ရိုးကို ကျွေးမွေးခြင်းအားဖြင့် နို့ထွက်နှုန်းအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်း၊ အားပျော့ထားသော ဝက်သိုးမျိုးရည်၏ ရှင်သန်နိုင်မှုကို လေ့လာခြင်း၊ ပျားအုံတစ်အုံတွင် ပျားဘုရင်မနှစ်ကောင်ဖြင့် မွေးမြူ၍ ပျားရည်ထုတ်ယူနိုင်မှုကို လေ့လာခြင်း စသည့်မွေးမြူထုတ်လုပ်မှုဆိုင်ရာ စာတမ်းသုံးစောင် စုစုပေါင်း စာတမ်း ၁၁စောင်ကို ဖတ်ကြားခဲ့ကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်းများနှင့် သုတေသနဆောင်ရွက်နေသူများ တက်ရောက်ခဲ့ကြပြီး စာတမ်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် သက်တမ်းကုန်ဆုံး၍ လစ်လပ်လာမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ရာထူးနေရာတွင် ဦးကျော်ကျော်မောင်အား ခန့်အပ်တာဝန်ပေးရန်** အမည်စာရင်း ပေးပို့ထားကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

## ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်း လုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေ များနှင့်စပ်လျဉ်း၍ ရှင်းလင်း

ထို့နောက် **၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများ**နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဝင်းမော်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းတို့က ရှင်းလင်းတင်ပြကြသည်။

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မူဝါဒ ၁၄ ချက်၊ ရည်မှန်းချက် ၂၁ ချက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်သားများ၏ လူနေမှုဘဝ လုံခြုံစိတ်ချပြီး လုပ်ငန်းခွင်ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန်၊ အလုပ်သမားအခွင့်အရေးများ ပြည့်ဝစွာရရှိရန်နှင့် ခိုင်မာတိကျသော လူဦးရေစာရင်းဇယားများနှင့် ညွှန်းကိန်းများရရှိစေရန် မူဝါဒများချမှတ်၍ ကျွမ်းကျင်လုပ်သား အလုံအလောက် ရရှိစေရန်၊ လူမှုဖူလုံရေးဥပဒေပါ အာမခံစနစ်နှင့် အကျိုးခံစားခွင့်များကို ပြည့်ဝစွာရရှိစေရန်၊ အာမခံအလုပ်သမားများ၏ လူနေမှုဘဝတိုးတက်ကောင်းမွန်စေရန် ရည်မှန်းချက်နှင့်အညီ အဓမ္မခိုင်းစေမှု ပပျောက်ရေးနှင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရေး အိုင်အယ်လ်အိုနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် အသုံးစရိတ်များကို လျာထားတောင်းခံခြင်း ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၌ သာမန်ရငွေကျပ် ၆၀၃၉၃ ဒသမ ၀၄၀ သန်း ရရှိရန် လျာထားပြီး သာမန်အသုံးစရိတ်တွင် ငွေကျပ် ၃၆၈၄၁ ဒသမ ၄၂၀ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ငွေကျပ် ၆၀၂၄ ဒသမ ၈၈၁ သန်း လျာထားသဖြင့် စုစုပေါင်း ငွေကျပ် ၄၂၈၆၆ ဒသမ ၃၀၁ သန်း လျာထားတင်ပြထားပါကြောင်း ရှင်းလင်းတင်ပြသည်။

## စက်မှုဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက စက်မှုဝန်ကြီးဌာနတွင် စက်ရုံပေါင်း ၁၁၃ ရုံရှိပြီး ၎င်းစက်ရုံများအနက် ၅၇ ရုံမှာ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်စက်ရုံများအနက် ၂၄ ရုံမှာ လတ်တလောရပ်ဆိုင်းထားရသည့် စက်ရုံများဖြစ်ပါကြောင်း၊ ရပ်ဆိုင်းထားသည့် စက်ရုံ ၂၄ ရုံနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ပြီးမှသာ မူဝါဒနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခုအခါ စက်ရုံ ၆ ရုံကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချနိုင်ရေးအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြထားပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှု တန်ဖိုး(GDP)/ပုံမှန်ဈေးနှုန်းအရ/စက်မှုလက်မှုကဏ္ဍအနေဖြင့် ငွေကျပ် ၂၁၂၄၃ ဒသမ ၂၃၉ ဘီလီယံ ရည်မှန်းထားပြီး ၁၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရှင်းလင်းတင်ပြစဉ်။

စက်မှုဝန်ကြီးဌာန၏ ဘဏ္ဍာရေး အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ၂၀၁၈ - ၂၀၁၉ ရငွေအနေဖြင့် သာမန်ရငွေကျပ် ၈၇ ဒသမ ၇၃၇ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေ (ပြည်ပအကူအညီ) ငွေကျပ် ၄ ဒသမ ၅၅၃ ဘီလီယံ၊ ကြွေးမြီရငွေကျပ် ၂ ဒသမ ၄၄၇ ဘီလီယံ စုစုပေါင်းရငွေကျပ် ၉၄ ဒသမ ၇၃၇ ဘီလီယံဖြစ်ပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက် စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၄၂၉ ဒသမ ၆၄၈ ဘီလီယံကို လျာထားပါကြောင်း၊ အဆိုပါ အသုံးစရိတ်များ၌ သာမန်အသုံးစရိတ်အတွက် ငွေကျပ် ၁၆၆ ဒသမ ၆၃၇ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်အတွက် ငွေကျပ် ၁၄၁ ဒသမ ၈၈၄ ဘီလီယံနှင့် ကြွေးမြီအသုံးစရိတ်အတွက် ငွေကျပ် ၁၂၁ ဒသမ ၁၂၇ ဘီလီယံတို့ဖြစ်ပါကြောင်း၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၁၄၁ ဒသမ ၈၈၄ ဘီလီယံ၌ လုပ်ငန်းစီမံကိန်းသစ်များနှင့် ဆောင်ရွက်ဆဲစီမံကိန်းများအတွက် ငွေကျပ် ၁၂၀ ဒသမ ၉၀၅ ဘီလီယံနှင့် ရုံးချုပ်၊ စက်ရုံများအတွက် ငွေကျပ် ၂၀ ဒသမ ၉၇၉ ဘီလီယံကို လျာထားပါကြောင်း ရှင်းလင်းတင်ပြသည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းများမှာ နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကားတွင် ပါဝင်သော ဥဒေါင်း-ညောင်ချောင်း-မေယုတောင်ကျော်လမ်းနှင့် သက်ကိုင်ညာ-ပဒဂါး -တောင်ကျော်လမ်း အသစ်ဖောက်လုပ်ခြင်း၊ ရောင်ဟီး -ပင်လည်ဘူးလမ်း၊ မတူပီ-ပလက်ဝလမ်း၊ တီးတိန်-တွန်းဇံ- ကျီခါးလမ်း၊ ဟားခါး - မတူပီလမ်း၊ ရွှေဘို - မြစ်ကြီးနားလမ်း၊ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းနှင့် ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင်လမ်း အဆင့်မြှင့်တင်ခြင်း၊ လွှတ်တော်အစည်းအဝေးများတွင် ကတိကဝတ်ပြုထားခဲ့သည့် လမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ အဆိုပြုထားသည့် လမ်း ၁၀ လမ်း အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်မည့် ပြည်ထောင်စုလမ်းမကြီး ၃ လမ်း၊ အဓိက ပြည်ထောင်စုလမ်း ၆ လမ်းနှင့် ကျန်ပြည်ထောင်စုလမ်း ၂၃ လမ်း အဆင့်မြှင့်တင်ခြင်း၊ လွှတ်တော်အစည်းအဝေးများတွင် ကတိကဝတ်ပြုထားသည့် တံတား ၂၇ စင်းနှင့် ကြိုးတံတားများ၊ အခြားတံတားကြီးများ တည်ဆောက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းငါးခုနှင့် နိုင်ငံတော်ညွှေ့ဂေဟာ အကြီးစားမွမ်းမံခြင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ အိမ်ရာစီမံကိန်းများ၏ ရေနှင့် ဆက်စပ်လုပ်ငန်းနှစ်ခု ဆောင်ရွက်ခြင်း၊ ခရိုင်ချင်းဆက်လမ်း မွမ်းမံခြင်း၊ စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းတို့ ပါဝင်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ရငွေလျာထားချက်မှာ သာမန်ရငွေကျပ် ၇၀ ဒသမ ၈၈၆ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေကျပ် ၃၅ ဒသမ ၆၃၀ ဘီလီယံ၊ ကြွေးမြီရငွေကျပ် ၄၀၀ ဒသမ ၈၁၉ ဘီလီယံ စုစုပေါင်းရငွေကျပ် ၅၀၇ ဒသမ ၃၃၅ ဘီလီယံဖြစ်ပြီး အသုံးစရိတ်လျာထားချက်မှာ သာမန်အသုံးစရိတ် ငွေကျပ် ၁၁၂ ဒသမ ၃၂၀ ဘီလီယံနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၇၃၄ ဒသမ ၇၃၉ ဘီလီယံ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၈၄၇ ဒသမ ၀၅၉ ဘီလီယံဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် သာမန်ရငွေကျပ် ၅၈၀၇ ဒသမ ၀၇၂ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၁၁၀၉၀ ဒသမ ၀၀၀ သန်းဖြစ်ပြီး သာမန်အသုံးစရိတ်ငွေကျပ် ၈၀၇၀၅ ဒသမ ၃၀၅ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၂၃၃၉၇ ဒသမ ၂၃၇ သန်း စုစုပေါင်းငွေကျပ် ၁၀၄၁၀၂ ဒသမ ၅၄၂ သန်း တင်ပြထားပါကြောင်း၊ ငွေလုံးငွေရင်းရငွေ၌ ပြည်ပအကူအညီရငွေတွင် ရခိုင်ပြည်နယ်အတွက် အိန္ဒိယနိုင်ငံအစိုးရမှ ထောက်ပံ့ငွေကျပ် ၆၈၀၀ ဒသမ ၀၀၀ သန်းနှင့် ဂျပန်နိုင်ငံအစိုးရမှ ထောက်ပံ့ငွေကျပ် ၄၂၉၀ ဒသမ ၀၀၀ သန်း စုစုပေါင်းငွေကျပ် ၁၁၀၉၀ ဒသမ ၀၀၀ သန်းကို ထည့်သွင်းဖော်ပြထားပါကြောင်း၊ အသုံးစရိတ်တင်ပြတောင်းခံမှု၌ ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် ပဋိသန္ဓေတည်သည်မှ သက်ကြီးရွယ်အိုအထိ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပွားသည့် ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို လျော့နည်းသက်သာစေရန် ဆောင်ရွက်ခြင်း၊ သဘာဝဘေးကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် အဆင်သင့်ဖြစ်ရန် ပြင်ဆင်ခြင်းနှင့် ဘေးသင့်ပြည်သူများအား မူလလူနေမှုဘဝအခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေသို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် သာမန်သုံးငွေအတွက် ငွေကျပ် ၅၉၆၉ ဒသမ ၅၉၈ သန်း ခွင့်ပြုခဲ့ပါကြောင်း၊ ပြည်ပအကူအညီရငွေကျပ် ၃၀၀၅ ဒသမ ၂၃၄ သန်း အပါအဝင် သာမန်သုံးငွေ စုစုပေါင်းငွေကျပ် ၈၉၇၄ ဒသမ ၈၃၂ သန်းလျာထားပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ သာမန်သုံးငွေတွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်များအတွက် ခေါင်းစဉ်သစ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၎င်းအသုံးစရိတ်ခေါင်းစဉ်အတွက် ငွေကျပ် ၁၂၄၈ ဒသမ ၄၀၀ သန်းကို ထည့်သွင်းလျာထားပါကြောင်း၊ ဝန်ကြီးဌာန၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်းရငွေ ငွေကျပ် ၂၂၅၄၆ ဒသမ ၁၁၃ သန်း လျာထားပြီး စုစုပေါင်းသုံးငွေ ငွေကျပ် ၉၁၉၆ ဒသမ ၈၂၇ သန်း လျာထားသဖြင့် သုံးငွေထက်ပိုသော ရငွေမှာ ငွေကျပ် ၁၃၃၄၉ ဒသမ ၂၈၆ သန်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် သာမန်အသုံးစရိတ် တောင်းခံငွေကျပ် ၃၁၀၇ ဒသမ ၅၀၇ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် တောင်းခံငွေကျပ် ၁၇၅၈ ဒသမ ၄၇၀ သန်း စုစုပေါင်းတောင်းခံ ငွေကျပ် ၄၈၆၅ ဒသမ ၉၇၇ သန်း တောင်းခံထားပါကြောင်း၊ သာမန်အသုံးစရိတ် တောင်းခံငွေကျပ် ၃၁၀၇ ဒသမ ၅၀၇ သန်း၌ တိုင်းရင်းသားလူမျိုး ၆၆ မျိုး၏ မူကြိုနှင့် KG ကလေးများသင်ကြားမှု၊ သင်ယူမှုလွယ်ကူစေရန်အတွက် စိတ်ဝင်စားဖွယ်ရာ တိုင်းရင်းသားပုံပြင်ရုပ်ပြစာအုပ်များ ရိုက်နှိပ်ထုတ်ဝေခြင်း စသည့် ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေ အသုံးစရိတ် ငွေကျပ် ၉၃၅ ဒသမ ၇၃၁ သန်း ပါဝင်ပါကြောင်း၊ ထို့ပြင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဦးစီးဌာနရုံး အဆောက်အအုံများ တည်ဆောက်ခြင်းအပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းအသုံးစရိတ် ငွေကျပ် ၁၅၀၄ ဒသမ ၉၇၀ သန်းကို စုစုပေါင်း ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၁၇၅၈ ဒသမ ၄၇၀ သန်း၌ ထည့်သွင်းတွက်ချက်ထားပါကြောင်း ရှင်းလင်းတင်ပြသည်။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်း စုစုပေါင်းငွေကျပ် ၁၁၅၀ ဒသမ ၇၈၅ ဘီလီယံ လျာထားပါကြောင်း၊ ယင်းလျာထားမှု၌ နိုင်ငံတော်၏ လျာထားမှုငွေကျပ် ၉၅၅ ဒသမ ၈၈၃ ဘီလီယံ ဖြစ်ပြီး ပြည်ပလျာထားမှု ငွေကျပ် ၁၉၄ ဒသမ ၉၀၂ ဘီလီယံဖြစ်ပါကြောင်း၊ ပြည်ပလျာထားမှုအနေဖြင့် အထောက်အပံ့ငွေကျပ် ၁၅၉ ဒသမ ၃၉၂ ဘီလီယံ၊ ချေးငွေကျပ် ၃၅ ဒသမ ၅၁၀ ဘီလီယံတို့ကို လျာထားပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လျာထားတောင်းခံထားသော စုစုပေါင်းငွေကျပ် ၁၁၅၀ ဒသမ ၇၈၅ ဘီလီယံတွင် သာမန်အသုံးစရိတ်အတွက် ငွေကျပ် ၇၃၇ ဒသမ ၂၅၁ ဘီလီယံနှင့် ငွေလုံးငွေရင်း အသုံးစရိတ်အတွက် ငွေကျပ် ၄၁၃ ဒသမ ၅၃၄ ဘီလီယံဖြစ်ပါကြောင်း၊ သာမန်အသုံးစရိတ် ခွဲဝေထားမှုတွင် လစာအတွက် ၃၈ ဒသမ ၂၅ ရာခိုင်နှုန်း၊ ခရီးစရိတ်အတွက် ၀ ဒသမ ၇၃ ရာခိုင်နှုန်း၊ ပစ္စည်းဝယ်ယူမှုအတွက် ၄၁ ဒသမ ၈၇ ရာခိုင်နှုန်း၊ ပြင်ထိန်းလုပ်ငန်းအတွက် ၇ ဒသမ ၁၁ ရာခိုင်နှုန်း၊ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်အတွက် ၁၁ ဒသမ ၆ ရာခိုင်နှုန်း၊ ညှော်ခံကျွေးမွေးစရိတ်အတွက် ၀ ဒသမ ၀၂ ရာခိုင်နှုန်း၊ အတိုးအတွက် ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် ထောက်ပံ့အတွက် ၀ ဒသမ ၃၂ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ပစ္စည်းဝယ်ယူမှု ၄၁ ဒသမ ၈၇ ရာခိုင်နှုန်း၌ ဆေးဝါးဝယ်ယူမှုအတွက် ၂၅ ဒသမ ၅၇ ရာခိုင်နှုန်း ပါဝင်ပါကြောင်း၊ ဆောက်လုပ်ရေးအတွက် လျာထားသည့် အသုံးစရိတ်ငွေကျပ် ၂၈၅ ဒသမ ၂၆၀ ဘီလီယံတွင် ဝန်ထမ်းအိမ်ရာအတွက် ၅၉ ရာခိုင်နှုန်းနှင့် ဆေးရုံ၊ အဆောက်အအုံ၊ အားကစားကွင်းရုံအတွက် ၄၁ ရာခိုင်နှုန်း ခွဲဝေလျာထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇူလိုင် ၃၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ - အေးသန်း(သတင်းစဉ်)**

---

## ပြည်ထောင်စု လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး၊ တတိယမြောက်နေ့သို့ မန္တလေးရတနာပုံတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၄၁၄ ဦး တက်ရောက်လေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၄၀၃၅ ဦးရှိသည်။

လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ အငြိမ့်အကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အငြိမ့်အကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၌ ကျင်းပရာ (ယာပုံ) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရည်၊ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဦးတင်မောင်မြင့်၊ ဦးမြင့်ဝင်း၊ ဦးမျိုးမြင့်၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေးကြွယ်၊ ဒေါ်လှမျိုးနွယ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားသို့ နေပြည်တော် မြင့်ထူးသာကျောင်းတိုက်မှ ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။



အခမ်းအနားတွင် ဧည့်ပရိသတ်များက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကိုနာယူကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် ဒေသများသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဆက်လက်ထောက်ပံ့



**မြဝတီ ဇူလိုင် ၂၆**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ရေဘေးရှောင်ပြည်သူများကို တွေ့ဆုံအားပေးထောက်ပံ့နိုင်ရန် ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အဖွဲ့သည် ယမန်နေ့ညနေပိုင်းက ကရင်ပြည်နယ် ကျုံဒိုးမြို့သို့ သွားရောက်ပြီး ဓမ္မသုခဘုန်းတော်ကြီးကျောင်းတွင် ရေဘေးတိမ်းရှောင်နေသည့် အိမ်ထောင်စု ၂၀ မှ ပြည်သူ ၁၀၁ ဦးကို တွေ့ဆုံအားပေးကာ ဆန်ရိက္ခာဖိုးငွေ၊ မိသားစု အလိုက်ဆီ၊ ငါးသေတ္တာ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့်မုန့်များ ထောက်ပံ့ခြင်းတို့ဆောင်ရွက်ပြီး (ဝဲပုံ) ဒေသခံတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြဝတီမြို့သို့ သွားရောက်ပြီး မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး မြဝတီခရိုင်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုနှင့် ဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်ခဲ့မှု၊ သဘာဝဘေးအန္တရာယ်များကို အကောင်းဆုံး ရင်ဆိုင်တုံ့ပြန်နိုင်ရေးအတွက် ပြည်သူလူထုအပါအဝင် ဆက်နွယ်ပတ်သက်သူအားလုံးက ဟန်ချက်ညီညီနည်းစနစ်တကျ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုတို့ကို ဆွေးနွေးပြီး ရေကြီးချိန်တွင် အသုံးပြုရန် အရေးပေါ်စက်တပ်လှေ၊ မြစ်ကူးချောင်းကူးပညာသင်ကြားရသည့် ကျောင်းသား ကျောင်းသူများအတွက် အသက်ကယ်အင်္ကျီ၊ ရုတ်တရက် ရေကြီးချိန်တွင် ယာယီခိုလှုံရန်အတွက် လိုအပ်သည့် ရွက်ဖျင်တဲများကို ပံ့ပိုးထောက်ပံ့နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် မြဝတီမြို့တွင် ဖွင့်လှစ်ခဲ့သည့် ရေဘေးရှောင်စခန်း ၁၂ ခုအနက် ရေတင်ကျန်မှုအခြေအနေအရ ဖွင့်လှစ်ထားရသည့် ကျွန်းတောဈေး ရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၂၇ စုမှ လူဦးရေ ၁၄၀ အား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးပြီး စားနပ်ရိက္ခာနှင့် ကလေးများအတွက် မုန့်များထောက်ပံ့ပေးခဲ့ကာ အနိမ့်ပိုင်းချိုင့်ဝှမ်းရှိ ရေထွက်ပေါက်မရှိသည့် နေရာများတွင် ရေစုပ်ထုတ်နိုင်ရေးအတွက် ရေစုပ်စက်များ အကူအညီပေးရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့၌ ယာဉ်အစီးရေများပြားလာခြင်းနှင့် မိုးရွာသွန်းမှုများပြားလာခြင်းတို့ကြောင့် လမ်းသားပိုမိုပျက်စီး

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်မြို့တွင်း သွားလာသော ယာဉ်အစီးရေများပြားလာခြင်း၊ ယာဉ်တစ်စီးချင်း၏ အလေးချိန် တိုးမြင့်လာခြင်းနှင့် မိုးရွာသွန်းမှု များပြားလာခြင်းတို့ကြောင့် ရန်ကုန်မြို့ရှိ အဓိကလမ်းမကြီးများနှင့် လမ်းငယ်များတွင် ကျင်းငယ်ချိုင့်ငယ်များဖြစ်ကာ လမ်းသားပျက်စီးမှု ပိုမိုများပြားလျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ရှိ ယာဉ်သွားလာမှုအများဆုံးနေရာများဖြစ်သော မြို့တွင်းမြို့နယ်များရှိ လမ်းမကြီးများ၊ ကမ္ဘာအေးဘုရားလမ်း၊ ပြည်လမ်းတို့တွင် လမ်းပျက်စီးမှုအများဆုံးဖြစ်ပြီး ကားမှတ်တိုင်များနှင့် မီးပွိုင့်နေရာများတွင် ပျက်စီးမှုပိုမိုများပြားသည်ဟု သိရသည်။

အဆိုပါ လမ်းသားများ ပျက်စီးနေမှုကို တာဝန်ယူပြုပြင်ပေးနေသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ ဦးတင်ထွန်းဦးအား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ရာ "ကျွန်တော်တို့ အဓိကတာဝန်က ပြည်သူလူထုသွားရေးလာရေး အဆင်ပြေအောင်၊ လျင်လျင်မြန်မြန်သွားနိုင်အောင်၊ လမ်းတွေကောင်းနေအောင်၊ တံတားတွေကောင်းနေအောင် ဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် စဉ်ဆက်မပြတ်လုပ်နေပါတယ်။ မိုးတွင်းကာလမှာ ပိုပြီးဂရုစိုက်ရသလို အချို့အစိတ်အပိုင်းတွေက မမျှော်လင့်ဘဲ ပျက်စီးမှုတွေဖြစ်တဲ့အတွက်ကြောင့် နေ့ရောညပါ တောက်လျှောက် လိုက်ကြည့်ပြီး လုပ်ပေးနေပါတယ်" ဟု ပြောသည်။

ထို့ပြင် ယခုနှစ်အတွင်း ကမ်းနားလမ်း၊ ဗဟိုလမ်းများကို ကွန်ကရစ်ခင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ဗဟိုလမ်းပိုင်းတွင် ဗားဂရာနှင့်ရှင်စောပုလမ်းကြားကို လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဗဟိုလမ်း (အင်းစိန်ဘက်အခြမ်း) တွင်လည်း လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သော မဟာဗန္ဓုလလမ်းတွင် ၅၁ လမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းတွင်လည်းကောင်း၊ ၅၄ လမ်းနှင့် ဗိုလ်တထောင်ဈေးလမ်းပိုင်းတွင်လည်းကောင်း၊ ပုဇွန်တောင်အိုးရှင်း အနီးတို့တွင်လည်းကောင်း ကွန်ကရစ်ဖြင့်အစားထိုးပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လှိုင်သာယာမြို့နယ် အတွင်း၌ ရန်ကုန် - ပုသိမ်လမ်း၊ ညောင်တုန်းလမ်း၊ရွှေပြည်သာ တံတားလမ်းတို့ကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ အမှတ်(၄)လမ်း၊ အင်းစိန်နှင့်စမ်းချောင်းမြို့နယ်များသို့ ဖြတ်သန်းဖောက်လုပ်ထားသော ဗဟိုလမ်း၊ အလုံမြို့နယ် ကမ်းနားလမ်း၊ တာမွေမြို့နယ် ဗညားဒလလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ဗိုလ်မှူးဗထူးလမ်း၊ပင်လုံလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ ကျန်စစ်သားလမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ ပဲခူးမြစ်လမ်းတို့တွင်လည်း လမ်းပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့တွင်း မြို့နယ်များအတွင်းရှိ လမ်းတံတားအင်ဂျင်နီယာများ အနေဖြင့် နံနက် ၆ နာရီခန့်မှ စတင်၍ မိမိမြို့နယ်အတွင်းရှိ လမ်းပျက်စီးမှုများ၊ ယာဉ်တိုက်မှုများ၊ မီးပွိုင့်နှင့် အခြားပျက်စီးမှုများကို လိုက်လံစစ်ဆေးပြီး အဆင့်ဆင့်ပြုပြင်ခြင်းများကို နေ့စဉ်ဆောင်ရွက်ရကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလမ်း/တံတား အင်ဂျင်နီယာဌာနမှ သိရှိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

## ကျောင်းသား ကျောင်းသူများအား မူခင်းကျူးဆင်းရေး ပညာပေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အ.ထ.က ဝက္ကမူတွင် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက အေလာနယ်မြေရဲစခန်းမှ မှုခင်းကျူးဆင်းရေး ဟောပြောပွဲ ဆောင်ရွက်ခဲ့သည်။


အဆိုပါ ဟောပြောပွဲတွင် အေလာနယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မြတ်မင်းသူနှင့်အဖွဲ့သည် ယာဉ်စည်းကမ်းလမ်းစည်းကမ်း၊ သက်ငယ်မုဒိမ်းမှုများ၊ မူးယစ်ဆေးဝါးမှုများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၂၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ**

# မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**



အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော် နိုင်ငံတကာရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Aleksei Chepa နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံ လွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်လည်ပတ်မှု မြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၁၈ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က သတ်မှတ်နေရာတွင် ယင်းသစ်ပင်အား စိုက်ပျိုးပေးပြီး ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများမှ သတ်မှတ်နေရာအသီးသီးတွင် မိုးရာသီအထိမ်းအမှတ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုအဖြစ် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယင်းတိုက်၊ သပြေဘူလပင်များ စုစုပေါင်း ၃၅၀ အား ပျော်ရွှင်စွာ စိုက်ပျိုးပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘိုးဘွားရိပ်သာ၊ မိဘမဲ့ကျောင်းနှင့် လူမှုရေးအဖွဲ့များသို့ ထောက်ပံ့ငွေများလှူဒါန်း

**တောင်ငူ ဇူလိုင် ၂၆**

တောင်ငူမြို့နေ ဦးရဲမြင့်-ဒေါ်လှလှရီ (ပွဲရုံလုပ်ငန်း)တို့၏ (၃၀)နှစ်ပြည့် ပုလဲရတုမင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် တောင်ငူမြို့ရှိ ကေတုမတီဘိုးဘွားရိပ်သာ၊ ဇေယျာသီရိမိဘမဲ့အမျိုးသမီးကလေးများကျောင်း၊ ပြဟ္မစိုရ်လူမှုရေးအသင်း၊ မြို့နယ်မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဝန်ထမ်းများ သက်သာရန်ပံ့ပိုးငွေအဖွဲ့တို့သို့ တစ်ဖွဲ့လျှင် ထောက်ပံ့ငွေကျပ်ငါးသိန်းစီဖြင့် ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက ကေတုမတီဘိုးဘွားရိပ်သာမင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလှူရှင်ဦးရဲမြင့် (ပွဲရုံလုပ်ငန်း)က လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ ဘိုးဘွားရိပ်သာအကျိုးဆောင်နာယက ဦးမြင့်ညို (အမေ့အိမ်)နှင့် ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းနာယက ဦးကျော်လှ (သမာဓိ)တို့က မုဒိတာစကားပြောကြားကြသည်။ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာ အသင်းနာယက ဦးကျော်လှ(သမာဓိ)၊ ပရဟိတလူမှုရေးအသင်းအဖွဲ့ခြောက်ခုတို့မှ အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

**ကျော်လှ(တောင်ငူ)**



# သစ်တောများနှင့် ကာဗွန်ထုတ်လွှတ်မှုများအကြောင်း သတင်းဖော်ပြခြင်းဆိုင်ရာ မီဒီယာသင်တန်းဆင်း

**အင်းလေး ဇူလိုင် ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် UN-REDD Programme တို့က ပူးပေါင်းကျင်းပသည့် သစ်တောများနှင့် ကာဗွန်ထုတ်လွှတ်မှုများအကြောင်း သတင်းဖော်ပြခြင်းဆိုင်ရာ မီဒီယာသင်တန်းဆင်းပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင်ဟူပင်ဟိုတယ်၌ ဇူလိုင် ၂၆ ရက် မွန်းလွဲ ၃ နာရီက ကျင်းပခဲ့သည်။




ဇူလိုင် ၁၈ ရက်မှစ၍ ကိုးရက်ကြာ ပို့ချခဲ့သည့် သင်တန်း၏ အကျိုးရလဒ်များမှာ မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်းဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် တစ်ခုဖြစ်သော REDD+ နှင့် ပတ်သက်၍ ပြန်ကြားဆက်သွယ်ခြင်းနှင့် သက်ဆိုင်ရာ သတင်းမီဒီယာတို့တွင် သတင်းရေးသားတင်ပြခြင်းတို့ကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်လာစေပြီး ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သတင်းရေးသားသူတို့၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် REDD+ ဆိုင်ရာ သတင်းအချက်အလက်များအား သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများထံသို့ ဖြန့်ဝေရာတွင် ပိုမိုထိရောက်လာစေရန်အတွက် REDD+ ဆိုင်ရာ သတင်းမီဒီယာအသုံးအနှုန်းများကို မီဒီယာသမားများ အသုံးပြုမှုလွယ်ကူစွာ သုံးနှုန်းနိုင်ခြင်းတို့ဖြစ်သည်။

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြက သင်တန်းဆင်းအမှာစကားပြောကြားပြီး Chief Technical Advisor, UN-REDD Programme Myanmar မှ Mr.Timothy Boyle က သင်တန်းဆင်းပွဲနှင့် ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်ပေးအပ်ပြီး သင်တန်းသားနှစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့နယ်နှင့် ညောင်ရွှေမြို့နယ်များမှ ကျေးရွာများ၊ ဒေသခံအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ၊ ဒေသခံလူနေမှုဘဝများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ၊ အင်းလေးကန်ကြီး၏ လက်ရှိဖြစ်ပေါ်နေသည့် အချက်အလက်များကို သတင်းရယူခဲ့ကြကြောင်း သိရသည်။

**သတင်း-ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇော်ဘီ**

# စက်မှုဝန်ကြီးဌာနမှ အဆင့်မြင့်အရေးပေါ်လူနာတင်ယာဉ်များ ပြည်တွင်း၌ စတင်ဖြန့်ဖြူး

**ရန်ကုန် ဇူလိုင် ၂၆**

စက်မှုဝန်ကြီးဌာနမှ နိုင်ငံတကာစံနှုန်းနှင့်အညီ တပ်ဆင်ထုတ်လုပ်သော အဆင့်မြင့်အရေးပေါ် လူနာတင်ယာဉ်များကို ပြည်တွင်း၌ စတင်ဖြန့်ဖြူးရောင်းချနေပြီဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ပြောသည်။

ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသော စက်မှုဝန်ကြီးဌာနမှ အဆိုပါ အဆင့်မြင့်အရေးပေါ်လူနာတင်ယာဉ် စတင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုနှင့်ပတ်သက်၍ အသိပေးသည့် အခမ်းအနားတွင် ဦးကိုကိုအောင်(ဦးဆောင်ညွှန်ကြားရေးမှူး)က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် အဆိုပါ အဆင့်မြင့်အရေးပေါ်လူနာတင်ယာဉ်များကို နိုင်ငံတကာစံနှုန်းနှင့်အညီ ဂျပန်နိုင်ငံထုတ် တိုယိုတာ ဟိုက်အေ့စ်ကွန်မျူတာကားများကို Commission on Accreditation of Ambulance, Myanmar (CAAM)၏ စံသတ်မှတ်ချက်များနှင့်အညီ တပ်ဆင်ခဲ့ပြီး ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အစီးရေ ၅၅ စီးကို စတင်ရောင်းချခဲ့ပြီးဖြစ်သည်။ ယင်းအစီးရေ ၅၅ စီးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တင်ဒါစည်းမျဉ်းနှင့် ဝယ်ယူခဲ့ရာ စက်မှုဝန်ကြီးဌာနမှ ယခုကဲ့သို့ နိုင်ငံတကာစံနှုန်းနှင့်အညီ တပ်ဆင်ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းအဆင့်မြင့်အရေးပေါ်လူနာတင်ယာဉ်များကို စက်မှုဝန်ကြီးဌာနအောက်ရှိ အမှတ် (၁၅) အကြီးစားစက်ရုံ သာဂရ၌ တပ်ဆင်ကာ ယခုကဲ့သို့ ထုတ်လုပ်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တကယ်တော့ ဒီအဆင့်မြင့် အရေးပေါ်လူနာတင်ယာဉ်တွေကို စက်မှုဝန်ကြီးဌာနက ထုတ်လုပ်တာတော့ မဟုတ်ပါဘူး။ ဂျပန်နိုင်ငံ တိုယိုတာ ဟိုက်အေ့စ်ကွန်မျူတာကားကို Ambulance အဖြစ် ပြောင်းလဲလိုက်တာပါ။ အရင်ကတော့ လူနာတင်ယာဉ်တွေကို ပြည်တွင်းဘော်ဒီရုံတွေမှာ အဆင်ပြေသလို သွားရောက်ပြုပြင်ကြရတယ်။ ဒီယာဉ်တွေကို ဝယ်ယူအသုံးပြုခြင်းဖြင့် အဲဒီပြဿနာတွေ ကင်းသွားမှာဖြစ်တယ်။ International မှာတော့ CAS ဆိုတဲ့ အဖွဲ့အစည်းရှိတယ်။ အဲဒီအဖွဲ့က တာဝန်ယူစစ်ဆေးကြရတာပါ။ ဒီမှာကတော့ အဲဒီလိုအဖွဲ့အစည်းမရှိသေးဘူး။ အခု စက်မှုဝန်ကြီးဌာနက ရောင်းချပေးတဲ့ Ambulance ယာဉ်မှာ Equipment ၄၁ မျိုး ထည့်သွင်းတပ်ဆင်ပေးထားတယ်။ အထူးသဖြင့် နှလုံးနှိုးစက်၊ ချွဲစုပ်စက်စတဲ့ ကျန်းမာရေးပိုင်းဆိုင်ရာ အရေးပေါ်အထောက်အကူပြုမယ့်ပစ္စည်းတွေ အပြည့်အစုံထည့်သွင်းထားပါတယ်။ ထပ်ထည့်မယ်၊ တပ်မယ်ဆိုလည်းရပါသေးတယ်။ အခြေခံကျတဲ့ပစ္စည်းတွေကတော့ အားလုံးထည့်သွင်းတပ်ဆင်ပေးထားပါတယ်"ဟု စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ပြောသည်။



စက်မှုဝန်ကြီးဌာနမှ စတင်ထုတ်လုပ်သော အဆင့်မြင့်အရေးပေါ်လူနာတင်ယာဉ်၏ တန်ဖိုးမှာတစ်စီးလျှင် ငွေကျပ်သိန်း ၇၄၀ ဖြစ်ပြီး ကားအတွင်း ထည့်သွင်းတပ်ဆင်သော ပစ္စည်းများပေါ်မူတည်၍ ဈေးနှုန်းများလည်း အပြောင်းအလဲရှိမည်ဖြစ်သည်။ အရေးပေါ် လူနာတင်ယာဉ်များအနေဖြင့် Basic၊ Transport၊ Standard Grade နှင့် Advance ဟူ၍ လေးမျိုးရှိပြီး ယခုစက်မှုဝန်ကြီးဌာနမှ ရောင်းချပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝယ်ယူသော အဆင့်မြင့်အရေးပေါ်လူနာတင်ယာဉ်မှာStandard Grade ယာဉ်အမျိုးအစားဖြစ်သည်။ ၂၀၁၇ မော်ဒယ်လ် ဂျပန်နိုင်ငံထုတ် တိုယိုတာအမျိုးအစား ဟိုက်အေ့စ်ကွန်မျူတာ၊ ဘယ်မောင်း ဒီဇယ်အင်ဂျင်ဖြစ်ကာ အာမခံအနေဖြင့် တစ်နှစ်ပေးထားသည်။ စက်မှုဝန်ကြီးဌာနအနေဖြင့် မည်သည့်ယာဉ်အမျိုးအစားကိုမဆို Brand New သို့မဟုတ် Used မော်တော်ယာဉ်များအား သုံးစွဲသူအကြိုက် ဈေးနှုန်းပေါ်မူတည်ကာ ဆက်လက်တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ တတိယအကြိမ် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပ

**စစ်တွေ ဇူလိုင် ၂၆**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် ဝါတွင်းကာလ လပြည့်အဖိတ်နေ့နှင့် လကွယ်အဖိတ်နေ့များတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ဝါဦးအဖိတ်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် စစ်တွေမြို့ လောကာနန္ဒာစေတီ လိုဏ်ဂူတော်အတွင်း၌ ကျင်းပခဲ့သည်။

"စစ်တွေမြို့ပေါ်မှာရှိတဲ့ ဆရာတော် သံဃာတော် အရှင်သူမြတ်တွေနဲ့ သီလရှင်တွေကို ဝါတွင်းကာလမှာ ပြည်နယ်အစိုးရအဖွဲ့နဲ့ ဌာနဆိုင်ရာတွေ၊ ပြည်သူတွေစုပေါင်းပြီးတော့ ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပလျက်ရှိပါတယ်။ ဒီလိုဆွမ်းဆန်တော်လောင်းလှူပွဲမှာ ကျွန်တော်တို့ဌာနကလည်း ဝန်ထမ်းတွေစုပေါင်းပြီး ဆွမ်းဆန်တော်တွေ၊ ကော်ဖီထုပ်တွေနဲ့ ခေါက်ဆွဲခြောက်တွေကို အမြဲလှူဒါန်းခဲ့ကြပါတယ်။ အခု ဝါဦးအဖိတ်နေ့မှာတော့ ကော်ဖီထုပ်တွေ လှူဒါန်းခဲ့ပါတယ်။ အခုလို ဝါတွင်းကာလမှာ ဝန်ထမ်းတွေစုပေါင်းပြီးတော့ ကုသိုလ်ဒါနပြုလုပ်ရတဲ့အတွက် အလွန်ဝမ်းသာပီတိ ဖြစ်မိပါတယ်"ဟု ပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးမောင်သန်းလှိုင်က ပြောသည်။

**လာရောက်လှူဒါန်း**

ဆွမ်းဆန်တော်လောင်းလှူပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဇနီးဒေါ်ဝင်းကြည်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စစ်တွေတပ်နယ်မှ အရာရှိကြီးများ၊ နိုင်ငံရေးပါတီများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အလှူရှင်စေတနာရှင်များ တက်ရောက်ကြပြီး ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လာရောက်လှူဒါန်းကြသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲသို့ စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်အသီးသီးမှ ဆရာတော်သံဃာတော် ၂၀၈ ပါးနှင့် သီလရှင် ၁၀ ပါး ကြွရောက်ကြပြီး ဆွမ်းဆန်တော်များ အလှူခံတော်မူကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ပြည်တွင်းပြည်ပ သတင်းမီဒီယာများ တောင်ပြိုလက်ဝဲ ကြိုဆိုလက်ခံရေးစခန်း၌ သတင်းရယူ



**မောင်တော ဇူလိုင် ၂၆**

ပြည်တွင်းပြည်ပ သတင်းမီဒီယာများ ပါဝင်သော သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့ နှစ်နိုင်ငံ နယ်စပ်တံတားသို့ မော်တော်ယာဉ်ဖြင့် သွားရောက်ကာ တာဝန်ရှိသူများအား ဒေသအခြေအနေနှင့် ပတ်သက်၍ မေးမြန်းသတင်းရယူကြသည်။

ယင်းမှတစ်ဆင့် တောင်ပြိုလက်ဝဲ ကြိုဆိုလက်ခံရေးစခန်းသို့ သွားရောက်ကာ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ် အဆင့်ဆင့် စီစဉ်ဆောင်ရွက်ထားမှုကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် ပြန်လည်ဝင်ရောက်လာသူများကို စိစစ်လက်ခံရန် အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ NVC ကတ်ထုတ်ပေးရန် ပြင်ဆင်ထားမှုများ၊ EID (Electronic Identification ) ကတ်ပြုလုပ်ပေးရန် ပြင်ဆင်ထားမှုတို့ကို တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းသတင်းရယူကြသည်။ (ဝဲပုံ)

" ကျွန်တော်တို့အနေနဲ့ တောင်ပြိုလက်ဝဲ ကြိုဆိုလက်ခံရေးစခန်းကို ဇန်နဝါရီလ ၂၃ ရက်နေ့ကတည်းက ဖွင့်လှစ်ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ပြန်လည်ဝင်ရောက်လာသူတွေကို NVC ကတ်ထုတ်ပေးမယ့်အပြင် EID ကတ်ပြုလုပ်နိုင်အောင်လည်း ဆောင်ရွက်ပေးထားပါတယ်။ နေပြည်တော်၊ မန္တလေးနဲ့ ရန်ကုန်မြို့တွေမှာ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်မယ့် EID (Electronic Identification ) ကတ်ကို ပြန်လည်လက်ခံမယ့်သူတွေကို တစ်ပါတည်းထုတ်ပေးနိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုသော်က ရှင်းပြသည်။

သတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲကြိုဆိုလက်ခံရေးစခန်းအတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြန်လည်ဝင်ရောက်လာမည့် သူများအတွက် လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရန် ပြင်ဆင်ထားမှုကိုလည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးခန်းဖွင့်လှစ်ထားမှုကိုလည်းကောင်း ကြည့်ရှုသတင်းရယူကြသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းတွင် နေထိုင်ကြသူများအား သွားရောက်တွေ့ဆုံသတင်းရယူကြပြီး ညနေပိုင်းတွင် စစ်တွေမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **မြင့်မောင်စိုး**

# နိုင်ငံတစ်ဝန်း ဆည်/တမံ ၃၆ ခု ရေပြည့်၍ ရေပိုလွှဲမှ ရေကျော်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

ယခုနှစ်မိုးရာသီတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများ ရှိခဲ့သော်လည်း နိုင်ငံတစ်ဝန်းရှိဆည်/ရေလှောင်တမံများအနေဖြင့် စိုးရိမ်စရာမရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုအခါ နိုင်ငံတစ်ဝန်းရှိ ဆည်/ရေ လှောင်တမံများအနက် ၃၆ ခုမှာ ယနေ့အထိ သတ်မှတ်ကန်ရေမှတ်ပြည့်ခဲ့၍ ရေပိုလွှဲများမှ ရေကျော်လျက်ရှိကြောင်း သိရသည်။ ရေပိုလွှဲမှ ရေကျော်လျက်ရှိသောဆည်/ရေလှောင်တမံများမှာ ကရင်ပြည်နယ်တွင် ရေဘုတ်ရေလှောင်တမံ၊ ချင်းပြည်နယ်တွင် လိုင်ဗားရေလှောင်တမံနှင့် သီကိရ်ရေလှောင်တမံ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင်မဟာနန္ဒကန်၊ မြောက်ယမားရေလှောင်တမံနှင့် ရာဇဂြိုဟ် ရေလှောင်တမံ၊ပဲခူးတိုင်းဒေသကြီး (အရှေ့)တွင် မင်းရဲရေလှောင်တမံနှင့် ငမြွေရေလှောင်တမံ၊ ပဲခူးတိုင်းဒေသကြီး(အနောက်)တွင် တောင်နဝင်းရေထိန်းတမံ၊ ဝဲကြီးရေလှောင်တမံ၊ ခဝါရေလှောင်တမံ၊ တောင်ညိုရေလှောင်တမံ၊ သဲကောရေလှောင်တမံနှင့် ညောင်ကိုင်းရေလှောင်တမံ၊ မကွေးတိုင်းဒေသကြီးတွင် မုန်းချောင်းရေလှောင်တမံ၊ မန်းချောင်းရေလှောင်တမံ၊ မဒေးရေလှောင်တမံနှင့် ကြီးအုံကြီးဝရေလှောင်တမံ၊ မွန်ပြည်နယ်တွင် ဝါးပါးရေလှောင်တမံ၊ ရခိုင်ပြည်နယ်တွင် ပြိုင်းချောင်းရေလှောင်တမံ၊ ကြိုးကြာကွင်းရေလှောင်တမံ၊ ရဟိုင်းကွင်းရေလှောင်တမံ၊ ဇီးဖြူကုန်း ရေလှောင်တမံ၊ ငပလီရေလှောင်တမံ၊ မင်းသားချောင်း ရေလှောင်တမံ၊ ဂရင် ဂျိုင်ရေလှောင်တမံ၊ ကြက်တက်ရေလှောင်တမံ၊ ရှောက်ချောင်းရေလှောင်တမံ၊ တမန်းဒူး ရေလှောင်တမံနှင့် ခမီကြိမ်ချောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဘန့်ဘွေးကုန်းရေလှောင်တမံနှင့် ဇာမဏီအင်းရေလှောင်တမံ၊ရောဝတီတိုင်းဒေသကြီးတွင် ကွန်ချောင်းရေလှောင်တမံ၊ မမြရေလှောင်တမံ၊နန်ကသူရေလှောင်တမံနှင့် ကညင်ရေလှောင်တမံတို့ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**



# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကုတ်တွင် အနိမ့်ပိုင်းရပ်ကွက်များ ရေမြုပ်

**တောင်ကုတ် ဇူလိုင် ၂၆**

သံတွဲခရိုင် တောင်ကုတ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ဇူလိုင်၂၄ရက်နေ့တွင် ၆ ဒသမ ၇၇ လက်မ၊ ၂၅ရက်တွင် ၂ ဒသမ ၂၈ လက်မ နှင့် ၂၆ ရက်တွင် ၂ ဒသမ ၇၂ လက်မရွာသွန်းခဲ့မှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ချောင်းကောက်ရပ်ကွက် ၊ ဂူတာရပ်ကွက် ၊ ကံပိုင်ရပ်ကွက်၊ သိမ်တောင်ရပ်ကွက်တို့တွင် ဇူလိုင်၂၅ ရက် ညနေ ၅နာရီခန့်မှ စတင်ကာ ရေများနစ်မြုပ်ခဲ့ရာ ဇူလိုင်၂၆ရက်အထိ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**၅၈၆ စင်တီမီတာသို့ ရောက်ရှိ**

တောင်ကုတ်ချောင်း၏ စိုးရိမ်ရေအမှတ်မှာ ၅၂၀ စင်တီမီတာရှိပြီး ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ၅၈၆ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် စိုးရိမ်ရေအမှတ်အထက် ၆၆ စင်တီမီတာ ကျော်လွန်လျက်ရှိကြောင်း သံတွဲခရိုင် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**



ဇူလိုင် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး သာသနာ့နုဂ္ဂဟအသင်းမှ တိုင်းဝတ်ရွတ်အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အသင်းရုံးခန်းမ၌ပြုလုပ်ရာ အသင်းဥက္ကဋ္ဌ သုမင်္ဂလဇောတရေ ဒေါက်တာရဲအောင် (လူမှုထူးချွန်) က အဖွင့်အမှာစကားပြောကြားစဉ်။ ကိုကြီးတင်

# ရေဖြူ၌ မိုးရွာသွန်းမှုများကြောင့် ကျေးရွာအချို့ ရေလျှံမှုဖြစ်

**ရေဖြူ ဇူလိုင် ၂၆**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရပ်ကွက်နှင့်ကျေးရွာအချို့တွင် မြစ်ရေကြီးပြီး ရေလျှံမှုဖြစ်ပေါ်လျက်ရှိရာ ဇူလိုင် ၂၆ရက် နံနက် ၆ နာရီက အချို့ရပ်ကွက်တွင် ရေအနက် သုံးပေခွဲခန့်တက်ပြီး ဌာနဆိုင်ရာရုံးအချို့ ပိတ်ထားရသည်။

အဆိုပါ ရေကြီးရေလျှံသည့် ရပ်ကွက်နှင့်ကျေးရွာအချို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်နှင့်အဖွဲ့ဝင်များ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ ရေကြီးရေလျှံမှုကြောင့် သွားရလာရခက်ခဲသောနေရာများတွင် မြို့နယ်မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များက စက်ဘီး၊ ဆိုင်ကယ်တို့ဖြင့် သွားလာသူများနှင့် ကျောင်းသား ကျောင်းသူများကို ကူညီပို့ဆောင်ပေးလျက်ရှိသည်။ ရေကြီးရေလျှံမှုကြောင့် ပုလဲကူ၊ နတ်တွင်း၊ ရင်ကဲကျေးရွာများ ရေပတ်လည်ဝိုင်းပြီး အချို့နေရာများတွင် လှေငယ်များဖြင့်ကူးပို့လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရွှေကျင်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

**ရွှေကျင် ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူး ဦးသိန်းအောင်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက ရွှေကျင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရွှေတောင်ဦး စေတီတော် ငါးထပ်ကြီးဘုရား တန်ဆောင်း၌ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းအောင်က ဘေးအန္တရာယ်ဖြစ်ပွားမှု အခြေအနေနှင့် ထောက်ပံ့ငွေပစ္စည်းများ ပေးအပ်ခြင်းဆိုင်ရာကိစ္စရပ်များ ပြောကြားသည်။

ရွှေကျင်မြို့နယ်တွင် ရေဘေးသင့်ပြည်သူ ၂၉၇၃ ဦးအတွက် တစ်ပတ်စာ ထောက်ပံ့ငွေကျပ် ၆၂၄၃၃၀၀ အား ဝန်ကြီးချုပ်က ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာန အသီးသီးမှ တာဝန်ရှိသူများက ရေဘေးနှင့် လေဘေးသင့်ခဲ့ကြသူများအတွက် ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# မိုးသည်းထန်၍ ရန်ကုန်-စစ်တွေကားလမ်းမကြီး မြေနိမ့်ပိုင်းနေရာများတွင် ရေကျော်နစ်မြုပ်

**အမ်း ဇူလိုင် ၂၆**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ဇူလိုင် ၂၄ ရက်မှ ၂၆ ရက် နံနက်ပိုင်းအထိ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် အမ်းမြို့နယ်အတွင်း ရန်ကုန်-စစ်တွေ ကားလမ်း မြေနိမ့်နေရာများ၌ ရေကျော်နစ်မြုပ်မှု ဆက်လက်ဖြစ်ပွားလျက်ရှိရာ ခရီးသွားယာဉ်များအနေဖြင့် ရေကျချိန်ကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

အမ်းမြောက်အုပ်စု အင်ကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် ၂/၃ မိုင်တွင် ရေအနက် လေးပေ၊ အလျား ပေ ၂၀၀ ခန့်၊ မိုင်တိုင်အမှတ် ၃ တွင် ရေအနက် လေးပေ၊ အလျား ပေ ၁၅၀ ခန့်၊ မဲလက်မောင်းကျေးရွာအုပ်စု မဲလက်မောင်းကျေးရွာနှင့် ကံ့ကော်မြိုင်ကျေးရွာကြား မိုင်တိုင်အမှတ် ၁၇/၂ မိုင်နှင့် ၁၇/၅ မိုင်ကြားရှိ ကားလမ်းပေါ်၌ ရေအနက် ငါးပေခန့်၊ အကျယ် နှစ်ဖာလုံခန့်နှင့် အမ်း-တပ်တောင်ကားလမ်းအပိုင်း ဂါယ်လောင်းကျေးရွာအုပ်စု ဂါယ်လောင်းကျေးရွာအနီး မိုင်တိုင်အမှတ် ၁၀၃/၄ နေရာများတွင် ရေအနက် ငါးပေခန့်၊ အကျယ် ပေ ၃၀၀ ခန့် ကားလမ်းပေါ်သို့ ရေကျော်နစ်မြုပ်မှုများ ဆက်လက် ဖြစ်ပွားလျက်ရှိပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ရပ်တန့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကျော်သည့်နေရာများတွင် ခရီးသွားပြည်သူများ သွားလာရေး အဆင်ပြေစေရန် နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များက ဖိုင်ဘာစက်လှေများဖြင့် လည်းကောင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့မှ ဝါးဖောင်များဖြင့် လည်းကောင်း ပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်ကြီးမြို့နယ်၌ စစ်တောင်းမြစ်ရေလျှံ၍ အရေးပေါ် တာဖို့

**ကျောက်ကြီး ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်းဒေသ တံခွန်တိုင်ကြီးကျေးရွာရှိ စစ်တောင်းမြစ်ရေလျှံမှုကြောင့် ရေတွင်းကုန်းကြီးကျေးရွာရှိ တာမှာ စိတ်ချရသည့် အခြေအနေမရှိသည့်အတွက် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် အရေးပေါ် တာဖို့ခြင်း လုပ်ငန်းဆောင်ရွက်နေကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ စစ်တောင်းမြစ်ဘေးရှိတာသည် နတ်သံကွင်းဒေသမှ ရေတွင်းကုန်းကျေးရွာထိ တစ်မိုင်ခန့်အနီးတွင် ပေ ၃၀၀ ခန့် ရေကျော်လျက်ရှိပြီး တာမကျိုးစေရေးအတွက် ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့များ၊ နယ်မြေခံတပ်ရင်းများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ အရေးပေါ် တာဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ကြခြင်းဖြစ်သည်။



ကျောက်ကြီးမြို့နယ်ရှိ စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၉၃၀ စင်တီမီတာရှိပြီး ယခုအခါ စိုးရိမ်ရေမှတ်ထက် နှစ်ပေခန့် ကျော်လွန်နေပြီဖြစ်ကာ အဆိုပါ တာကျိုးသွားပါက ကျောက်ကြီးမြို့နယ်တစ်ခုလုံး ရေကြီးရေလျှံမှုဖြစ်ပေါ်မည် ဖြစ်ကြောင်း သိရသည်။

**ကိုသားကြီး(ပြန်/ဆက်)**

# တရုတ်နိုင်ငံအတွင်း ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော မြန်မာနိုင်ငံသား ၂၂၅ ဦးအား လွှဲပြောင်း

**မူဆယ် ဇူလိုင် ၂၆**

တရုတ်နိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံရပြီး အကျဉ်းထောင်အသီးသီးတွင် ထိန်းသိမ်းခြင်းခံရသော မြန်မာနိုင်ငံသား ၂၂၅ ဦးအား ပြန်လည်လွှဲပြောင်းလက်ခံခြင်းကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၃ နာရီက မူဆယ်မြို့ လူဝင်မှုကြီးကြပ်ရေးဌာနခွဲနှင့် ရွှေလီနယ်စပ်ကာကွယ်စုံစမ်းရေးဌာနတို့မှ မြန်မာ-တရုတ် နှစ်နိုင်ငံဖြတ်ကျော်ဂိတ်(ရွှေနန်းတော်ဂိတ်)၌ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော မြန်မာနိုင်ငံသားများအား စိစစ်လွှဲပြောင်းအပ်နှံရာတွင် ရွှေလီမြို့လူဝင်မှုကြီးကြပ်ရေးဌာနခွဲ ဒုတိယဌာနခွဲမှူး မစ္စတာရန်တာထောင်းနှင့် အဖွဲ့က လာရောက်လွှဲပြောင်းအပ်နှံရာ မူဆယ်မြို့ လူဝင်မှုကြီးကြပ်ရေးဌာန ရွှေနန်းတော်ဂိတ်ဌာနခွဲမှ ဦးစီးအရာရှိ ဦးရဲအောင်နှင့်အဖွဲ့က ပြန်လည်စိစစ်လက်ခံခဲ့သည်။

လူဝင်မှုကြီးကြပ်ရေး ဌာနခွဲ(၇) ဒုတိယဌာနခွဲမှူး ဦးမြင့်ကြည်က မိမိတို့နိုင်ငံသားများအနေဖြင့် တရုတ်နိုင်ငံသို့ ထပ်မံသွားရောက် အလုပ်လုပ်မည်ဆိုပါက မိမိနိုင်ငံ၏ ဥပဒေများကို လိုက်နာရန်လိုအပ်သကဲ့သို့ တရုတ်နိုင်ငံ၏ ဥပဒေကိုလည်း လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ သတ်မှတ်ထားသော နယ်နိမိတ်ဇရိယာအတွင်း ကျော်လွန်သွားခြင်း မပြုလုပ်ရန် လိုအပ်ကြောင်း ပညာပေးပြောကြားသည်။

ယင်း ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော မြန်မာနိုင်ငံသားများသည် တရုတ်နိုင်ငံ ဂျယ်ဂေါင်၊ ရွှေလီ၊ မန်စီနှင့် အခြားသော မြို့များသို့ ခနစ်ရက်ကတ် စာအုပ်နီ၊ စာအုပ်စိမ်းများဖြင့် နယ်စပ်ဖြတ်ကျော်ဂိတ်များမှတစ်ဆင့် ဖြတ်ကျော်သွားရောက်ကာ အလုပ်အကိုင်ရှာဖွေပြီး လုပ်ကိုင်ကြပါကြောင်း၊ တရုတ်နိုင်ငံသို့ နယ်စပ်ဒေသမှ တိုင်းရင်းသားများအပြင် ပြည်တွင်းမှ တိုင်းရင်းသား မြောက်မြားစွာလည်း ပါဝင်ပြီး ၂၀၁၈ ခုနှစ် ဇွန်လ နောက်ဆုံးပတ်မှ ယနေ့ ဇူလိုင် ၂၆ ရက်အထိ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၁၉၅၅ ဦးခန့် လွှဲပြောင်း လက်ခံခဲ့ပြီးဖြစ်ကြောင်းနှင့် အကျဉ်းထောင်များအတွင်း ကျန်ရှိနေသေးသော မြန်မာနိုင်ငံသားများကိုလည်း အမြန်ဆုံးလွှဲပြောင်းပေးနိုင်ပါရန် နှစ်နိုင်ငံတာဝန်ရှိသူများက ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**
**ဓာတ်ပုံ- ဘညာဏ်(မူဆယ်)**



# ရေနံချောင်းရှိ ရေဘေးရှောင်ပြည်သူများအား အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့

**ရေနံချောင်း ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စု ကံသာကျေးရွာနှင့် မာန်မြေကျေးရွာအုပ်စု မိန်းမလှကျွန်းကျေးရွာတို့မှ ရေဘေးရှောင်ပြည်သူများအား အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့လှူဒါန်းခြင်းကို ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမြင့်က ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စု ကံသာကျေးရွာ ကမ်းပြိုဘေးသင့်အိမ်ထောင်စု ၁၆ စု အတွက် လူတစ်ဦးလျှင် ဆန်ရိက္ခာဖိုး ငွေကျပ် ၂၁၀၀ နှုန်းနှင့် အိမ်ထောင်စုတစ်စုလျှင် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် တစ်သိန်းနှုန်း စုစုပေါင်းငွေကျပ် ၁၇၄၂၈၀၀ ပေးအပ်ခဲ့ပြီး မာန်မြေကျေးရွာအုပ်စု မိန်းမလှကျွန်းကျေးရွာရှိ ရေဝင်နစ်မြုပ်ဘေးသင့် အိမ်ထောင်စု ၃၂ စုမှ လူဦးရေ ၁၃၈ ဦးအတွက် တစ်ဦးလျှင် ဆန်ရိက္ခာဖိုးငွေကျပ် ၂၁၀၀ နှင့် အိမ်ထောင်စုတစ်စုလျှင် ငါးသေတ္တာဘူး သုံးဘူး၊ ရေသန့်ဆေး ၁၀ ထုပ်ကို ထောက်ပံ့လှူဒါန်းရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရေဘေးသင့်ပြည်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိဘများအား လိမ်ညာပြောဆို ထွက်ပြေးလာသည့် မိုင်းဖြတ်မှ မိန်းကလေးသုံးဦးကို မိဘများထံပြန်လည်အပ်နှံ

**တာချီလိတ် ဇူလိုင် ၂၆**

မိဘများအား ကျောင်းသွားမည်ဟု လိမ်ညာပြောဆို ထွက်လာခဲ့သည့် မိုင်းဖြတ်မြို့မှ ကျောင်းသူ မိန်းကလေး သုံးဦးကို တာချီလိတ်မြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)ရုံး၌ ဇူလိုင် ၂၅ ရက် ညနေပိုင်းက မိဘများထံ ပြန်လည်အပ်နှံခဲ့သည်။

ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီခွဲက မိုင်းဖြတ်မြို့နေသူ မနေစိဝိဒ်ပါ အမျိုးသမီးငယ် သုံးဦးတို့သည် မိဘများအား ကျောင်းသွားမည်ဟု လိမ်လည်ပြောဆိုကာ တာချီလိတ်သို့ မော်တော်ယာဉ်ငယ်ဖြင့်လိုက်ပါသွားကြောင်း မိုင်းဖြတ်မြို့လားဟူပါတီမှ ဦးဘာနာလ၊ သတင်းတပ်ဖွဲ့မှ ရဲအုပ်မောင်မြင့်နှင့် အမာခံသတင်းပေးတို့မှ ရဲအုပ် လှဘုန်းအား ဖုန်းဖြင့် ဆက်သွယ်အကူအညီတောင်းခံချက်အရ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းနှင့် နယ်မြေတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များအား အမျိုးသမီးငယ်သုံးဦးတို့၏ အချက်အလက်များပေးပို့ စိစစ်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မယ်ယန်းစစ်ဆေးရေးစခန်း၌ အဆိုပါ အမျိုးသမီးငယ် သုံးဦးအား ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းနေ့ ညနေ ၄ နာရီခန့်တွင် အဆိုပါအမျိုးသမီးငယ် သုံးဦးတို့အား မိုင်းဖြတ်မြို့ရှိ မိဘများနှင့်ချိတ်ဆက်ကာ တာဝန်ရှိသူများရှေ့မိဘများထံ ပြန်လည်အပ်နှံခဲ့ပြီး ကလေးသူငယ်အခွင့်အရေး၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ အရွယ်မရောက်သေးသည့် ကလေးသူငယ်များ အဓမ္မပြုကျင့်ခံရမှုနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည့် အချက်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ဦးကိုနီလုပ်ကြံခံရမှုနှင့်စပ်လျဉ်း၍ တရားလိုဘက်မှ တင်သွင်းထားသည့် ဖုန်းမှတ်တမ်းနှင့် CCTV မှတ်တမ်းများ တိုက်ဆိုင်စစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ် ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုတွင် သေနတ်သမား ကြည်လင်း(ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်း တို့ကို ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ယနေ့ နံနက် ၁၀ နာရီခွဲခန့်က ၆၃ ကြိမ်မြောက် ရုံးထုတ်ရောက်ရှိခဲ့ပြီး အမှု၌ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော် ကို စစ်ဆေးခဲ့ကြောင်း ဒုတိယခရိုင်တရားသူကြီးထံမှ သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေး တာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ စွဲဆိုထားရာက အောင်ဝင်းဇော်ကို တရားလိုဘက် အမှုလိုက်ရှေ့နေများက သက်သေခံတင်သွင်းထားတဲ့ တယ်လီဖုန်းမှတ်တမ်း၊ CCTV မှတ်တမ်းတွေနဲ့ တိုက်ဆိုင်ပြီး နှစ်ဖက်ရှေ့နေများ အပြန်အလှန်စစ်မေးကြတာ ပြုလုပ်ခဲ့ကြပါတယ်။ အောင်ဝင်းဇော် ကို အဓိက အပြန်အလှန်စစ်မေးမယ့် မေးခွန်းတွေ ကျန်ရှိနေသေးတဲ့အတွက် ဩဂုတ် ၂ ရက်နဲ့ ဩဂုတ် ၃ ရက် နှစ်ရက်လုံး စစ်ဆေးသွားမယ်လို့ ချိန်းဆိုထားပါတယ်" ဟု ပြောသည်။

မီဒီယာများမေးမြန်းမှုအား ထပ်မံရှင်းလင်းပြောကြားရာ "ဒီကနေ့ ဇေယျာဖြိုးက ရန်ကုန်တိုင်းတရားလွှတ်တော်က ချမှတ်တဲ့အမိန့် ကျေနပ်မှုမရှိလို့ ပြည်ထောင်စုတရားလွှတ်တော်ကို အယူခံတင်သွင်းဖို့ ကျမ်းသစ္စာကျိန်ဆိုတယ်။ သူက အယူခံပြင်ဆင်မှုတင်သွင်းရမယ့် ကာလစည်းကမ်းချက် ကျော်လွန်သွားတဲ့အတွက် အထူးခုံရုံးက လိုအပ်နေတဲ့ ဥပဒေ၊ နည်းဥပဒေ စည်းကမ်းသတ်မှတ်ချက်နဲ့အညီ ကျမ်းကျိန်လွှာကို ခွင့်ပြုပေးခဲ့တာဖြစ်တယ်" ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မန္တလေး)
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)
နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

● *ကျောဖုံးမှ*

အင်ဒိုနီးရှား၊ ဟောင်ကောင်၊ လာအို၊ တရုတ်(တိုင်ပေ)၊ ပါလက်စတိုင်း အုပ်စု(ခ)တွင် ထိုင်း၊ ဥဇဘက်ကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ကာတာ၊ အုပ်စု (ဂ)တွင် အီရတ်၊ တရုတ်၊ တီမော၊ ဆီးရီးယား၊ အုပ်စု(ဃ)တွင် ဂျပန်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ နီပေါ၊ အုပ်စု (င) တွင် တောင်ကိုရီးယား၊ ကာဂျစ္စတန်၊ မလေးရှား၊ ဘာရိန်း၊ ယူအေအီး၊ အုပ်စု(စ)တွင် မြောက်ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ အီရန်နှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။

ပြိုင်ပွဲကျင်းပရေးကော်မတီသည် အုပ်စုများသာ ထုတ်ပြန်ထားပြီး ပွဲစဉ်များကို လက်ရှိအချိန်ထိ ထုတ်ပြန်ခြင်းမရှိသေးပေ။ ပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ယင်းပြိုင်ပွဲအပါအဝင် လေးနိုင်ငံဖိတ်ခေါ် ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဂျာမန်လူမျိုး အန်တွမ်နီဟေးက ကိုင်တွယ်လျက်ရှိသည်။

**ညီမြတ်သော်တာ**

❄ *ကျောဖုံးမှ*

ခင်မိုးဝေ၊ ၈၂ မိနစ်တွင် ဂျူလိုင်ကျော် တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၁) နောက်ဆုံးနေ့ကို ဇူလိုင် ၂၇ ရက်(**ယနေ့**) တွင် ဆက်လက်ကျင်းပမည် ဖြစ်ပြီး မြဝတီအသင်းနှင့် ဇွဲကပင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# Application စနစ်ကို အသုံးပြုကာ Yangon School Bus စတင်စမ်းသပ်ပြေးဆွဲ

ရန်ကုန် ဇူလိုင် ၂၆

**၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ၌ ကျောင်းကားစနစ်သစ်ကို ကျောင်းနှစ်ကျောင်းတွင် စံပြအနေဖြင့် စတင်ကျင့်သုံးခဲ့ပြီး ယခုအခါတွင် Application စနစ်ကို အသုံးပြုကာ စမ်းသပ်ပြေးဆွဲနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။**

Yangon School Bus (YSB) တာဝန်ခံ ဦးနန်းအောင်က "ဒီနှစ်မှာတော့ Yangon School Bus တွေကို စမ်းသပ်ပြီး ပြေးဆွဲခဲ့ပါတယ်။ ကျောင်းအနေနဲ့ဆိုရင်တော့ TTC ကမာရွတ်နဲ့ TTC ရန်ကင်းကျောင်းတွေကို ပြေးဆွဲပေးနေတာပါ။ မိဘတွေ အနေနဲ့ ကျောင်းကြို၊ ကျောင်းပို့အတွက် စိတ်ချရနိုင်တဲ့ အနေအထားတစ်ခုဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်။ အခုဆိုရင် Application စနစ်ကို စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အခုလိုဆောင်ရွက်ခြင်းအားဖြင့် မိဘတွေအနေနဲ့ သူတို့ရဲ့သားသမီးတွေ ကျောင်းကားပေါ်အတက်၊ အဆင်းပုံရိပ်တွေကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်မှာဖြစ်သလို ကလေးတွေ ဘယ်နေရာကို ရောက်နေပြီလဲ၊ ကျောင်းကား ဘယ်ကိုရောက်နေပြီလဲဆိုတာကိုလည်း ဖုန်းထဲကနေ တစ်ဆင့် သိရှိနိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

Yangon School Bus (YSB) စနစ်ကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ၏ ကြီးကြပ်မှုဖြင့် Royal Golden Hand Co., Ltd. က တာဝန်ယူပြေးဆွဲပေးခြင်းဖြစ်ပြီး ပထမဆုံးအဆင့်(စံပြ)အနေဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း(TTC) ကမာရွတ်နှင့် (TTC) ရန်ကင်း စသည့် ကျောင်းနှစ်ကျောင်းတို့တွင် ဇွန် ၁ ရက် နံနက်ပိုင်းမှ စတင်ကာ ပြေးဆွဲပေးလျက်ရှိပြီး ယခုအခါ Application စနစ်ကို အသုံးပြုကာ စမ်းသပ်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် YRTA ၏ ညွှန်ကြားမှုအရ Asia Starmar Transport Intelligent Co.,Ltd က နည်းပညာပိုင်းနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်သည်။ စမ်းသပ်ပြေးဆွဲမှုကာလအဖြစ် ဇူလိုင် ၂၃ ရက်မှ ၃၁ ရက်အထိ ပြေးဆွဲလျက်ရှိပြီး ဩဂုတ် ၁ ရက်မှ စတင်ကာ တရားဝင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။



Asia Starmar Transport Intelligent Co.,Ltd မှ Chief Information Officer ဦးသန်းထိုက်စိုးက "ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ နည်းပညာပိုင်းနဲ့ ပတ်သက်ပြီး ပံ့ပိုးမှုလုပ်ပေးတာပါ။ Yangon School Bus Software ရဲ့အဓိက လုပ်ဆောင်ချက်ကတော့ Application ဝင်လိုက်တာနဲ့ ကျောင်းသားမိဘတွေအနေနဲ့ သူတို့ရဲ့သားသမီးတွေကို ကားပေါ်တက်တဲ့အချိန်နဲ့ ဆင်းတဲ့အချိန်တွေကို ပုံရိပ်တွေနဲ့တကွ အချိန်နဲ့တစ်ပြေးညီ ဖုန်းထဲကနေ သိရှိနိုင်မှာဖြစ်ပါတယ်။ ကျောင်းသားတွေအနေနဲ့ ယာဉ်အတက်၊ အဆင်း ကတ်ပြားကို ကျောင်းကား အပေါက်ဝမှာရှိတဲ့ စက်နဲ့ကပ်လိုက်တာနဲ့ ယာဉ်ပေါ်မှာပါရှိတဲ့ ကင်မရာကနေတစ်ဆင့် ကျောင်းသားတွေရဲ့ ပုံရိပ်ကို Application ကနေ အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒီ Application ထဲမှာပဲ ကျောင်းကားရောက်နေတဲ့နေရာကို အချိန်နဲ့တစ်ပြေးညီ GPS ကနေတစ်ဆင့် သိရှိနိုင်မှာဖြစ်ပါတယ်။ ကျောင်းကားပေါ်မှာလည်း CCTV တွေ တပ်ထားတဲ့အတွက်ကြောင့် Control Center ကနေလည်း ကြည့်ရှုနိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

TTC ကမာရွတ်မှ ကျောင်းသားမိခင်ဖြစ်သူ ဒေါ်ခင်လေးသန့်က "ကျွန်မရဲ့သားနဲ့သမီး နှစ်ယောက်လုံး School Bus နဲ့ ကျောင်းတက်ကြတာပါ။ တော်တော်အဆင်ပြေပါတယ်။ အချိန်မှန်တယ်။ ကလေးတွေလည်း သက်သောင့်သက်သာရှိတယ်။ အခုဆိုရင် Application စနစ်ကို စမ်းသပ်အသုံးပြုနေပြီဖြစ်တာကြောင့် ကိုယ့်ရဲ့ကလေး ကျောင်းကားပေါ်တက်တဲ့ အချိန်မှာ သူ့ရဲ့ ကတ်ပြားလေးကို စက်မှာထိလိုက်တာနဲ့ ဖုန်းထဲကနေ ပုံရိပ်ကို အချိန်နဲ့တစ်ပြေးညီ တွေ့မြင်ရမှာပါ။ ယာဉ်လမ်းကြောင်းကို ကြည့်လိုက်ရင်လည်း ဘယ်နားရောက်နေပြီဆိုတာကို သိရှိနိုင်မှာဖြစ်တဲ့အတွက် ကျောင်းကြို၊ ကျောင်းပို့အတွက် မိဘတွေအနေနဲ့ အချိန်ကုန်နေရတာမျိုး မရှိတော့ပါဘူး။ ကလေးတွေအတွက်လည်း လုံခြုံစိတ်ချမှုပိုရှိသွားပါတယ်"ဟု ပြောသည်။

ယင်းသို့ပြေးဆွဲသည့် ကျောင်းကားများတွင် ကျောင်းသား ကျောင်းသူများကို ကူညီဆောင်ရွက်ပေးနိုင်ရန် YRTA မှ သင်တန်းပို့ချထားသည့် ကြီးကြပ်သူ (ယာဉ်မယ်)တစ်ဦးစီပါရှိခြင်း၊ အရေးပေါ်ဆေးသေတ္တာများ ပါရှိခြင်းနှင့် မော်တော်ယာဉ်၏ လုံခြုံရေးစနစ်များနှင့် ကျောင်းသား ကျောင်းသူများ အဆင်း၊ အတက်ပြုလုပ်ရာတွင် လွယ်ကူစေသော စနစ်များပါရှိသည့်အပြင် ကျောင်းသားကျောင်းသူများအတွက် လုံခြုံစိတ်ချမှုရှိစေရန်နှင့် ၎င်းတို့၏ လှုပ်ရှားမှုပုံရိပ်များကို ကြည့်ရှုနိုင်ရန် ယာဉ်၏ အတွင်းပိုင်း၌ CCTV ကင်မရာ လေးလုံးစီ တပ်ဆင်ထားကြောင်း သိရသည်။

ယခု ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းကားစနစ်သစ်ကို ပြေးဆွဲရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ် မြို့နယ်များရှိ အဓိကလမ်းမကြီးများနှင့် ယာဉ်ကြောကျပ်တည်းမှု အများဆုံးဖြစ်ပေါ်လေ့ရှိသည့် နေရာများတွင် တည်ရှိသော အခြေခံပညာကျောင်း ၂၂ ကျောင်းတို့ကို ကျောင်းကားစနစ်အသစ်ဖြင့် ပြေးဆွဲသွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပထမအဆင့်အနေဖြင့် TTC ကမာရွတ်နှင့် TTC ရန်ကင်းတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်မရှိဘဲ တရုတ်နိုင်ငံသို့ ပို့ဆောင်သူနှစ်ဦးအား အရေးယူ

**ဝမ်းတွင်း ဇူလိုင် ၂၆**

ဝမ်းတွင်းမြို့နယ်တွင် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်မရှိဘဲ တရုတ်နိုင်ငံသို့ ပို့ဆောင်သူနှစ်ဦးကို ဝမ်းတွင်းမြို့နယ် ပင်းတလဲရဲကင်းစခန်းက ဇူလိုင် ၂၅ ရက်က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဧပြီလခန့်က ဝမ်းတွင်းမြို့နယ် ဆင်သေကွေကျေးရွာနေ မချိုချို(ခ) မချိုမာမြင့်(၂၄)နှစ်မှာ နေအိမ်၌ ရှိနေစဉ် ဝမ်းတွင်းမြို့နယ် နေပူကုန်းအုပ်စု သီးကုန်းကျေးရွာနေ ထွန်းမြင့်(၅၃ နှစ်)ဆိုသူ ရောက်ရှိလာပြီး တရုတ်နိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုပါက အလုပ်မရမီ ရက် ၂၀ အတွက် စားစရိတ်အပါအဝင် ငွေကျပ်ခြောက်သိန်းခန့်ကုန်ကျမည်ဟု ပြောဆိုစည်းရုံးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မချိုချို(ခ)မချိုမာမြင့်က တရုတ်နိုင်ငံတွင် သွားရောက်လုပ်ကိုင်လိုသဖြင့် ၂၀၁၈ ခုနှစ် မေ ၁၈ ရက်တွင် ကိုထွန်းမြင့်နှင့် မမြင့်အေးတို့နှင့်အတူ သီးကုန်းကျေးရွာမှ မူဆယ်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြကာ လူနှစ်ဦးထံ မချိုချို(ခ)မချိုမာမြင့်အား အပ်နှံခဲ့ကြောင်း၊ ထို့နောက် ၎င်းတို့က တရုတ်ပြည်သို့ ခေါ်ဆောင်သွားကာ မချိုချို(ခ)မချိုမာမြင့်အား ကျောပိုးအိတ်လုပ်သည့်စက်ရုံတွင် အလုပ်သွင်းပေးခဲ့ကြောင်း၊ အဆိုပါနေရာတွင် ခြောက်ရက်ခန့် အလုပ်လုပ်ကိုင်ပြီးနောက် တရုတ်ရဲများ၏ ဖမ်းဆီးခံရကာ တရုတ်နိုင်ငံမှ မူဆယ်မြို့ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးရုံးသို့ လွှဲအပ်ခဲ့ပြီး ထိုမှတစ်ဆင့် မချိုချို(ခ)မချိုမာမြင့်အား အုပ်ထိန်းသူမိဘများထံသို့ ဇူလိုင် ၂၄ ရက်က ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်မရှိဘဲ တရုတ်နိုင်ငံသို့ အလုပ်သမားများပို့ဆောင်ပေးသူ ထွန်းမြင့်နှင့် မမြင့်အေးတို့ကို ဝမ်းတွင်းမြို့နယ် ပင်းတလဲရဲကင်းစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ချယ်လ်ဆီးအသင်းသည် အင်္ဂလန်ဂိုးသမားဟောင်း ရောဘတ်ဂရင်းကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် တစ်နှစ် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်အရ သိရသည်။ အသက်(၃၈ နှစ်)အရွယ်ရှိပြီဖြစ်သော အဆိုပါဂိုးသမားကို ဟတ်ဒါဖီးလ်အသင်းက ထွက်ခွာခွင့်ပြုလိုက်ပြီးနောက် ယခုလို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။
- တန်းတက်ဖူလ်ဟမ်အသင်းသည် ဒေ့မွန်တိုက်စစ်ကစားသမား ရှာရယ်ကို အငှားဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်အရ သိရသည်။ အသက် (၂၇ နှစ်)အရွယ် ချယ်လ်ဆီးတိုက်စစ်ကစားသမားဟောင်းသည် ၂၀၁၃ မှ ၂၀၁၅ ခုနှစ်အထိ ချယ်လ်ဆီးအသင်းအတွက် ကစားပေးခဲ့သူဖြစ်ကြောင်းလည်း သိရသည်။
- မန်ယူအသင်းသည် အင်တာနေရှင်နယ်ချန်ပီယံဖလားပွဲစဉ်အဖြစ် အေစီမီလန်အသင်းနှင့် ယမန်နေ့ မနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန်အတွင်း တစ်ဂိုးစီသရေကျနေခဲ့သောကြောင့် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရပြီး မန်ယူအသင်းက အေစီမီလန်အသင်းကို ကိုးဂိုး-ရှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ မန်ယူအသင်းသည် ဇူလိုင် ၂၉ ရက်တွင် အင်တာနေရှင်နယ်ချန်ပီယံဖလားပွဲစဉ်အဖြစ် ပရီမီယာလိဂ်ပြိုင်ဘက် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်းလည်း သိရသည်။
- နယူးကာဆယ်အသင်းသည် ဂျာမန်ကလပ်၏ ဂျပန်တိုက်စစ်ကစားသမား တစ်ဦးဖြစ်သော ယိုရှီနိုရီမူတိုကို ခေါ်ယူရန် မိန့်ဇ်အသင်းနှင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် (၂၆ နှစ်)အရွယ်ရှိ မူတိုသည် ပြီးခဲ့သည့်ရာသီ ဘွန်ဒက်စ်လီဂါကလပ်၌ ရှစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။ ထို့အပြင် နယူးကာဆယ်အသင်းသည် ဒီပို့တီဗိုအသင်းမှ ဆွစ်ဇာလန်နောက်ခံကစားသမား ဖေဘီယန်ရှားကို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီ၏ ဖော်ပြချက်အရ သိရသည်။
- လီဗာပူးအသင်းသည် ဘတ်ရှီးတပ်စ်အသင်းမှ အသက်(၂၉ နှစ်)အရွယ် ခရိုအေးရှား နောက်ခံကစားသမား ဗီဒါကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဆိုသော်ငြား ဘတ်ရှီးတပ်စ်၏ သတ်မှတ်ထားသော ပြောင်းရွှေ့ကြေး ပေါင် ၂၂ သန်းကို ပေးချေရမည်ဖြစ်ကြောင်း တူရကီဘက်ကလာသော သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်း၏ အသက်(၂၆ နှစ်)အရွယ် ဘယ်လ်ဂျီယံဂိုးသမား ကော့တွိုက်စ်ကို ခေါ်ယူရန် သဘောတူညီမှုတစ်ရပ် ရရှိပြီဖြစ်ကြောင်း ဒေးလီးမေးလ်၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းနှင့် ရိုးမားအသင်းတို့သည် လေဗာကူဆင်အသင်းမှ ဂျမေကာ တောင်ပံကစားသမား အသက်(၂၀ နှစ်)အရွယ် လီယွန်ဘိုင်လေကို ခေါ်ယူရန် အပြိုင်ကမ်းလှမ်းရဖွယ်ရှိကြောင်း ယူကေအခြေစိုက်သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၆-** မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၂၇ -၇-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၁၅ - "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ ပဓာနနာယက ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရဘဒ္ဒန္တ အဂ္ဂဓမ္မ ဟောကြားတော်မူအပ်သော ဓမ္မစကြာနှင့် ဝါတွင်းသုံးလ မြတ်သီလ တရားတော်"
- ၉း၁၀ - "ဒေါက်တာ ဘဒ္ဒန္တကုမာရဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဇန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝဂ်ဥပေါသထသီလ ခံယူဆောက်တည်ခြင်း"
- ၁၀း၃၀ - လူမှုစီးပွားမြင်ကွင်းများ
- ၁၂း၃၀ - စုဒ္ဒသမ တိပိဋကဓရ တိပိဋ္ဌ ကကောဝိဒ တိပိဋကကမ္ဘောဇဆရာတော်ဘဒ္ဒန္တ ဝီရိယာနန္ဒဟောကြားသော "ဘဝမြင့်သွားရခြင်း တရားတော်"
- ၁၃း၄၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၁၉)
- ၁၄း၃၅ - "Weekly MNL Review" (Week-13)

**ညပိုင်း**

- ၁၆း၂၀ - "1 On 1 Football skills Challenge Cup" ပြိုင်ပွဲအစီအစဉ်"
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "အရေပြားထူ လေးဖက်နာ ရောဂါအကြောင်း"
- ၁၇း၃၅ - Weekly Sport Info
- ၁၈း၂၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ကာဗွန်ဒိုင်အောက်ဆိုဒ်" နှင့် "ဇာတိမြေ"
- ၁၉း၁၅ - "သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ၏ ဓမ္မစကြာတရားတော်"
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "လှမ်းလာခဲ့ပါသစ်တော နှင့်သဘာဝပတ်ဝန်းကျင် ပြတိုက်တည်ရှိရာ"
- - Britain's Got Talent(6)
- - "တစ်ပါးသီလ-၂"

# ဖားကန့်မြေစာပုံပြိုကျမှုတွင်ပျောက်ဆုံးသည့် ၂၇ ဦးအနက်မှ အလောင်းရှစ်လောင်းတွေ့ရှိ

**ဖားကန့် ဇူလိုင် ၂၆**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မမုံစံပြကျေးရွာ မြောက်ဘက်တစ်မိုင်ခန့်အကွာ ရောရတနာ ကျောက်မျက်ကုမ္ပဏီလုပ်ကွက်ဟောင်းအတွင်း ဇူလိုင် ၂၄ ရက်က ကမ်းပါးယံပြိုကျမှုဖြစ်စဉ်ကြောင့် ရေမဆေးကျောက်ရှာဖွေသူများ၊ ကမ်းပါးယံအနီးတစ်ဝိုက် ကျောက်တူးဖော်နေသူများ အပါအဝင် ပျောက်ဆုံးနေသူ ၂၇ ဦးရှိခဲ့ရာ ယနေ့တွင် အဆိုပါပျောက်ဆုံးနေသူများထဲမှ အလောင်းရှစ်လောင်းတွေ့ရှိကြောင်း သိရသည်။

အဆိုပါတွေ့ရှိသည့် သေဆုံးသူရုပ်အလောင်းများကို အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆိပ်မူကျေးရွာမှ သင်္ဂြိုဟ်လူမှုကူညီရေးအသင်းနှင့် ဖားပြင်ကျေးရွာမှ သုခဒါယီလူမှုကူညီရေးအသင်းအဖွဲ့များက ရေကန်အတွင်းမှ ဆယ်ယူခဲ့သည်။ အဆိုပါ သေဆုံးသူများအနက် အောက်မက်လင်ချောင်ရွာမှ ဦးအဝိဝမ်ဒီးဆာရ်နှင့်ဦးဖလားဒီးရမ်၊ စပေါ့ကျေးရွာမှ ဦးရမိုင်နမ်ရမ်၊ ဖားပြင်ကျေးရွာမှ မျိုးဝင်းထွန်း (ခ) ဘိုတိုး၊ ဦးရမ်မားဖုန်နှင့် မောင်လဂျီ၊ မမုံကျေးရွာမှ ဦးကျော်မင်းနိုင်တို့ကို ၎င်းတို့မိသားစုဝင်များက ယူဆောင်သင်္ဂြိုဟ်ခဲ့ကြပြီး ကျန်တစ်ဦးမှာ မည်သူမည်ဝါမှန်းမသိရသည့် အတွက် သင်္ဂြိုဟ်လူမှုကူညီရေးအသင်းက သင်္ဂြိုဟ်ပေးခဲ့ရကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာနှင့် အနီးအနားကျေးရွာများမှ ပျောက်ဆုံးသူများစာရင်းစိစစ်ခဲ့မှုအရ ရေမဆေးကျောက်ရှာဖွေသူ ၂၇ ဦးအထိ ပျောက်ဆုံးခဲ့သည့်အတွက် ကျန် ၁၉ ဦးကို ဆက်လက်ရှာဖွေလျက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကွတ်ခိုင်မြို့နယ်၌ တောထဲမှိုသွားရှာစဉ် မိုင်းနင်းမိ၍ တစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရ

**ကွတ်ခိုင် ဇူလိုင် ၂၆**

ကွတ်ခိုင်မြို့နယ် ကောင်းလိမ်ကျေးရွာအုပ်စု ကောင်းလိမ်ရွာတွင် ဇူလိုင် ၂၄ ရက်က တောထဲမှိုသွားရှာစဉ် မိုင်းနင်းမိ၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကွတ်ခိုင်မြို့နယ် မန်ကျယ်ကျေးရွာနေ ဒေါ်လရှီးကော့နန် (၄၀ နှစ်)၊ ဦးလဒွဲ(၄၇ နှစ်)နှင့် ဒေါ်ဆိုင်းမိုင် (၂၄ နှစ်) တို့သည် ကွတ်ခိုင်မြို့နယ် အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ ကောင်းလိမ်ကျေးရွာအုပ်စု ကောင်းလိမ်ရွာနှင့် မန်ကျယ်ရွာအကြား ရှိ လောင်လျန်းအောန်တောင်အနီး တောထဲ၌ မှိုသွားရှာရာမှ မိုင်းနင်းမိ၍ ပေါက်ကွဲခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ဒေါ်လရှီးကော့နန်မှာ နေရာတွင်ပွဲချင်းပြီး သေဆုံးသွားကာ ဦးလဒွဲနှင့် ဒေါ်ဆိုင်းမိုင်တို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သည်။ အဆိုပါ ဒဏ်ရာရရှိသူနှစ်ဦးကို ဆေးဝါးကုသမှုခံယူနိုင်ရန် ဇူလိုင် ၂၅ ရက် နံနက် ၃ နာရီက ကွတ်ခိုင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ဒဏ်ရာများဖြင့် ရောက်ရှိလာသူ ဦးလဒွဲနှင့်ဒေါ်ဆိုင်းမိုင်တို့နှစ်ဦးကို ကွတ်ခိုင်ပြည်သူ့ဆေးရုံမှ လားရှိုးပြည်သူ့ဆေးရုံသို့ ဆေးဝါးကုသမှုခံယူရန်အတွက် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်ခန့်က လွှဲပြောင်းခဲ့ကြောင်း သိရသည်။

**ဆိုင်ဖြူ (ပြန်/ဆက်)**

# ရွှေအင်းလုပ်သားသုံးဦးပျောက်ဆုံးမှု တစ်ဦး၏အလောင်းကို တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ရွာ ထက်ရည်လင်း ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီ လုပ်ကွက်အမှတ် (SUG-6) တွင် ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ပျောက်ဆုံးနေသည့် သုံးဦးအနက် တစ်ဦးသေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီ လုပ်ကွက်အမှတ် (SUG-6) တွင် ဇူလိုင် ၂၄ ရက် ည ၁၀ နာရီ မိနစ် ၅၀ က အကျယ် လေးပေပတ်လည်၊ အနက် ၄၅၀ ပေခန့်ရှိ ရွှေအင်းအတွင်း၌ အင်းလုပ်သား နွယ်ရုံကျေးရွာနေ ပိုင်ပိုင်(ခ)မျိုးမင်းပိုင်(၂၅) နှစ်၊ ဦးလှမြင့် (၃၈ နှစ်) နှင့် ဦးမြစိုးဝင်း (၃၀ နှစ်) တို့သည် ရွှေပါဖြုန်းများကို သယ်ထုတ်ရန် အနက်ပေ ၄၀၀ ခန့်၌ အလုပ်လုပ်နေစဉ် အနက်ပေ ၁၀၀ ခန့်မှ ရေလုံးများ ပေါက်ကျလာပြီး ပေ ၂၀၀ ခန့်ထိ ရေဝင်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မိုင်းတွင်းအတွင်း ပိတ်မိသူသုံးဦးကို ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က ပိုင်ပိုင် (ခ) မျိုးမင်းပိုင်၏ အလောင်းကို ဆယ်ယူရရှိခဲ့ပြီး ကျန်နှစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ လက်ပန်လှ ရဲကင်းစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# မြစ်ကြီးနား၊ မံစီ၊ စဉ့်ကူးနှင့် ရွှာငံတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၂၆**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် မွန်းတည့် ၁၂ နာရီက မြစ်ကြီးနားမြို့နယ် ၂၁ မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အောင်မင်းနိုင်မောင်းနှင်ပြီး အောင်ဖြိုးဝေ လိုက်ပါလာသည့် Wingload ယာဉ်ကို စစ်ဆေးရာ ဘိန်းဖြူအလေးချိန် ၃ ဒသမ ၄၀၅၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၈ ပြား၊ ငွေကျပ် ၄၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းလေးလုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ဇန်းမော်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီခွဲခန့်က မံစီမြို့နယ် ဟန်ထက်ကျေးရွာနှင့် မံသာကျေးရွာကြားကားလမ်း၌ ဝင်းဖြိုးသိန်း မောင်းနှင်ပြီး မနှင်းခိုင်ဦး လိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း၊ အလားတူ ညနေ ၅ နာရီက သန်းဦး မောင်းနှင်ပြီး ပြည်သာအောင် လိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၃၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၂၄ ရက် ညနေ ၆ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ ပိတောက်ချပ်ရပ်ကွက်နေ မခင်စန်းဝင်း၏နေအိမ်ကိုရှာဖွေရာ မခင်စန်းဝင်း၊ သောင်းလှ၊ ဝင်းဗိုလ်နှင့် သိန်းသန်းဝင်းတို့ **(အပေါ်ပုံ)** ကို တွေ့ရှိရပြီး ဘိန်းစိမ်း ၂၆ ထုပ် (စုစုပေါင်း ဘိန်းစိမ်း အလေးချိန် ၂၈ ဒသမ ၇၂၆ ကီလို) တို့ကို လည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှာငံမြို့နယ် ကျောက်ကူပြင်ကျေးရွာအနီး ရွှာငံ-ကျောက်ဆည်ကားလမ်း မိုင်တိုင်အမှတ် (၁၉/၁) တွင် မြို့ခိုင် မောင်းနှင်ပြီး လမ်းမောင် လိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းစိမ်း ၁၄ ထုပ်(ဘိန်းစိမ်း အလေးချိန် ၁၉ ဒသမ ၆ ကီလို) သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပင်လည်ဘူး၌ ငွေကျပ်သိန်း ၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**ပင်လည်ဘူး ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့ မိုးကောင်းရပ်ကွက်အတွင်းမှ ငွေကျပ်သိန်း ၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၈၂၅ ဂရမ်ဖမ်းမိခဲ့ကြောင်း ပင်လည်ဘူးမြို့မ ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၆ ရက် နံနက်၁ နာရီ ၄၅မိနစ်ခန့်က ပင်လည်ဘူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းစိန် ကြီးကြပ်၍ မြို့မရဲစခန်းမှူး ဒုရဲမှူးသောင်းဌေး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ပင်လည်ဘူး-ကောလင်းသွားကားလမ်း မိုးကောင်းရပ်ကွက်နေ ဒေါ်ကြည်အေး (ခ) မတွတ်(ခ)အနှောင်း၏ နေအိမ် အတွင်း မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ ရှာဖွေစဉ် ၎င်း၏နေအိမ်တွင် ဒေါ်ကြည်အေး (ခ) မတွတ် (ခ)အနှောင်းကို မတွေ့ရှိရဘဲ သန်းထွန်း၊ ကိုဇင်နှင့်ခိုင်စိုးဦးတို့ကို တွေ့ရှိရသဖြင့် ခြံဝင်းအတွင်း ဆက်လက်ရှာဖွေရာ ဆောက်လုပ်ရေးပစ္စည်းများထားသော စတိုခန်းအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၇၅ ခွက်၊ စုစုပေါင်း ဘိန်းဖြူအလေးချိန် ၈၂၅ ဂရမ် (ကာလတန်ဖိုးငွေကျပ် ၈၂၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဘိန်းဖြူ လက်ဝယ်ထားရှိသူ ဗန်းမောက်မြို့နယ် မူးလဲကျေးရွာနေသူ သန်းထွန်း၊ ဗန်းမောက်မြို့နယ် မံယူးကြီးကျေးရွာနေသူ ကိုဇင်နှင့် အမရပူရမြို့နယ်နေသူ ခိုင်စိုးဦး တို့ကို ပင်လည်ဘူးမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဒေါပုံမြို့နယ်၌ ပုဂ္ဂလိကကျန်းမာရေး ဝန်ဆောင်မှုပြုလုပ်သူကို အရေးယူထား

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခမ်စမ်းလွင်သည် လူမှုကွန်ရက်တွင် ပျံ့နှံ့နေသော တရားမဝင်ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုများပြုလုပ်လျက်ရှိသည့် ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် အမှတ်(၂၆၃)ရှိ ဦးစန်းနွယ် ပိုင်ဆိုင်သည့် Friendy ဆေးခန်းကို ဇူလိုင် ၂၅ ရက် နံနက် ၁၀ နာရီက ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် အဆိုပါ ဆေးခန်း၌ မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်သောက်ဆေးနှင့် ထိုးဆေးများ၊ အခြားဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် အရေးယူပေးရန် တိုင်တန်းချက်အရ ဦးစန်းနွယ်အား ဒေါပုံမြို့မရဲစခန်းက ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၇ ဦးအား ပြည်နှင်ဒဏ်ပေး

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြည်နှင်ဒဏ်ပေးမည့် စစ်တွေအကျဉ်းထောင်မှ လဝကအက် ၁၃(၁)နှင့် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ တို့ဖြင့် ပြစ်ဒဏ်ကျခံနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၇ ဦးအား ပြည်နှင်စေလွှတ်ခဲ့ကြောင်း သိရသည်။

စစ်တွေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှ ဒုလဝကမှူး စိုးအောင်ဇင်ဖြိုး ဦးစီးအဖွဲ့သည် ဇူလိုင် ၂၅ ရက် နံနက် ၇ နာရီက နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြည်နှင်ဒဏ်ပေးမည့် စစ်တွေအကျဉ်းထောင်မှ လဝကအက် ၁၃ (၁)နှင့် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ တို့ဖြင့် ပြစ်ဒဏ်ကျခံနေသည့် တက္ကနာ့ဖ်မြို့နယ် ဆော်ဒလီပိုက်ဆိပ်ရွာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနေသူ ဟာမိတ်(၃၆ နှစ်) အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၇ ဦးကို မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ရန်ကုန်လေဆိပ်သို့ ခေါ်ဆောင်လာခဲ့ကြောင်း၊ ထို့နောက် အဆိုပါ ဟာမိတ် အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား၂၇ ဦးကို ယင်းနေ့ ညနေ ၅ နာရီ ၁၅မိနစ်တွင် ရန်ကုန်လေဆိပ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ် လေကြောင်းလိုင်းဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြည်နှင်တင်ပို့ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# အမေရိကန်-ရုရှား တွေ့ဆုံဆွေးနွေးမှုကို လာမည့်နှစ်သို့ ရွှေ့ဆိုင်း

**ဝါရှင်တန် ဇူလိုင် ၂၆**

ယခုနှစ်ဆောင်းရာသီတွင် အမေရိကန်နှင့် ရုရှားသမ္မတနှစ်ဦးတွေ့ဆုံမှုပြုလုပ်ရန် စီစဉ်မှုအား လာမည့်နှစ်တွင် ပြောင်းလဲကျင်းပပြုလုပ်သွားရန် ရွှေ့ဆိုင်းလိုက်ကြောင်း အမေရိကန်နိုင်ငံသမ္မတ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဂျွန်အာရ်ဘော်လ်တန်က မကြာသေးမီတွင် ပြောကြားလိုက်သည်။

ဒေါ်နယ်ထရန့်နှင့် ရုရှားသမ္မတတို့၏ တွေ့ဆုံဆွေးနွေးမှုအား ရုရှားနိုင်ငံမှ အမေရိကန်နိုင်ငံရွေးကောက်ပွဲ ဝင်ရောက်စွက်ဖက်မှု စုံစမ်းစစ်ဆေးမှု ပြီးစီးချိန်တွင် ပြုလုပ်နိုင်မည်ဟု ယူဆကြောင်း၊ ရုရှားနိုင်ငံအနေဖြင့်လည်း ယခုကဲ့သို့ ပြောင်းလဲကျင်းပပြုလုပ်ရန် သဘောတူညီခဲ့ကြောင်း ဂျွန်အာရ်ဘော်လ်တန်က ပြောခဲ့သည်။

ဒေါ်နယ်ထရန့်က ဂျွန်အာဘော်လ်တန်အား ရုရှားနိုင်ငံသမ္မတ ပူတင်နှင့် ယခုနှစ်ဆောင်းဦးပိုင်းတွင် တွေ့ဆုံရန် ဖိတ်ခေါ်စေခဲ့ကြောင်း အမေရိကန်အိမ်ဖြူတော်က အစောပိုင်း၌ ပြောခဲ့သည်။

အမေရိကန်နိုင်ငံ သမ္မတ ဒေါ်နယ်ထရန့်နှင့် ရုရှားနိုင်ငံသမ္မတ ပူတင်တို့သည် ဇူလိုင် ၁၆ ရက်က ဆွေးနွေးမှုတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါတွေ့ဆုံမှုသည် ဒေါ်နယ်ထရန့် တာဝန်ထမ်းဆောင်ပြီးနောက် ပထမဆုံးအကြိမ် ရုရှားနိုင်ငံသမ္မတနှင့် တရားဝင် တွေ့ဆုံဆွေးနွေးမှုတစ်ခုဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီး ပြုလုပ်သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ထရန့်က ၎င်းအနေဖြင့် ရုရှားနိုင်ငံသည် အမေရိကန်နိုင်ငံ အထွေထွေရွေးကောက်ပွဲအား ဝင်ရောက်စွက်ဖက်နိုင်သည့် အကြောင်းရင်းကို ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း ပြောခဲ့သည်။

အဆိုပါပြောကြားချက်သည် အမေရိကန်နိုင်ငံ နိုင်ငံရေးအသိုင်းအဝိုင်းကို များစွာတုန်လှုပ်စေပြီးနောက်ပိုင်းတွင် ဒေါ်နယ်ထရန့်က မှားယွင်းပြောကြားမိခဲ့ခြင်းသာဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ဆင်ဟွာ




## တောင်ဆူဒန်၌ သဘောထားကွဲပြားနေသော ပါတီများအကြား အာဏာခွဲဝေရေးသဘောတူစာချုပ် ချုပ်ဆို

**ဂျူဘား ဇူလိုင် ၂၆**

တောင်ဆူဒန်၌ အချင်းချင်း မသင့်မမြတ်ဖြစ်နေသောပါတီများအကြား အာဏာခွဲဝေအုပ်ချုပ်ရေးနှင့်သက်ဆိုင်သည့် သဘောတူစာချုပ်ကို ဆူဒန်နိုင်ငံမြို့တော် ခါတွန်၌ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

ဆူဒန်နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဒုတ်ရီ မိုဟာမက် ဖတ်ကြားပြသော အစီရင်ခံစာတွင် တောင်ဆူဒန်၌ အကူးအပြောင်းကာလအတွင်း သမ္မတအဖြစ် ဆယ်ဗာကီးအာက ဆက်လက်တာဝန်ယူသွားမည်ဖြစ်ပြီး အဓိကအတိုက်အခံခေါင်းဆောင် ရိခ်မာချာက ဒုတိယသမ္မတ လေးဦးအနက် ဒုတိယသမ္မတ (၁) ဖြစ်လာမည်ဖြစ်သည်။

သဘောတူညီချက်အသစ်တွင် ကွဲပြားနေသောပါတီများမှ ဒုတိယသမ္မတလေးဦး ခန့်အပ်သွားမည်ဖြစ်သည်။ အကူးအပြောင်းကာလ အစိုးရအဖွဲ့တွင် ဝန်ကြီးနေရာ ၃၅ နေရာ ခန့်အပ်သွားမည်ဖြစ်ပြီး အတိုက်အခံဘက်မှရော အစိုးရဘက်မှပါ ပါဝင်သွားမည်ဖြစ်သည်။

အစိုးရဘက်မှ ဝန်ကြီးနေရာ ၂၀ ရရှိမည်ဖြစ်ပြီး အတိုက်အခံခေါင်းဆောင်မာချာ ဦးဆောင်သည့် ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှုပါတီမှ ဝန်ကြီးနေရာကိုးနေရာရရှိမည်ဖြစ်သည်။ အသစ်ဖွဲ့စည်းမည့် အမျိုးသားဥပဒေပြုအဖွဲ့တွင် အဖွဲ့ဝင်ပေါင်း ၅၅၀ ပါဝင်မည်ဖြစ်ရာ အစိုးရဘက်မှ ၃၃၂ နေရာပါဝင်မည်ဖြစ်သည်။ အတိုက်အခံဘက်မှမူ ၁၂၈ နေရာ ပါရှိမည်ဖြစ်သည်။

ဇွန် ၂၇ ရက်တွင် တောင်ဆူဒန်၌ ပဋိပက္ခဖြစ်ပွားနေသောပါတီများသည် ခါတွန်မြို့တွင် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့ကြသည်။ တောင်ဆူဒန်နိုင်ငံသည် ၂၀၁၃ ဒီဇင်ဘာလတွင် ပြည်တွင်းစစ်ပွဲဖြစ်ပွားခဲ့ပြီး လူပေါင်း တစ်သောင်းခန့် အသက်ဆုံးရှုံးခဲ့ရပြီး လူပေါင်း သန်းနှင့်ချီ၍ ထွက်ပြေးခဲ့ရသည်။

ဆင်ဟွာ

## တိုကျိုတွင် ဆာရင်းအဆိပ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့သူ အစွန်းရောက်များကို သေဒဏ်ချမှတ်

**တိုကျို ဇူလိုင် ၂၆**

တိုကျိုမြေအောက်ဘူတာတွင် ၁၉၉၅ ခုနှစ်က ကြောက်မက်ဖွယ် ဆာရင်းအဆိပ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့သူ အစွန်းရောက်အဖွဲ့ဝင် ခြောက်ဦးကို ကြာသပတေးနေ့တွင် ဂျပန်အစိုးရက ကွပ်မျက်ခဲ့သည်။ အုမ်ရှင်ရီကျို အစွန်းရောက်အဖွဲ့ဝင် ခြောက်ဦးကို ကြာသပတေး မနက်တွင် သေဒဏ်စီရင်ခဲ့ကြောင်း တရားရေးဝန်ကြီး ယိုကိုကာမီကာဝါက ပြောသည်။ သေချာစဉ်းစားဆုံးဖြတ်ပြီးမှ သေဒဏ်ချမှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဂျပန်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ဆာရင်းအဆိပ်ဖြင့် တိုက်ခိုက်မှုမှာ ဂျပန်နိုင်ငံတွင် အဆိုးရွားဆုံးဖြစ်ရပ်တစ်ခုဖြစ်ပြီး လူ ၁၃ ဦးသေဆုံးကာ ထောင်ပေါင်းများစွာ ထိခိုက်ခံစားခဲ့ရသည်။ ယခုအခါ ယင်းပြစ်မှုကျူးလွန်ခဲ့သူ အစွန်းရောက်အဖွဲ့ဝင် ၁၃ ဦးကို သေဒဏ်စီရင်ခဲ့ပြီးဖြစ်သည်။ ဂျပန်နိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံများအနက်မှ သေဒဏ်စနစ်ကျင့်သုံးသည့် နိုင်ငံအနည်းငယ်ထဲမှ တစ်ခုဖြစ်သည်။ အပြည်ပြည်ဆိုင်ရာမှ ဝေဖန်မှုများရှိနေ သော်လည်း ယင်းစနစ်မှာ ဂျပန်နိုင်ငံတွင် ကျင့်သုံးဆဲဖြစ်သည်။

အေအက်ဖ်ပီ




## လာအိုနိုင်ငံ၌ ဆည်ကျိုးမှုကြောင့် ပျောက်ဆုံးသူဦးရေ ၁၃၁ ဦးအထိရှိလာ

**ဗီယင်ကျန်း ဇူလိုင် ၂၆**

ယခုသီတင်းပတ်အတွင်း လာအိုနိုင်ငံတောင်ပိုင်း ရေအားလျှပ်စစ်ထုတ်လုပ်သည့် ဆည်ကျိုးပေါက်မှုဖြစ်ပွားခဲ့ရာ ပျောက်ဆုံးသူဦးရေမှာ ၁၃၁ ဦးထိရှိလာပြီဖြစ်ကြောင်း လာအိုဝန်ကြီးချုပ် ထောင်လွန်ဆစ်ဆူလစ်က ဗုဒ္ဓဟူးနေ့တွင် ပြောခဲ့သည်။ Xepian-Xe Nam Noy ရေအားလျှပ်စစ်ဆည်ကျိုးပေါက်သွားသည့်အတွက် ရွာပေါင်း ခုနစ်ရွာကို ရေလွှမ်းမိုးခဲ့သည်။

လာအိုသတင်းဌာနက လူပေါင်း ၂၆ ဦး သေဆုံးခဲ့သည်ဟု အတည်ပြုထားသော်လည်း လာအိုဝန်ကြီးချုပ်ကမူ သေဆုံးသူအရေအတွက်ကို အတိအကျ ဖော်ပြထားခြင်း မရှိပေ။ နေအိမ်ခေါင်မိုးများ၊ သစ်ပင်များပေါ်တွင် တက်နေကြသော ပြည်သူများကို လုံခြုံစိတ်ချရသောနေရာများသို့ ရွှေ့ပြောင်းပြီးဖြစ်ကြောင်း လာအိုဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အိုးမဲ့အိမ်မဲ့ဖြစ်ရသူ အရေအတွက်မှာ ၃၀၆၀ ထိရှိလာပြီး ပျောက်ဆုံးသူဦးရေမှာမူ ၁၃၁ ဦးထိ ရှိလာသည်။ ရေများမှာ ဆက်လက်စီးဆင်းဆဲဖြစ်ပြီး အခြားသောရွာ ငါးရွာမှ ခြောက်ရွာအထိလည်း ရေလွှမ်းမိုးမှုဒဏ် ခံစားနေရသည်။ အာဏာပိုင်များသည် ထိခိုက်ခံစားရသူများကို အမြန်ဆုံးကယ်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းလည်း ၎င်းက ပြောသည်။

ယခုအခါ ဝန်ကြီးချုပ်သည် အထူးကော်မတီဖွဲ့စည်းပြီး လက်ရှိအခြေအနေကိုကိုင်တွယ်ရန်နှင့် ဆည်ကျိုးရသည့် အကြောင်းရင်းကို ရှာဖွေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ကယ်ဆယ်ရေးတွင် ပါဝင်ခဲ့ကြသော အပြည်ပြည်ဆိုင်ရာမှ ကယ်ဆယ်ရေးသမားများကိုလည်း ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။


ဆင်ဟွာ

# အင်္ဂါဂြိုဟ်ပေါ်တွင် ရေရှိခဲ့သည်ဆိုသည့် သက်သေကို သိပ္ပံပညာရှင်များ တွေ့ရှိ

**ရောမ ဇူလိုင် ၂၆**

အင်္ဂါဂြိုဟ်ပေါ်တွင် အရည်များတွေ့ရှိသည်ဆိုသည့် အထောက်အထားများကို အီတလီသုတေသနအဖွဲ့က မကြာသေးမီက ဖော်ထုတ်ခဲ့သည်။

အဆိုပါ အီတလီရှုပနက္ခတ္တနှင့် အခြားလေ့လာမှုဆိုင်ရာ အမျိုးသားအင်စတီကျုမှ သိပ္ပံပညာရှင်များ၏ တွေ့ရှိချက်ကို အမေရိကန်သိပ္ပံဂျာနယ်တွင် မကြာသေးမီက ဖော်ပြခဲ့ကြသည်။




ဥရောပအာကာသအေဂျင်စီ၏ အင်္ဂါဂြိုဟ်ဖော်ပြချက်အပေါ် ရေဒါတိုင်းတာမှုမှ ယူထားသော လေ့လာခွဲခြမ်းတွေ့ရှိချက်များကို အဆိုပါ သိပ္ပံပညာရှင်အဖွဲ့က ဖော်ပြခဲ့သည်။

အဆိုပါ ခွဲခြမ်းစိတ်ဖြာလေ့လာမှုက အင်္ဂါဂြိုဟ်၏ တောင်ဝင်ရိုးစွန်းဘက် ရေခဲအောက် အနက် တစ်ကီလိုမီတာခွဲခန့်တွင် အရည်များ တည်ရှိနိုင်သည်ဆိုသည့် ဖြစ်နိုင်ခြေကို ဖော်ပြခဲ့ပါသည်။ အဆိုပါ အရည်ဖွဲ့စည်းမှုသည် ကီလိုမီတာ ၂၀ ခန့်အထိ ကျယ်ပြန့်စွာတည်ရှိကြောင်း သိရသည်။

အဆိုပါ တောင်ဘက်ခြမ်းတွင် အပူချိန်သည် အနုတ် ၇၀ ဒီဂရီဆဲစီးရပ်စ်ရှိသည်။ သို့သော်လည်း ပျော်ဝင်ဆားနှင့် ဆက်စပ်နေသည့် ရေခဲထု၏ ဖိအားကြောင့် အဆိုပါရေများကို အေးခဲသွားအောင် လုပ်နိုင်စွမ်းမရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။

ခြေရာခံလမ်းကြောင်းများအတိုင်း လေ့လာကြည့်မည်ဆိုပါက အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် တစ်ချိန်က စမ်းချောင်းကဲ့သို့နေရာများ အများအပြားတွေ့ရှိခဲ့ကြောင်း၊ သို့သော်လည်း ရေများသည် အရည်အခြေအနေအဖြစ် ဆက်လက်တည်ရှိနေနိုင်မလားဆိုသည့် ခက်ခဲသည့် အယူအဆသည် သိပ္ပံပညာရှင်များကြား ယခုအချိန်အထိ မေးခွန်းထုတ်နေရသည့် ကိစ္စဖြစ်နေသေးကြောင်း သိရသည်။

ဖြစ်နိုင်ခြေ များစွာရှိနိုင်သည်ဟု အဆိုပါအဖွဲ့က ပြောကြားခဲ့ပြီးနောက် အင်္ဂါဂြိုဟ်ပေါ်တွင် တစ်ချိန်တစ်ခါက ရေတည်ရှိခဲ့သည်ဆိုသည့် အပြီးသတ်မှတ်ချက်ကို ပေးခဲ့သည်။

အင်န်အိတ်ချ်ကေ

## နိုင်ငံတကာ သတင်းတိုထွာ

### ဆီးရီးယားတောင်ပိုင်း၌ တိုက်ခိုက်မှုများကြောင့် ၇၅ ဦးသေဆုံး

**ဒမတ်စကတ် ဇူလိုင် ၂၆**

ဆီးရီးယားနိုင်ငံတောင်ပိုင်း၌ ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် လူအတော်များများသေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဇူလိုင် ၂၆ ရက်က အစိုးရထိန်းချုပ်ရာ ဆွေဒါမြို့ လူစည်ကားရာဈေးတစ်ခု၌ လူတစ်ဦး ကိုယ့်ကိုယ်ကိုယ် အသေခံဗုံးဖောက်ခွဲခဲ့သည်။ အဆိုပါ အသေခံဗုံးဖောက်ခွဲနေချိန်တွင် ယင်းမြို့၏ ဆင်ခြေဖုံးကျေးရွာများတွင်လည်း အသေခံတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆီးရီးယား ပြည်တွင်းစစ်ကို စောင့်ကြည့်နေသော ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ယခုတိုက်ခိုက်မှုများတွင် သေဆုံးသူ ၇၅ ဦးရှိကြောင်း၊ သေဆုံးသူများထဲတွင် အစိုးရတပ်ဖွဲ့ဝင်များလည်းပါဝင်ကြောင်း ပြောခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများသည် အရပ်သားများကို ရည်ရွယ်ကြောင်း ဆီးရီးယားနိုင်ငံပိုင်မီဒီယာတွင် ဖော်ပြခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများသည် အိုင်အက်စ် အကြမ်းဖက်စစ်သွေးကြွများ၏ လက်ချက်ဖြစ်ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုများတွင် တိုက်ခိုက်မှုကျူးလွန်သူများလည်း သေဆုံးသွားကြောင်း သတင်းများတွင် ဖော်ပြသည်။

အစိုးရတပ်ဖွဲ့များသည် မကြာသေးမီက ဆီးရီးယားနိုင်ငံ တောင်ပိုင်းဒေသအတော်များများကို ထိန်းချုပ်ထားနိုင်ခဲ့ပြီး ကျန်ရှိနေသေးသော အိုင်အက်စ်အကြမ်းဖက်သမားများနှင့် ၎င်းတို့၏ ဘက်တော်သားများကို အပြီးအပိုင် တိုက်ထုတ်နေကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

### တောဝက်အသင်းကို ကူညီရာတွင် ပါဝင်သူများကို သူရဲကောင်းဆုများ ချီးမြှင့်

**ကန်ဘာရာ ဇူလိုင် ၂၆**

ထိုင်းနိုင်ငံ ဂူအတွင်းပိတ်မိနေသော ဘောလုံးသမား ၁၂ ဦးနှင့် ၎င်းတို့၏ နည်းပြတစ်ဦးတို့အား ကယ်ဆယ်ခဲ့သော သြစတြေးလျနိုင်ငံသား ကိုးဦးကို သူရဲကောင်းဆုများ ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

အဆိုပါ သူရဲကောင်းဆုပေးပွဲကို ကန်ဘာရာ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲသို့ အုပ်ချုပ်ရေးမှူး ဗိုလ်ချုပ် ပီတာကော့စ်ဂရိုစ့် တက်ရောက်ခဲ့သည်။

သြစတြေးလျနိုင်ငံ အနောက်ပိုင်း ပါ့သ်မြို့ အခြေစိုက် မေ့ဆေးဆရာဝန် ရစ်ချက်ဟားရစ်နှင့် ၎င်း၏ ရေငုပ်ဖက် ကရေချဲလန်တို့သည် တောဝက်အသင်းသားများကို ကယ်ဆယ်ရာတွင် ထူးထူးချွန်ချွန် ကယ်ဆယ်ခဲ့သည့်အတွက် သြစတြေးလျနိုင်ငံ၏ ရဲစွမ်းသတ္တိဆိုင်ရာ ဒုတိယအမြင့်ဆုံးဆုဖြစ်သော ရဲစွမ်းသတ္တိကြယ်ပွင့်ဆု ချီးမြှင့်ခြင်းခံရသည်။

ထို့အပြင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ခဲ့သည့် သြစတြေးလျရဲတပ်ဖွဲ့ အထူးပြန်ကြားရေးအဖွဲ့ဝင် ခြောက်ဦးကိုလည်း ရဲရင့်ခြင်းဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ရွေးရိုးစွဲ အစွဲအလမ်းတွေကြောင့် မဲပေးခွင့်မရှိတဲ့ ပါကစ္စတန်ကျေးရွာအချို့မှ အမျိုးသမီးများဘဝအကြောင်း တစေ့တစောင်း

တင်လင်းအောင်

**ပါကစ္စတန်နိုင်ငံ မော်ရီပါကျေးရွာမှာ ဗုဒ္ဓဟူးနေ့က ကျင်းပတဲ့ ဆန္ဒမဲပေးပွဲမှာတော့ အမျိုးသားတွေကို ပုန်ကန်ပြီး ဒီမိုကရေစီအခွင့်အရေးကျင့်သုံးကာ ပထမဆုံးအကြိမ်မဲပေးမယ့် ပါကစ္စတန်အမျိုးသမီးတွေအနေနဲ့ မဲပေးခွင့်မရဘူးလို့ သတင်းတွေမှာ ဖော်ပြခဲ့ပါတယ်။ သူတို့ရဲ့မဲပေးခွင့်ကို သူတို့ရဲ့အမျိုးသားတွေက ခြိမ်းခြောက်မှုတွေတောင် ပြုလုပ်တယ်လို့ ဆိုပါတယ်။**



**ခေတ်နောက်ကျတဲ့ အတွေးအခေါ်**

မော်ရီပါကျေးရွာဟာ ပါကစ္စတန်အလယ်ပိုင်း မော်တန်မြို့နဲ့ ၆၀ ကီလိုမီတာ ( ၃၅ မိုင်) ကွာဝေးတဲ့နေရာမှာ ရှိပါတယ်။ အဲဒီရွာမှာ အသက်ကြီးယောက်ျားသားတွေဟာ အမျိုးသမီးတွေကို မဲပေးခွင့်မပြုဘဲ ပိတ်ပင်တားမြစ်ထားပါတယ်။ အဲဒီစနစ်ကို လွန်ခဲ့တဲ့ ၁၉၄၇ ခုနှစ်ကနေ စတင်ခဲ့တာဖြစ်ပါတယ်။ အမျိုးသမီးတွေဟာ အဲဒီအချိန်ကတည်းက အဲဒီစနစ်ကို လိုက်နာကျင့်သုံးခဲ့ရတာဖြစ်ပါတယ်။

ဘယ်ကနေ အမြစ်တွယ်လာမှန်းမသိတဲ့ အမျိုးသမီးတွေ မဲမပေးရစနစ်ဟာ ယနေ့ဒီမိုကရေစီထွန်းကားနေတဲ့ ခေတ်နဲ့ ချိန်ထိုးကြည့်မယ်ဆိုရင်တော့ အတော့်ကို ခေတ်နောက်ကျတဲ့ အတွေးအခေါ် အယူအဆပဲဖြစ်ပြီး လူ့အခွင့်အရေး အပြည့်အဝမရတာလို့ပဲ ရှုမြင်မိပါတယ်။

အခုခေတ်မှာတော့ ပါကစ္စတန်ရွေးကောက်ပွဲဥပဒေ ပြောင်းလဲသွားတာနဲ့အညီ လူပေါင်းမြောက်မြားစွာ ဆန္ဒမဲပေးပိုင်ခွင့် ရရှိကြပြီဖြစ်ပါတယ်။ ပါကစ္စတန်နိုင်ငံလို မိန်းမတွေကို ဦးစားမပေးဘဲ ယောက်ျားကြီးစိုးတဲ့ နိုင်ငံမှာ အခုလို ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အရင်အယူအဆဟောင်းတွေ ပြောင်းလဲလာခဲ့ပြီဖြစ်ကာ အခုကျင်းပတဲ့ ပါကစ္စတန် ရွေးကောက်ပွဲမှာတော့ အမျိုးသမီးတွေကို ဦးတည်ပြီး မဲပေးခွင့်ရရှိရေး ဆောင်ရွက်တာဟာဖြင့် အပြုသဘောဆောင် ကောင်းမွန်တဲ့ ပြောင်းလဲမှုပဲ ဖြစ်ပါတယ်။

**ဆန္ဒမဲပေးခွင့်မရ**

သို့သော်လည်း မော်ရီပါကျေးရွာမှာ ဆန္ဒမဲပေးခွင့်ရှိသူ အမျိုးသမီး ၃၂၀၀ ရှိသော်လည်း တစ်စုံတစ်ယောက်မှ ဆန္ဒမဲမပေးခဲ့ကြောင်း ရွေးကောက်ပွဲကျင်းပရေးအရာရှိတွေက ပြောခဲ့ပါတယ်။

“ကျွန်မတို့ရဲ့ အမျိုးသားတွေက ကျွန်မတို့သာ ဆန္ဒမဲပေးရင် ကျွန်မတို့ကို ကွာရှင်းမယ်လို့ ခြိမ်းခြောက်ပါတယ်” လို့ အသက် ၂၅ နှစ်ရှိ တန်ညာဘီဘီက မဲပေးချင်တဲ့စိတ်ကို ကြိတ်မှိတ်မျိုသိပ်ကာ မဲမပေးဘဲ မဲရုံကို ဖြတ်လျှောက်သွားရင်း ပြောပါတယ်။

အဲဒီရွာမှာတော့ မဲပေးနိုင်တဲ့ အမျိုးသား ၈၀၀၀ လောက်ရှိပြီး သူတို့ဟာ မဲပေးနိုင်ရေး မှတ်ပုံတင်တွေ ကိုင်ထားရင်း တန်းစီစောင့်ဆိုင်းနေကြပါတယ်။ အဲဒီရွာလေးမှာရှိတဲ့ စာသင်ကျောင်းလေးမှာ ပါကစ္စတန်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲအတွက် မဲရုံကို ဖွင့်လှစ်ပေးခဲ့တာ ဖြစ်ပါတယ်။

ပါကစ္စတန်နိုင်ငံမှာ ဇူလိုင် ၂၅ ရက်က အထွေထွေရွေးကောက်ပွဲကို တစ်ရက်ကြာ ကျင်းပခဲ့ပါတယ်။

ပါကစ္စတန်ပြည်သူတွေဟာ မျှော်လင့်ချက်ကိုယ်စီနဲ့ မဲရုံသို့သွားကာ မဲပေးနိုင်ရေး အားကြိုးမာန်တက် ပြုလုပ်ခဲ့ကြပါတယ်။ သူတို့ဟာ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းပြည်တည်ငြိမ်ရေးအတွက် လုပ်ဆောင်ပေးနိုင်မယ့် ခေါင်းဆောင်ကို မျှော်လင့်တကြီး စောင့်မျှော်လျက်ရှိပြီး အခုလို မျှော်တလင့်လင့်နဲ့ မဲရုံကို သူ့ထက်ငါ စောစွာရောက်ရှိနေတာပဲဖြစ်ပါတယ်။

မဲရုံကို မနက် ၈ နာရီမှာ စတင်ဖွင့်လှစ်ပေးခဲ့ပြီး ညနေ ၆ နာရီမှာ ပိတ်ခဲ့ပါတယ်။ အောက်လွှတ်တော်အမတ်နေရာ ၂၇၂ နေရာအတွက် ပါဝင်ယှဉ်ပြိုင်မယ့် အမတ်လောင်း ၃၄၉၅ ဦးရှိတယ်လို့ ပါကစ္စတန် ရွေးကောက်ပွဲကော်မရှင်က ပြောပါတယ်။ ပါကစ္စတန်နိုင်ငံ ခိုင်ဘာ၊ ပန်ဂျပ်၊ ဘလူချီစတန်နဲ့ ဆင်းဒ်ပြည်နယ်တွေမှာတော့ ပြည်နယ်အဆင့်ရွေးကောက်ပွဲအတွက် ၈၃၉၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး သူတို့ထဲက ၅၇၇ဦးရွေးချယ်မှာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲမှာ သူများတွေ အပြိုင်အဆိုင် ဆန္ဒမဲပေးရေး မဲရုံတွေကို စိတ်အားထက်သန်စွာနဲ့ စောစီးစွာ သူ့ထက်ငါ အရင်ရောက်နေပေမယ့် မော်ရီပါကျေးရွာက အမျိုးသမီးတွေကတော့ မျှော်တော်ယောင်ဘဝနဲ့သာ ဆန္ဒကို ချိုးနှိမ်ခဲ့ရပါတယ်။ “ကျွန်တော်တို့လည်း ဆန္ဒမဲပေးဖို့ ဒီနေရာကို ရောက်လာကြတာပါ။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ အမျိုးသမီးတွေကတော့ ဆန္ဒမဲမပေးကြဘူး။ ဘာကြောင့်လဲဆိုတော့ ဟိုးရှေးပဝေသဏီက ထိန်းသိမ်းလာတဲ့ ရှေးထုံးတွေကြောင့်ပဲ” လို့ မိုဟာမက်ရှမ်ဆာက အေအက်ဖ်ပီကို ပြောပါတယ်။

အဆုံးစွန်ပြောရရင် အမျိုးသမီးတွေ မဲပေးခွင့်ရရေး လှုပ်ရှားတက်ကြွစွာနဲ့ ပါဝင်ဆောင်ရွက်နေတဲ့ ရှေ့နေကွက်ဆာ အဲဘတ်စ်တောင် သူ့အမျိုးသမီးကို မဲရုံကို ခေါ်မလာခဲ့ဘူးလို့ သူက ဆက်လက်ရှင်းပြပါတယ်။

“ဒါကြောင့် ကျွန်တော်လည်း ရွာဓလေ့ကို ဖီဆန်ပြီး ဘာမှမလုပ်ရဲဘူး။ ကျွန်တော် တစ်ခုခုများ မှားလုပ်လိုက်ရင် သူတို့က ကျွန်တော်တို့မိသားစုကို သပိတ်မှောက်ကြမှာ” လို့ သူကဆက်လက်ပြောပါတယ်။

မော်ရီပါကျေးရွာရဲ့ ဂုဏ်ဆောင်ဘာသာရေးကျောင်းကနေပြီး မဲရုံကို အမျိုးသမီးတွေ မလာဖို့ အသံချဲ့စက်နဲ့ ကြေညာနေတာ အတိုင်းသားကြားနေရတယ်လို့ ဒေသတွင်း အစိုးရမဟုတ်တဲ့ အဖွဲ့တစ်ဖွဲ့မှာ လုပ်နေတဲ့ ဘစ်စမီလာ အီရမ်က ပြောပါတယ်။

ပါကစ္စတန် ပန်ဂျပ်ပြည်နယ် မော်ရီပါကျေးရွာမှာရှိတဲ့ ရပ်မိရပ်ဖ သက်ကြီးရွယ်အိုတွေက အမျိုးသမီးတွေ မဲပေးခွင့်ကို ဟိုးရှေးအတီတေကပင် တားမြစ်ခဲ့တာဖြစ်ပါတယ်။ အမျိုးသမီးတွေအနေဖြင့် မဲရုံကို လာရောက်တာဟာ သူတို့ကို ဂုဏ်ငယ်စေတယ်၊ အရှိအသေကင်းမဲ့စေတယ်လို့ ရပ်မိရပ်ဖ သက်ကြီးရွယ်အိုတွေက ပြောပါတယ်။

တောင်အာရှ နိုင်ငံတစ်လျှောက် ဂုဏ်ပြုတယ်ဆိုတဲ့ မည်ကာမတ္တစကားလုံးလေးဟာ အမျိုးသမီးတွေကို ဖိနှိပ်ကာ ယောက်ျားတွေကြီးစိုးတဲ့ ဥပဒေကို ကိုယ်စားပြုဖော်ပြတဲ့ စကားလုံးပဲဖြစ်ပါတယ်။ ရှေးထုံးတမ်းအစဉ်အလာတွေကို ဆန့်ကျင်ပြီး သူတို့ကိုယ်တိုင် သူတို့ခင်ပွန်းတွေကို ရှာဖွေတာ၊ အိမ်အပြင် တခြားနေရာတွေမှာ အလုပ်တွေကို စွန့်စားလုပ်ကိုင်တာ စတာတွေကို ဆောင်ရွက်တဲ့ အမျိုးသမီးတွေကို ဖိနှိပ်မှုတွေနဲ့ လူမဆန်စွာပြုမူတာတွေကို ဟိုးအရင်က ပြုလုပ်လေ့ရှိတယ်လို့ သိရပါတယ်။

မော်ရီပါကျေးရွာက အမျိုးသမီးတွေဟာ သူတို့တွေအနေနဲ့ အရင်ရွေးကောက်ပွဲတွေတုန်းက မဲပေးဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် အထမမြောက်ဘဲ ပိတ်ပင်တားဆီးတာ ခံခဲ့ရတယ်လို့ ပြောပါတယ်။

၂၀၁၅ ခုနှစ်က အုံ့သြစရာကောင်းတဲ့ ဖော်ဇီယာတာလစ်ဆိုတဲ့ အမျိုးသမီးဟာ အဲဒီရွာမှာ တစ်ဦးတည်းသော ဆန္ဒမဲပေးတဲ့သူဖြစ်ပြီး နောက်ပိုင်းမှာ သူဟာ ကျေးရွာရဲ့ ဝိုင်းပယ်တာ ခံခဲ့ရပါတယ်။

**ပီတိကိုစား အားရှိပါ၏**

ပါကစ္စတန် ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ်တစ်ခုချင်းစီက အနည်းဆုံး ဆန္ဒမဲပေးသူ ၁၀ ဦးဟာ အမျိုးသမီးတွေ ဖြစ်ရမယ်လို့ ကြေညာလိုက်တဲ့နောက်မှာတော့ အမျိုးသမီးတွေအတွက် မျှော်လင့်ချက်ရောင်ခြည်ဟာ ပြန်လည်ထွန်းလင်းလာပြီလို့ ဆိုရမလိုပါပဲ။ အရင်က ဖိနှိပ်ချုပ်ချယ်မှုတွေ၊ လူ့အခွင့်အရေး အပြည့်အဝမရတာတွေဟာ နေလာနင်းပျောက် အဝေးရောက်သလိုပါပဲ။ တဖြည်းဖြည်းနဲ့ ဝေးကွာသထက် ဝေးကွာလာတော့မှာပဲဖြစ်ပါတယ်။

လူဦးရေတိုးပွားမှု ၂၀၇ သန်းလောက်ရှိတဲ့နိုင်ငံမှာ ဆန္ဒမဲပေးမယ့် လူသစ် သန်း ၂၀ လောက် ထပ်မံစာရင်းကောက်ယူနိုင်ခဲ့ပါတယ်။ အဲဒီထဲမှာမှ အမျိုးသမီး ၉ ဒသမ ၁၃ သန်းလည်း ပါဝင်ပါတယ်လို့ ရွေးကောက်ပွဲကော်မရှင်က ပြောပါတယ်။ မဲရုံတွေပိတ်သွားတဲ့အခါမှာ ဒီလူတွေ တစ်ခါတည်း ဆန္ဒမဲဘယ်လိုပေးမလဲဆိုတာနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မသိရသေးပေမယ့်လည်း အမျိုးသမီး ဆန္ဒမဲပေးသူတွေကိုတော့ အဓိကမြို့ကြီးတွေဖြစ်တဲ့ လာဟိုးနဲ့ ကရာချိတို့မှာတော့ တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် တခြားမြို့ကြီးတွေနဲ့မတူဘဲ မော်ရီပါကျေးရွာကတော့ သူ့တစ်ဘာသာဖြစ်နေပါတယ်။ အမျိုးသမီး ဆန္ဒမဲပေးသူတစ်ဦးတစ်ယောက်ကိုမျှ ယောင်လို့တောင် တွေ့နိုင်မယ်မထင်။ အဲဒီလို အခြေခံလူ့အခွင့်အရေးမရတဲ့ အခြေအနေမှာ အမျိုးသမီးဖြစ်နေရတဲ့အတွက် အံ့သြပြီး စိတ်မကောင်းစရာဖြစ်ရပါတယ်လို့ လက်ထောက်ဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဘီဘီက ပြောပါတယ်။

တခြား မြို့ငယ်လေးတစ်မြို့ဖြစ်တဲ့ ဆန်မာဘတ်က ကလေးသုံးယောက်အမေ အသက် ၄၆ နှစ်ရှိတဲ့ ဘတ်ဆာနီယာက “ကျေးရွာလူကြီးတွေဟာ မဲမပေးဖို့ တားမြစ်တယ်လို့ အသံချဲ့စက်တွေနဲ့ အော်နေပါတယ်။ ဒါပေမယ့် ကျွန်မလည်း မဲပေးချင်တဲ့ဆန္ဒကို မမျိုသိပ်နိုင်တော့ဘဲ မဲပေးခဲ့ပါတယ်။ အခုမှပဲ အခြေခံလူ့အခွင့်အရေးတစ်ခုကို အပြည့်အဝ အသုံးချခွင့်ရတယ်။ အခုလို မဲပေးရလို့ ကျွန်မ အလွန်ပီတိဖြစ်ရပါတယ်” လို့ ပြောပါတယ်။

နောက်မြို့ငယ်လေးတစ်မြို့ဖြစ်တဲ့ ဒိုင်ယာကိုတိုမြို့လေးမှာလည်း ထိုနည်း၎င်း အမျိုးသမီးတွေကို မဲမပေးနိုင်အောင် တားဆီးကြပါတယ်။ “၂၀၁၃ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်တွေမှာ ကျွန်မမဲမပေးဖို့ တားဆီးတာ ခံခဲ့ရပါတယ်” လို့ ပြောလိုက်သူကတော့ အသက် ၂၇ နှစ်အရွယ်ရှိ ဆာဂီဒါဟာလန်းပဲ ဖြစ်ပါတယ်။

“ကျွန်မအမြဲပဲတွေးနေတာက ဘာကြောင့် ယောက်ျားတွေက ငါတို့အတွက် ဆုံးဖြတ်ပေးနေတာလဲ၊ ငါတို့ အမျိုးသမီးတွေရော ဆုံးဖြတ်ပေးလို့မရဘူးလား” လို့ ဆိုပြီး ပြန်လည်ရဲဝံ့စွာ စဉ်းစားမြော်မြင်လိုက်သူကတော့ လူမှုရေးဘာသာရပ်မှာ မဟာဘွဲ့ရသူ ဟာလန်းပဲဖြစ်ပါတယ်။

“ဒီနေ့တော့ ကျွန်မဟာ တကယ့်ကိုပဲ ပါကစ္စတန်နိုင်ငံသူတစ်ယောက်အဖြစ် ရင်ထဲစွဲငြိ ဘဝင်ထိတော့တယ်။ အခု ကျွန်မ မဲပေးနိုင်ခဲ့တဲ့အတွက် ပီတိကိုစား အားရှိခဲ့ရပါပြီ။ ကျွန်မဟာ ကျွန်မရဲ့ အခြေခံလူ့အခွင့်အရေးကို အသက် ၁၈ နှစ်ပြည့်ပြီးကတည်းက ငြင်းပယ်ခံနေရတာ ဒီနေ့အထိပါပဲ” လို့ သူက ပြောပြပါတယ်။

အသည်းကြားက မဲတစ်ပြားပေးပြီး အနာဂတ်ခေါင်းဆောင်ကို ရွေးချယ်တဲ့အခါမှာ အမျိုးသားတွေပဲ အရေးပါတာ မဟုတ်ဘဲ အမျိုးသမီးတွေလည်း အမျိုးသားတွေနဲ့ တန်းတူအရေးပါတာပါပဲ။ အဲဒါကို အတင်းဖိနှိပ်နေမယ်ဆိုရင်တော့ သူတို့ရဲ့ အခြေခံလူ့အခွင့်အရေးကို မထီမဲ့မြင်လုပ်တာနဲ့ အတူတူပါပဲ။ ။

**ကိုးကား- အေအက်ဖ်ပီ**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကိုယ့်တာဝန်ကိုယ်လုပ်ပါ

**ကျော်ဝင်းနီ**

ကျွန်တော်တို့အချင်းချင်းဆုံမိကြတဲ့အခါ သူ့အကြောင်း၊ ကိုယ့်အကြောင်းပြောတာတွေလည်းရှိ၊ လက်ရှိကြုံနေရတဲ့အခြေအနေတွေလည်းပြောကြ၊ နိုင်ငံရေးအကြောင်းလည်းပြောတဲ့အခါပြောသလို တရားဥပဒေစိုးမိုးရေးအကြောင်းတွေကနေ ကိုယ်နဲ့သက်ဆိုင်နေတဲ့ မှုခင်းပိုင်းတွေပါ ပြောဖြစ်ကြတယ်။

ဒီလိုပြောကြတဲ့အခါ ရဲတပ်ဖွဲ့ကတရားစွဲတင်လိုက်တဲ့အမှုက တရားခံတွေ တရားရုံးမှာလွတ်သွားတဲ့ ကိစ္စရပ်တွေ၊ ဒါတွေနဲ့ပတ်သက်ပြီးအချို့က တရားရုံးတွေအပေါ်ဝေဖန်တာတွေ၊ ပြောဆိုတာတွေလည်းတွေ့ရပါတယ်။ တရားစွဲအဖွဲ့အစည်းတွေနဲ့ ဆက်စပ်နေတဲ့အခြားအဖွဲ့အစည်းတွေအပေါ်ဝေဖန်ပြစ်တင်မှုမျိုးတွေလည်းကြုံရပါတယ်။

လူရဲ့အတ္တသဘာဝကြောင့်ဖြစ်မယ်ထင်ပါတယ်။ ကိုယ်ကဖမ်းဆီးစစ်ဆေးပြီး တရားစွဲတင်လိုက်တဲ့အပေါ်မှာ ပြစ်ဒဏ်မကျဘဲလွတ်သွားရင် ကိုယ့်ဘက်ကရှုံးတယ်လို့ ထင်မှာပေါ့။ ဒါ့ကြောင့်လည်း တရားစွဲတင်လိုက်တဲ့ တရားခံအားလုံးကို ပြစ်ဒဏ်ကျခံရမယ်ဆိုတဲ့ အစွဲမျိုးရှိနေတယ်လို့ ဆိုရမှာဖြစ်တယ်။

ဒါပေမယ့် ကျွန်တော်တို့စဉ်းစားရမှာက မိမိတာဝန်က ဘာလဲဆိုတာပါ။ ကျွန်တော်တို့က တရားစွဲအဖွဲ့အစည်းဆိုလျှင် တရားစွဲအဖွဲ့အစည်းကလုပ်ရမယ့် တာဝန်တွေကို ကျေပွန်ဖို့လိုပါတယ်။ စီရင်ဆုံးဖြတ်တာသည် ကိုယ့်အလုပ်မဟုတ်ပါ၊ တရားရုံးရဲ့ တာဝန်သာဖြစ်ပါတယ်။ တရားရုံးကလည်း သူ့တာဝန်သူကျေအောင် လုပ်ပါလိမ့်မယ်။

တရားစွဲတင်လိုက်တဲ့ တရားခံအားလုံး ပြစ်ဒဏ်ကျရမည်ဆိုလျှင် စုံစမ်းစစ်ဆေးမှုတွေမလုပ်တော့ဘဲ စီရင်ချက်ချမှတ်ရုံပဲရှိပါတယ်။

တရားရုံးမှာ ဥပဒေအရ ခုခံချေပခွင့်ဟာ စွပ်စွဲခံရသူ (တရားခံ)ရဲ့အခွင့်အရေးဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ တရားစီရင်ရေးမူများဖြစ်တဲ့ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)မှာ အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး ဆိုပြီး ပြဋ္ဌာန်းပေးထားပါတယ်။

အဲဒီလိုပဲ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ အခန်း (၂) တရားစီရင်ရေးဆိုင်ရာမူများ ပုဒ်မ ၃ (ဂ)မှာလည်း အလားတူပြဋ္ဌာန်းထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည်မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေအကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်လို့ပါရှိပါတယ်။

> **"ကိုယ်ကဖမ်းဆီးစစ်ဆေးပြီး တရားစွဲတင်လိုက်တဲ့ အပေါ်မှာ ပြစ်ဒဏ်မကျဘဲလွတ်သွားရင် ကိုယ့်ဘက်က ရှုံးတယ်လို့ ထင်မှာပေါ့။ ဒါ့ကြောင့်လည်း တရားစွဲ တင်လိုက်တဲ့ တရားခံအားလုံးကို ပြစ်ဒဏ်ကျခံရ မယ်ဆိုတဲ့ အစွဲမျိုးရှိနေတယ်လို့ ဆိုရမှာဖြစ်တယ်"**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၅ မှာလည်း ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းခံရသူတစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိစေရမည်လို့ ပြဋ္ဌာန်းထားပါတယ်။

အခုကျွန်တော်ပြောနေတာတွေက စွပ်စွဲခံရသူ(တရားခံ)ကို အလေးပေးပြီး ပြောနေတာမဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့အခွင့်အရေးတွေဟာ နိုင်ငံသားတိုင်းအတွက် ဖြစ်ပါတယ်။ စွပ်စွဲသူပဲဖြစ်စေ၊ စွပ်စွဲခံရသူပဲဖြစ်စေ ဥပဒေအရာမှာ တစ်ပြေးညီအခွင့်အရေးရှိတယ်ဆိုတာကို ပြောလိုခြင်းပါ။

ဒါဆိုရင် ကျွန်တော်တို့တရားစွဲအဖွဲ့အစည်းက ဘာတွေလုပ်ရမှာလဲ။ ရဲအရေးပိုင်တဲ့ပြစ်မှုတွေမှာ ကျွန်တော်တို့ဟာ နစ်နာသူကိုယ်စား အမှုကိုစစ်ဆေးတည်ဆောက်ပြီး (စုံစမ်းထောက်လှမ်းပြီး) တရားစွဲတင်နိုင်ရေး ဆောင်ရွက်ရပါတယ်။ အဲဒီလိုပဲ နိုင်ငံတော်မှာရှိတဲ့ တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်တဲ့ ရဲအရေးပိုင်တဲ့ပြစ်မှုတွေမှာ နိုင်ငံတော်ကိုယ်စား ရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်ပြီး တရားစွဲတင်ရပါတယ်။

နစ်နာသူ (သို့မဟုတ်) နိုင်ငံတော်ရဲ့ကိုယ်စား အမှုတည်ဆောက်တရားစွဲတင်ရတဲ့ တရားစွဲ အဖွဲ့အစည်းအနေနဲ့ သက်သေခံဥပဒေပုဒ်မ ၁၀၁ ကိုသတိပြုဖို့လိုပါတယ်။ ပြစ်မှုဆိုင်ရာမှုခင်းတွေမှာ တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း သက်သေပြရန် တာဝန်မှာ တရားလိုမှာပဲ ရှိပါတယ်။ အဲဒီလို သက်သေပြရာမှာလည်း ပြစ်မှုကျူးလွန်ကြောင်း သံသယကင်းကင်းရှင်းရှင်းနဲ့ ဆုံးဖြတ်နိုင်သည်အထိ သက်သေပြရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် သံသယအကျိုးကို တရားခံကသာ ခံစားခွင့်ရှိပါတယ်။ သံသယရှိရုံနဲ့အပြစ်ပေးရင် ထင်ကြေးနဲ့အပြစ်ပေးရာရောက်တဲ့အတွက် ဥပဒေအရ မျှတမှု မရှိနိုင်ဘူးလို့ ဆိုပါတယ်။

ဒါကြောင့် တရားစွဲအဖွဲ့အစည်းဖြစ်တဲ့ ကျွန်တော်တို့က မိမိတို့တရားစွဲဆိုလိုက်တဲ့ တရားခံသည် စွဲဆိုသည့်ပြစ်မှုကို ကျူးလွန်ကြောင်းလိုအပ်တဲ့ သက်သေခံချက်တွေကို ကွင်းဆက်မပြတ်တည်ဆောက်ဖို့က မိမိတာဝန်ဖြစ်ပါတယ်။

ခုခံချေပသည့် အခွင့်အရေးက စွပ်စွဲခံရသူ(တရားခံ)၏ အခွင့်အရေးဖြစ်ပါတယ်။ ပေါ်ပေါက်တဲ့သက်သေခံချက်များအရ စီရင်ဆုံးဖြတ်ရမှာက တရားရုံး၏တာဝန်သာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ မိမိဘက်က တရားစွဲအဖွဲ့အစည်းရဲ့တာဝန်ကိုပဲ ကျေပွန်အောင်လုပ်ပါ။ ဥပဒေမှာ လူတိုင်းအတွက် မျှတတဲ့အခွင့်အရေးများ ပေးထားကြောင်း ပြောပါရစေ။ ။

## မဟာသန္တိသုခနှီးဘုရား ရုပ်ပွားတော်ကြီးပထမအကြိမ် ကြာသင်္ကန်းဆက်ကပ်မည်

**မန္တလေး ဇူလိုင် ၂၆**

မဟာသန္တိသုခနှီးဘုရား ရုပ်ပွားတော်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဂ)ရပ်ကွက် ဇော်ဂျီလမ်းနှင့် ၇၁လမ်းထောင့်ရှိ ရတနာပုံကျောင်းတိုက်အတွင်း တည်ထားကိုးကွယ် အပူဇော်ခံလျက်ရှိရာ အဆိုပါဆုတောင်းပြည့်နှီးဘုရားကြီး၏ ပထမအကြိမ်မြောက် ကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဒုတိယအကြိမ်မြောက် ပင့်သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်တွင် အဆိုပါကျောင်းတိုက်၌ ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနှီးဘုရားကြီးကို သဘာဝလက်ရာမပျက် ထိန်းသိမ်းအပူဇော်ခံထားပြီး ခုနစ်နှစ်တာကာလ အချိန်ယူကာ ပညာရှင်ရှာဖွေခြင်း၊ ဝါးနှီးစုဆောင်းခြင်းများပြုလုပ်ခဲ့ရပြီး ပညာရှင်များက သုံးလတာကာလအတွင်း အပြီးတည်ထားခဲ့ရာ ပလ္လင်တော်မှ ရောင်ခြည်တော် အဝိုင်းအထိ ဉာဏ်တော်၂၁ ပေ ရှိပြီး ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၁၂ ရက်က နှီးဘုရားကြီးကို ရက်လုပ်ပူဇော်နိုင်ရေးအတွက် ပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပခဲ့သည်။

ထို့နောက် နှီးပညာရှင်များဖြစ်သည့် ဆရာတော် ဦးဝိမလဗုဒ္ဓိ ဦးဆောင်သော သံဃာတော်ရှစ်ပါးက စတင် ရက်လုပ်ပူဇော်ခဲ့သည်။ အဆိုပါ ကြာသင်္ကန်းကပ်လှူနိုင်ရေးအတွက် ဒါယကာ ဒါယိကာမများလည်း ပါဝင်လှူဒါန်းခွင့်ရရှိကြမည်ဖြစ်ပြီး ဖုန်း- ၀၉၈၉၆၈၁ -၉၁၉၇သို့ ဆက်သွယ်လှူဒါန်းနိုင်မည်ဖြစ်ကြောင်း ဆရာတော်အရှင်ဆန္ဒာဓိက (မန္တလေး)က မိန့်ကြားသည်။

**ဝေဖြိုးအောင်(ပြန်/ဆက်)**

## ရွှေခရုကျရောက်မှု ကာကွယ်နှိမ်နင်းနည်း ကွင်းဆင်းသရုပ်ပြ

**လှည်းကူး ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုဦးစီးမှူး ဦးဇော်လင်းသည် တိုင်းဒေသကြီးနှင့် ခရိုင် SMS တာဝန်ခံများ၊ စိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၊ လှည်းကူးမြို့နယ်ဦးစီးမှူး ဦးကျော်ရွှေနှင့် ဝန်ထမ်းများ၊ ကျွန်းကလေး ကျေးရွာအုပ်စုမှ တောင်သူများသည် ယမန်နေ့က ကျွန်းကလေးကျေးရွာအုပ်စု ကွင်းအမှတ် ၉၈၆- D ရှိ မိုးစပါးစိုက်ခင်းများတွင် ရွှေခရုကျရောက်ဖျက်ဆီးမှုကို တောင်သူများနှင့် ကာကွယ်နှိမ်နင်းနည်းများကို ကွင်းဆင်းဆွေးနွေးသည်။

ယင်းဆွေးနွေးပွဲတွင် ဒုဦးစီးမှူးက ရွှေခရုနှိမ်နင်းရာတွင် လူအားဖြင့် ကောက်ယူဖျက်ဆီးခြင်းဖြင့် ၈၀ ရာခိုင်နှုန်း ဖျက်ဆီးပြီးဖြစ်ကြောင်း၊ နာနတ်သီးခွံ၊ သင်္ဘောရွက်၊ ဖရဲသီးခွံ စသည့် မျှားစာများအသုံးပြုပြီး ကောက်ယူဖျက်ဆီးခြင်း၊ အကောင်ငယ်များကို ခရုသတ်ဆေးအသုံးပြုနှိမ်နင်းခြင်း၊ အရန်မျိုးထားရှိခြင်း စသည်တို့ကို ဆွေးနွေးသည်။ ထို့နောက် တောင်သူများက သိလိုသည်များကို မေးမြန်းရာ တိုင်းဒေသကြီးနှင့် ခရိုင် SMS တာဝန်ခံများက ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ဝန်ထမ်းများနှင့် တောင်သူများက လယ်ကွက်များထဲသို့ ဆင်းကာ ရွှေခရုများကို ကောက်ယူဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်းနှင့် ခြင်အန္တရာယ် အသိပညာပေးဟောပြော

**မန်းဟီးရိုး ဇူလိုင် ၂၆**

မူဆယ်ခရိုင် မန်းဟီးရိုးမြို့တွင် ဂျပန်ဦးနှောက်ရောင် ရောဂါအကြောင်းနှင့် ခြင်အန္တရာယ် အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို လူငယ်ဇရပ်တွင် ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ပြီး ခရိုင်ငှက်ဖျားဌာနနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့က ခြင်ဆေး ဖျန်းခြင်းများ လက်တွေ့ သရုပ်ပြပေးကာ တစ်အိမ်ထောင်လျှင် ဆေးစိမ်ခြင်ထောင်သုံးလုံးစီနှင့် အိမ်ထောင်စု ၇၈ စုအား အခမဲ့ ပေးဝေနိုင်ခဲ့သည်။

ဆက်လက်၍ ဒေါက်တာစိုင်းယီအောင်က ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန် သိကောင်းစရာများကို အသေးစိတ်ရှင်းလင်းခဲ့သည်။ ခြင်မှတစ်ဆင့် ကူးစက်ပြန့်ပွားလာသော ရောဂါပိုးမွှားအကြောင်းများ၊ ခြင်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် ဆောင်ရန် အချက်များနှင့် ခြင်ကိုက်ခြင်းမှ ကာကွယ်နှိမ်နင်းနိုင်ရေးအတွက် သိသင့်သည်များကို မူဆယ်ခရိုင် ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဒေါ်ခေါ်နန်းက ရှင်းလင်းဟောပြောခဲ့သည်။



အဆိုပါ ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## တောင်စောင်းစိုက်ပျိုးနည်းစနစ်ဖြင့် ကုန်းမြင့်ကော်ဖီ (အာရေဗီကာ)စိုက်ပျိုး

**လိပ်သို ဇူလိုင် ၂၆**

ကရင်ပြည်နယ် လိပ်သိုမြို့ ကလေခိုကျေးရွာအုပ်စု သောက်ရေခပ်ကျေးရွာ၌ ဇူလိုင် ၂၄ ရက်က တောင်စောင်းဒေသ စိုက်ပျိုးနည်းစနစ်ဖြင့် ကုန်းမြင့်ကော်ဖီ (အာရေဗီကာ) စိုက်ပျိုးခြင်းနှင့် အသိပညာပေးခြင်းကို စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဌေးနှင့်ဝန်ထမ်းများက တောင်သူ ဦးကျော်တင့်၏ ဥယျာဉ်ခြံတွင် လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ယင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးမှူးက လိပ်သိုမြို့အနေဖြင့် တောင်ပေါ်ဒေသ တောင်ကုန်း၊ တောင်စောင်းပေါ်များသဖြင့် ယခုလို လှေကား ထစ်နည်းဖြင့် စိုက်ပျိုးခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ မြေဆီလွှာဆုံးရှုံးမှု ကာကွယ်နိုင်ကြောင်း၊ အပင်ကြီးထွားစေရန် သဘာဝမြေဩဇာ အချိုးကျထည့်သွင်းသုံးစွဲနည်းနှင့် ရောဂါပိုးကျရောက်ပါက ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်စောင်းတစ်ဧကလျှင် ကော်ဖီပင် ၁၃၆၀ စိုက်ပျိုးနိုင်ကြောင်းနှင့် အပင်ကြီးထွားမှုအားကောင်းစေရန် တန်းကြား ရှစ်ပေ အကျယ်၊ ပင်ကြား လေးပေအကျယ် စိုက်ပျိုးခြင်းဖြင့် တောင်သူများအား လက်တွေ့သရုပ်ပြ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်ငူမြို့ပေါ်လမ်းများကို အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်

**တောင်ငူ ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ကို ခရိုင်အဆင့် မြို့တော်နှင့်အညီ အဆင့် မြှင့်တင်ခြင်းလုပ်ငန်းအနေဖြင့်၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် မီနီဘတ်ဂျက်ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၆၇ သန်းနှင့် ပြည်သူထည့်ဝင် ငွေကျပ် သုံးသန်း စုစုပေါင်း ကျပ်သန်း ၇၀ ဖြင့် တောင်ငူမြို့ကုန်သည်ကြီးလမ်းကို အလျား ပေ ၁၇၃၀၊ အကျယ် ၂၂ ပေနှင့် ဒုရှစ်လက်မရှိ အဆင့်မြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းကို မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ စည်ပင် သာယာရေးကော်မတီနှင့် ပြည်သူများက ပူးပေါင်း၍ဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်မြို့ပေါ်ရှိလမ်းများကိုလည်း ရန်ပုံ ငွေရရှိမှုပေါ်မူတည်၍ အလားတူ ကွန်ကရစ်လမ်းများကို ဆက်လက်ခင်းသွားမည်ဖြစ်ကြောင်း သိရ သည်။

**၀၄၈**

# မင်းဘူး(စကု) ၌ တောင်သူများ ပိုးသတ်ဆေးစနစ်တကျသုံးစွဲရေးဆွေးနွေး

**မင်းဘူး ဇူလိုင် ၂၆**

GAP စိုက်ပျိုးရေးနည်းစနစ်ကောင်းများဖြင့် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် စိုက်ကွင်းအခြေအနေများ လက်တွေ့ရှင်းလင်း သရုပ်ပြသည့် တောင်သူကွင်းသရုပ်ပြပွဲကို ယမန်နေ့က မကွေး တိုင်းဒေသကြီး၊ မင်းဘူး (စကု) မြို့နယ်၌ ကျင်းပရာ အဆိုပါကွင်းသရုပ်ပြပွဲသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) နှင့် MPRL E&P Pte., Ltd တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်မန်းရေနံမြေ ဒေသခံများနှင့်အတူ လက်တွေ့ ကွင်းဆင်းလေ့လာခဲ့ကြသည်။

အဆိုပါ တောင်သူပညာပေးကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် GAP စနစ်ဖြင့် လက်တွေ့ စိုက်ပျိုးထုတ်လုပ်နေမှုများ၊ မြေဆီလွှာ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ စနစ်တကျအသုံးပြုဆောင်ရွက်နေမှုများ၊ မျိုးစေ့ဆိုင်ရာသိမှတ်ဖွယ်ရာများ၊ ဓာတုပိုးသတ်ဆေး၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးသတ်ဆေးစနစ်တကျသုံးစွဲထားရှိမှုများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် စိုက်ပျိုးရေးတောင်သူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။

တောင်သူကွင်းသရုပ်ပြပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး)မှ ဦးစီးမှူး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး ဒုတိယ ဦးစီးမှူး ဦးတိုးမင်း၊ တိုင်းဒေသကြီးမြေအသုံးချရေး တာဝန်ခံ ဒေါ်ခင်မာသန်း၊ ခရိုင်ဦးစီးမှူး ဒေါ်နီလာမော်၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်း၊ မြို့နယ်ဦးစီးမှူး ဦးသိန်းနိုင်ဝင်း၊ မျိုးစေ့ခြံ တာဝန်ခံ ဒေါ်လှလှဝင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်နုနုစိန်၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ဥမ္မာအောင်၊ MPRL E&P ကုမ္ပဏီ၊ CSR နှင့် Communications ဌာနမှတာဝန်ရှိသူများ၊ မန်းရေနံမြေဒေသခံ စိုက်ပျိုးရေးတောင်သူ ၃၄ ဦး အပါအဝင် စုစုပေါင်း ၇၂ ဦး ကွင်းဆင်းလေ့လာခဲ့ကြသည်။

လူမှုတာဝန်သိလုပ်ငန်းများ (CSR)၏ ကဏ္ဍတစ်ရပ်အနေဖြင့် မန်းရေနံမြေ ထိစပ်ကျေးရွာများရှိ ဒေသခံပြည်သူများအတွက် အသိပညာပေးဆွေးနွေးပွဲများ၊ လူမှုစီးပွားဘဝ အထောက်အကူပြုသင်တန်းများနှင့် ဆက်စပ်အစီအစဉ်များကို အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း MPRL E&P Pte., Ltd.မှ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးမြို့မှ ရှေးဟောင်းပန်းပဲဖိုကို နိုင်ငံခြားသားခရီးသည်များ စိတ်ဝင်စားမှုများပြား

**မကွေး ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ရှေးဟောင်းပန်းပဲဖိုများ နည်းပါးလာသဖြင့် ဓားအမျိုးမျိုးပြုလုပ်သည့် ရှေးဟောင်းပန်းပဲဖို နှစ်ဖိုသာကျန်တော့ပြီး အဆိုပါ ပန်းပဲဖိုများကို နိုင်ငံခြားသား ခရီးသည်များက လာရောက်လေ့လာကြလျက်ရှိသည်ဟု သိရသည်။

အဆိုပါ ရှေးဟောင်းပန်းပဲဖို နှစ်ဖိုအတွင်းမှ ယောင်ကြီးဇွေ ပန်းပဲဖိုခေါ် ဦးသောင်းကြည်၏ ပန်းပဲဖိုမှာ နိုင်ငံခြားသားခရီးသည်များ လာရောက်ကြည့်ရှုမှုများပြားကြောင်း သိရသည်။

"ကျွန်တော့် ပန်းပဲဖိုလုပ်သက် အနှစ် ၆၀ ကျော်ပါပြီ။ အသက်ကတော့ ၈၃နှစ်ရှိပါပြီ။ ကျွန်တော်ငယ်ငယ်က ဆင်းရဲပါတယ်။ အဲဒီလိုဆိုတော့ ကိုယ်တတ်တဲ့ ပညာကလည်းမရှိဘူး။ ပညာလေးတစ်ခုတော့ တတ်ထားမှပဲလို့ ဆိုပြီးတော့ ဒီပန်းပဲပညာကို သင်ယူခဲ့ရတာပါ"ဟု ရှေးဟောင်းပန်းပဲဖိုပိုင်ရှင်က ပြောသည်။

နိုင်ငံခြားသားခရီးသည်များသည် အသက် ၈၃ နှစ်ရှိပြီဖြစ်သော ဦးသောင်းကြည်၏ ကိုယ်တိုင်ထုလုပ် ပြသသော ပန်းပဲပြုလုပ်ခြင်းကို သဘောကျလေ့ရှိသည်ဟု သိရသည်။ ဦးသောင်းကြည်သည် ဓားအမျိုးမျိုးနှင့် ပေါက်ချွန်း၊ တံစဉ်တို့ကို ပြုလုပ်ရောင်းချသည်ဟု သိရသည်။ ယခုနှစ်များအတွင်းတွင် စတီးဓားအမျိုးမျိုး ပေါ်ပေါက်လာသဖြင့် ဦးသောင်းကြည် လက်ဖြင့်ပြုလုပ်သည့် ဓားများ၊ ပေါက်ချွန်းများမှာ ဝယ်ယူသူနည်းပါးလာခဲ့သည်။



"အရင်တုန်းကတော့ ဓားတစ်ချောင်းရဖို့ လက်နဲ့ပဲ အစအဆုံးလုပ်ခဲ့ရတာ။ တစ်ခါတလေကျတော့လည်း ဓားလုပ်မယ့်သံထည်ကြီးက အကြီးကြီးတွေပေါ့ဗျာ။ တော်တော်ကို ထုပြီးလုပ်ရတာပေါ့။ ခုခေတ်သံထည်တွေက ဓားလုပ်ရတာလွယ်တာပေါ့။ အနေတော်လေးတွေရှိတာပေါ့။ အရင်ကတော့ တစ်ခါတစ်ခါဆို ဓားဖြစ်အောင်လို့ သံလုံးကြီးတွေလည်း ထုချင် ထုရတာပေါ့ဗျာ"ဟု ရှေးဟောင်းပန်းပဲဖိုပိုင်ရှင် ဦးသောင်းကြည်က ပြောသည်။

ယခုအချိန်တွင် မကွေးမြို့၌ ဓား၊ ပေါက်ချွန်း၊ တံစဉ် စသည့်ပစ္စည်းများ ပြုလုပ်သည့် ရှေးဟောင်းပန်းပဲဖိုများ နည်းပါးလာလျက် ရှိသော်လည်း ဆောက်လုပ်ရေးပိုင်းတွင် အသုံးပြုသည့် သံပင်၊ သံထည်များပြုလုပ်သည့် ပန်းပဲဖိုများ ပိုမိုများပြားလာလျက်ရှိသည်ကို သိရသည်။

"တံစဉ်လို အနုစိတ်ရတဲ့ အလုပ်တွေကျတော့ ခုခေတ်လူငယ်တွေ မလုပ်တတ်ကြတော့ဘူး။ လက်ဆင့်ကမ်းပေးရအောင်လည်း ဘယ်လူငယ်မှ မလိုချင်ကြတော့ဘူး။ ခုခေတ်လွယ်လွယ်ပိုက်ဆံရမယ့် ဆောက်လုပ်ရေးပိုင်းက ပန်းပဲတွေမှာပဲ လုပ်ချင်ကြတော့တယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

နိုင်ငံခြားသား ခရီးသည်များသည် သင်္ဘောဖြင့် မကွေးမြို့သို့ အလည်လာရောက်ကြရာတွင် ဆိုက်ကားအဖွဲ့အစည်းက မကွေးမြို့တွင်း လည်ပတ်ရန်နေရာများကို လိုက်လံပို့ဆောင်ကြရာတွင် ဦးသောင်းကြည်၏ ရှေးဟောင်းပန်းပဲဖိုကို လိုက်လံပို့ဆောင်ကြလေ့ ရှိသည်ဟု သိရသည်။

"နိုင်ငံခြားသား ဧည့်သည်တွေလာပြီဆိုရင် ဒီ ရှေးဟောင်းပန်းပဲဖိုနဲ့ မြသလွန်ဘုရားကြီးကို လိုက်ပို့ပေးရတယ်။ သူတို့က ဒီပန်းပဲဖိုကို ဘာသဘောကျတာလဲတော့ မသိဘူး။ သူတို့ဆီမှာ မမြင်ဖူးဘူးလို့ပြောတယ်"ဟု ဆိုက်ကားဆရာ ဦးဌေးဝင်းက ပြောသည်။

**အိမွန်ဆွေ**
**(ရေစကြို)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၆-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၃၀ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၄၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၇၅/၉၀၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၅၀ ကျပ် | ၉၉၅/၁၀၀၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၂၇ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၇၅ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၅၀ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၅ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၇ · ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၄ · ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ · ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၇၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ · ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၂ · ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ · ၀၂၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm







# ပရီမီယာလိဂ်မှာ စောင့်ကြည့်ရတော့မယ့်ဝုဖ်

✹ ဝေမိုးဆက် ✹

၂၀၁၈-၁၉ ပရီမီယာလိဂ်ပြိုင်ပွဲကြီးကို လာမယ့်ဩဂုတ်လ ၁၀ ရက်နေ့မှာ စတင် ကျင်းပတော့မှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇-၁၈ ဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲမှာတော့ ဆွမ်ဆီး၊ စတုတ်၊ ဝက်စ်ဘရွန်းတို့ဟာ ပရီမီယာလိဂ်မှာ ဆက်လက်ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့တာကြောင့် လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲကို ဆင်းသက်သွားခဲ့ရပါတယ်။ ဒါကြောင့်လည်း အဆိုပါအသင်းတွေရဲ့နေရာသုံးနေရာကို ပြီးခဲ့တဲ့ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲမှာ ချန်ပီယံအဖြစ်ရပ်တည်နိုင်ခဲ့တဲ့ ဝုဖ်ဗာဟမ်တန်၊ ဒုတိယနေရာမှာရပ်တည်နိုင်ခဲ့တဲ့ ကာဒစ်ဖ်၊ တန်းတက်ခွင့်အတွက် အဆုံးအဖြတ်ပွဲစဉ်မှာအနိုင်ရဗိုလ်စွဲနိုင်ခဲ့တဲ့ ဖူလ်ဟမ်တို့က ဒီရာသီပရီမီယာလိဂ်ပြိုင်ပွဲကြီးအတွင်း တက်ရောက်ကစားခွင့်ရရှိသွားခဲ့ပါတယ်။ ဒါကြောင့်လည်း တန်းတက်ခွင့်ရလာတဲ့ အဆိုပါအသင်းတွေအနက်က ဝုဖ်ဗာဟမ်တန်အကြောင်းကို ပရိသတ်တွေလေ့လာနိုင်ဖို့ တင်ပြပေးလိုက်ရပါတယ်။

### အစဉ်အလာနဲ့မှတ်တမ်း

ပြီးခဲ့တဲ့ရာသီ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲမှာ ချန်ပီယံဆုရယူနိုင်ခဲ့ပြီး တန်းတက်ခွင့် ရရှိခဲ့တဲ့ ဝုဖ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲနဲ့ အစိမ်းသက်သက် မဟုတ်သလို အောင်မြင်မှု အစဉ်အလာမှေးမှိန်တဲ့အသင်းလည်း မဟုတ်ပါဘူး။ ကလပ်သက်တမ်း ၁၄၁ နှစ်အတွင်းမှာ ပထမတန်း (ယခုပရီမီယာလိဂ်) ချန်ပီယံဆုဖလားကို တစ်ကြိမ် ရယူနိုင်ခဲ့သလို အက်ဖ်အေဖလားကို လေးကြိမ်၊လိဂ်ဖလားကို နှစ်ကြိမ်နဲ့ ကွန်မြူနတီဒိုင်းကို လေးကြိမ်ရယူနိုင်ခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ ဒါပေမယ့် ဝုဖ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲရယ်လို့ အသွင်ပြောင်းခဲ့တဲ့အချိန်မှာတော့ အောင်မြင်မှုတွေနည်းပါးခဲ့ပြီး ပရီမီယာလိဂ်မှာ အရင်က လေးရာသီသာ ကျင်လည်ခဲ့ဖူးသလို နှစ်စဉ်တန်းမဆင်းရဖို့အတွက်သာ ရုန်းကန်ခဲ့ရပြီးအဆင့် ၁၅ မှာသာ အမြင့်ဆုံး ရပ်တည်နိုင်ခဲ့တဲ့ အသင်းလည်း ဖြစ်ပါတယ်။

### ယမန်နှစ်စွမ်းဆောင်ရည်နဲ့ စုဖွဲ့မှု

ဒါကြောင့်လည်း ဒီတစ်ကြိမ် တန်းပြန်တက်လာတဲ့ဝုဖ်အနေနဲ့ ပရီမီယာလိဂ်မှာ ကာလရှည်ရပ်တည်နိုင်စွမ်းရှိပါ့မလားဆိုတာလည်း စိတ်ဝင်စားဖွယ် ကောင်းလာပါတယ်။ အထူးသဖြင့် မနှစ်ကရာသီမှာတော့ ဝုဖ်ဟာတည်ငြိမ်တဲ့ ခြေစွမ်းကို ပြသနိုင်ခဲ့တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ပွဲစဉ် ၁၂ ကစလို့ အဆင့် ၁ နေရာကို ရယူနိုင်ခဲ့ကာ ရာသီဆုံးချိန်အထိ အဆိုပါနေရာကနေပွဲစဉ် တစ်ခုသာ ဆင်းပေးခဲ့ရတဲ့အထိ ခြေငြိမ်ခဲ့တာလည်း ဖြစ်ပါတယ်။ တိုက်စစ်ပိုင်းကလည်း လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ဂိုးသွင်းအများဆုံးအဖြစ် ရပ်တည်နိုင်ခဲ့ကာ အိမ်ကွင်းခြေစွမ်းလည်း အထူးကောင်းမွန်ခဲ့ပြီး အိမ်ကွင်းမှာ ရှုံးပွဲနှစ်ပွဲသာရှိခဲ့တဲ့အထိလည်း စွမ်းဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိသူတို့ရဲ့ခေါ်ယူမှုတွေကတော့ မနှစ်က အသင်းမှာ အငှားနဲ့လာကစားနေခဲ့တဲ့ ကစားသမားတွေကိုသာ အပြီးသတ် ခေါ်ယူမှုတွေသာဖြစ်ပြီး ပေါ်တူဂီကစားသမားမွန်တင်ဟိုတစ်ဦးတည်းကိုသာ ကစားသမားသစ်စစ်စစ်အဖြစ် ခေါ်ယူထားခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူတို့ရဲ့စုဖွဲ့မှုဟာ မနှစ်ကထက် သိသိသာသာ ပိုမိုတောင့်တင်းလာတယ်လို့တော့ ဆိုဖို့ ခက်ပါတယ်။

### မန်နေဂျာရဲ့စွမ်းဆောင်ရည်

ဒ့ါအပြင် လက်ရှိဝုဖ်ရဲ့မန်နေဂျာ ဆန်တိုဟာ လူငယ်မန်နေဂျာတစ်ဦးဖြစ်ပြီးပေါ်တို၊ဗလင်စီယာတို့လိုထိပ်တန်းအသင်းတွေကိုတောင်ကိုင်တွယ်ခဲ့ဖူးတဲ့ မန်နေဂျာတစ်ဦးဖြစ်ပေမယ့်လည်း သူဟာ ပရီမီယာလိဂ်နဲ့တော့ အစိမ်းသက် သက်သဘောဆောင်နေသလို ဗလင်စီယာနဲ့ ပေါ်တိုတို့ကို ကိုင်တွယ်ရာမှာလည်း အောင်မြင်မှုရယူပေးနိုင်ခြင်းမရှိခဲ့တဲ့ အချက်တွေကတော့ ဝုဖ်ရဲ့ပရီမီယာလိဂ်မှာ ရေရှည်ရပ်တည်နိုင်ရေးအပေါ် သံသယဖြစ်စရာတွေရှိ နေတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

### အားဖြည့်မှု

ဝုဖ်ဟာ ဒီနှစ်မှာ မွန်တင်ဟိုအပါအဝင် ကစားသမား ရှစ်ဦးအထိ အားဖြည့်ထားပေမယ့် အဆိုပါအထဲမှာ ခြောက်ဦးကတော့ မနှစ်ကအသင်းမှာ အငှားလာကစားခဲ့တဲ့ကစားသမားတွေကို အပြီးသတ်ခေါ်ယူမှုတွေဖြစ်ပြီး ဂိုးသမားပတ်ရီကိုနဲ့ မွန်တင်ဟိုတို့နှစ်ဦးကိုသာ အသစ်ထပ်မံအားဖြည့်ထားနိုင်ခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် အဆိုပါကစားသမားနှစ်ဦးစလုံးဟာ ပင်ကိုအရည်အသွေးပြည့်ဝပြီး အတွေ့အကြုံပိုင်းလည်း ပြည့်ဝတဲ့သူတွေဖြစ်တာကိုတော့ သတိပြုရမှာပါ။ ပတ်ရီကိုဟာ ပေါ်တူဂီရဲ့ဝါရင့်ဂိုးသမားတစ်ဦးဖြစ်ပြီး ယူရို ၂၀၁၆ ပြိုင်ပွဲမှာလည်း ပေါ်တူဂီချန်ပီယံဖြစ်ဖို့လက်စွမ်းပြနိုင်ခဲ့သလို စပို့တင်းနဲ့လည်း အောင်မြင်မှုများစွာရရှိခဲ့ကာ ကလပ်အသင်းမှာရော လက်ရွေးစင်အသင်းမှာပါ ထိပ်တန်းပြိုင်ပွဲတွေမှာ ပါဝင်ကစားဖူးသူဖြစ်ပါတယ်။ မွန်တင်ဟိုအနေနဲ့လည်း ပေါ်တူဂီရဲ့ အဓိကကစားသမားတစ်ဦးဖြစ်ပြီး ပေါ်တို၊ စပို့တင်း၊ မိုနာကိုတို့နဲ့ဆုဖလား အောင်မြင်မှုတွေရယူထားနိုင်သူဖြစ်ကာ ပေါ်တူဂီနဲ့လည်း ဥရောပချန်ပီယံဆုကို အရယူပေးနိုင်ခဲ့တဲ့ ကစားသမားကောင်းတစ်ဦး ဖြစ်ပါတယ်။

ဒါကြောင့်လည်း ဝုဖ်ရဲ့အားဖြည့်မှုကတော့ နှစ်ဦးဆို ဆိုသလောက် ထိရောက်မှုရှိတဲ့ အားဖြည့်မှုလို့ဆိုနိုင်ပေမယ့် အဆိုပါနှစ်ဦးတည်းရဲ့အားနဲ့ ပရီမီယာလိဂ်လိုပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြိုင်ပွဲအတွင်းမှာ အခက်အခဲတွေကို ကျော်လွှားနိုင်ပါ့မလားဆိုတာကိုတော့ စောင့်ကြည့်သွားရဖို့သာ ရှိပါတော့တယ်။ ။


**အသင်းမှတ်တမ်း**

| | | |
|---|---|---|
| တည်ထောင်သည့်နှစ် | - | ၁၈၇၇ (၁၄၁ နှစ်) |
| အိမ်ကွင်း | - | Molineux Stadium |
| ဝင်ဆံ့မှု | - | ၃၁၇၀၀ ဦး |
| မန်နေဂျာ | - | ဆန်တို |
| ကပ္ပတိန် | - | ဒန်နီဘက်ချ် (ခံစစ်) |

**အောင်မြင်မှုများ**

| | | |
|---|---|---|
| အမှတ်ပေးချန်ပီယံ | - | ၁ ကြိမ် |
| အက်ဖ်အေဖလားချန်ပီယံ | - | ၄ ကြိမ် |
| ကက်ပီတယ်ဝမ်းချန်ပီယံ | - | ၂ ကြိမ် |
| ကွန်မြူနတီဒိုင်း | - | ၄ ကြိမ် |

# ရော်နယ်ဒို၏ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအပေါ် ဂျူဗင်တပ်စ်အသင်း ဆေးအဖွဲ့ အံ့အားသင့်ခဲ့ရ




ယခုနွေရာသီဈေးကွက် ကာလအတွင်း ရီးရဲမက်ဒရစ်အသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့လာသူ ပေါ်တူဂီတိုက်စစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒို၏ ကြံ့ခိုင်မှုအနေအထားအပေါ် ဂျူဗင်တပ်စ်အသင်း ဆေးအဖွဲ့တာဝန်ရှိသူများ အံ့အားသင့်ခဲ့ကြရကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

တိုက်စစ်ကစားသမား ရော်နယ်ဒိုသည် ပြီးခဲ့သည့် ဇူလိုင်လ ၁၀ ရက်နေ့တွင် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ၁၁၂ သန်း ဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။ ရော်နယ်ဒိုသည် အသက် ၃၃ နှစ်ရှိပြီဖြစ်သော်လည်း ဂျူဗင်တပ်စ်အသင်းတွင် ဆေးစစ်ဆေးမှုခံယူစဉ် ရရှိခဲ့သည့် အချက်အလက်များအရ ရော်နယ်ဒို၏ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု အခြေအနေသည် အသက် ၂၀ အရွယ် ကစားသမားတစ်ဦးကဲ့သို့ ရှိနေကြောင်း တွေ့ရှိခဲ့ရသည် ဟုဆိုသည်။

ဂျူဗင်တပ်စ်အသင်းတွင် ပြုလုပ်ခဲ့သည့် ဆေးစစ်ဆေးမှုများ၏ ရလဒ်အရ ရော်နယ်ဒို၏ ခန္ဓာကိုယ်အဆီမှာ ၇ ရာခိုင်နှုန်းသာရှိပြီး ပရော်ဖက်ရှင်နယ် ဘောလုံးသမားတစ်ဦးတွင် ရှိသင့်သည့် ခန္ဓာကိုယ်အဆီထက် သုံးရာခိုင်နှုန်းသာ နည်းပါးသည်ဟုဆိုသည်။ ထို့အပြင် ကြွက်သားထုထည်မှာ ၅၀ ရာခိုင်နှုန်းရှိပြီး ပရော်ဖက်ရှင်နယ်ဘောလုံးသမားတစ်ဦးတွင် ရှိရမည့်အနေအထားထက် ၄ ရာခိုင်နှုန်းပင် ပိုမိုနေကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ဆေးစစ်မှု ပြုလုပ်စဉ်အတွင်း ရော်နယ်ဒို၏ တာတိုအပြေးနှုန်းမှာ တစ်နာရီလျှင် ၃၃ ဒသမ ၉၈ ကီလိုမီတာနှုန်းဖြစ်ပြီး ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ရော်နယ်ဒို၏ အပြေးနှုန်းမှာ အလားတူနှုန်းရှိခဲ့ကာ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲဝင် ကစားသမားများအနက် ပြေးလွှားနှုန်း အမြန်ဆုံးကစားသမားဖြစ်ခဲ့သည်။

နှစ်ပေါင်းများစွာ ပြင်းပြင်းထန်ထန် လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကာ အစားအသောက်ကိုလည်း စနစ်တကျ စားသောက်ခဲ့ခြင်းများကြောင့် ရော်နယ်ဒိုအနေဖြင့် လေ့ကျင့်ရေးကွင်းတွင် ပြင်းထန်သည့် လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည့်တိုင် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုအနေအထားမှာ အကောင်းဆုံးပုံစံတွင် ရှိနေခြင်းဖြစ်သည်ဟု ဆိုသည်။

ရော်နယ်ဒိုသည် ရီးရဲမက်ဒရစ်အသင်းတွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပါဝင်ကစားခဲ့စဉ်အတွင်း ပွဲပေါင်း ၄၃၈ ပွဲ ပါဝင်ကစားခဲ့ရာတွင် ဂိုးပေါင်း ၄၅၀ အထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ **ထက်အောင်**

> **ရော်နယ်ဒိုသည် အသက် ၃၃ နှစ်ရှိပြီဖြစ်သော်လည်း ဂျူဗင်တပ်စ်အသင်းတွင် ဆေးစစ်ဆေးမှု ခံယူစဉ်ရရှိခဲ့သည့် အချက်အလက်များအရ ရော်နယ်ဒို၏ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုအခြေအနေသည် အသက် ၂၀ နှစ်အရွယ် ကစားသမားတစ်ဦးကဲ့သို့ ရှိနေကြောင်း တွေ့ရှိခဲ့ရသည် ဟုဆိုသည်။**

# နည်းပြအပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီးနောက် စပိန်အသင်းတွင် ပြန်လည်ပါဝင်ခွင့်ရရန် မာတာ မျှော်လင့်ထား




စပိန်လက်ရွေးစင်အသင်း၏ နည်းပြသစ်အဖြစ် လူးဝစ်အန်းနရစ်အား ခန့်အပ်ခဲ့ခြင်းကြောင့် မန်ယူအသင်း ကွင်းလယ်ကစားသမား ဂျူအန်မာတာသည် စပိန်လက်ရွေးစင်အသင်းတွင် ပြန်လည်ပါဝင်ရန် မျှော်လင့်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကွင်းလယ်ကစားသမား မာတာ (၃၀နှစ်)သည် စပိန်လက်ရွေးစင်အသင်းအတွက် ပွဲပေါင်း ၄၁ ပွဲ ပါဝင်ကစားထားကာ ၁၀ ဂိုး သွင်းယူထားပြီး စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၀ ပြည့် ဖီဖာကမ္ဘာ့ဖလားချန်ပီယံဆုနှင့် ယူရို ၂၀၁၂ ချန်ပီယံဆုတို့ကို ရယူနိုင်ခဲ့သူဖြစ်သည်။ သို့သော်လည်း မာတာသည် ၂၀၁၆ နိုဝင်ဘာလအတွင်း စပိန်အသင်း ယှဉ်ပြိုင်ကစားခဲ့သော နိုင်ငံတကာ ခြေစမ်းပွဲတစ်ပွဲတွင် နိုင်ငံအသင်းအတွက် နောက်ဆုံးပါဝင်ခွင့်ရရှိခဲ့ကာ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲဝင် စပိန်အသင်းကစားသမားစာရင်းတွင်လည်း ပါဝင်ခွင့်ရရှိခဲ့ခြင်း မရှိခဲ့ပေ။

ကွင်းလယ်ကစားသမား မာတာက “၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲဝင် စပိန်အသင်းမှာ ပါဝင်ခွင့်မရှိခဲ့လို့ စိတ်ပျက်ခဲ့ရပါတယ်။ ဒါပေမယ့် စပိန်အသင်းအနေနဲ့ အောင်မြင်မှုရရှိဖို့ ကျွန်တော်ဆုတောင်းခဲ့ပါတယ်။ အခုဆိုရင် အရာရာက ပြောင်းလဲသွားပါပြီ။ စပိန်အသင်းမှာ နည်းပြသစ်တစ်ဦးရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ စပိန်လက်ရွေးစင်အသင်းမှာ ပြန်လည်ပါဝင်ခွင့်ရရှိရေးနဲ့ ပတ်သက်ပြီး စိတ်လှုပ်ရှားနေမိတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော့်အနေနဲ့ စပိန်လက်ရွေးစင်အသင်းမှာ ပြန်လည်ပါဝင်ပြီး နိုင်ငံအသင်းအတွက် ကျွန်တော်တတ်စွမ်းသမျှ ကစားပေးချင်ပါတယ်” ဟု ပြောဆိုခဲ့သည်။

စပိန်ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများသည် ဘာစီလိုနာအသင်း နည်းပြဟောင်း အန်းနရစ်အား ပြီးခဲ့သည့် ဇူလိုင် ၉ ရက်တွင် စပိန်အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မာတာသည် ပြီးခဲ့သည့် ၂၀၁၇-၁၈ ခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် စုစုပေါင်း ပွဲ ၄၀ ပါဝင်ကစားခဲ့ကာ သုံးဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ **ထက်အောင်**







# ပရီမီယာလိဂ်နဲ့ အစိမ်းသက်သက်မန်နေဂျာများ

**အောင်က**

ပရီမီယာလိဂ်ရာသီသစ်စဖို့ကတော့ နှစ်ပတ်လောက်ပဲလိုတော့တယ်။ အသင်းတိုင်းကလည်း ကစားသမားသစ်ခေါ်ယူရေးနဲ့ ပတ်သက်ပြီး ပျားပန်းခပ်လှုပ်ရှားနေကြတယ်။ ဒီနှစ်ပရီမီယာလိဂ်မှာတော့ တွေ့မြင်နေကျမဟုတ်တဲ့ မျက်နှာသစ်မန်နေဂျာ လေးဦးကိုတော့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သူတို့ဟာ ဥရောပထိပ်တန်းအသင်းတွေကို ကိုင်တွယ်ခဲ့ဖူးသူတွေဖြစ်ပေမယ့် ပရီမီယာလိဂ်နဲ့တော့အစိမ်းသက်သက် ရှိနေသူတွေဖြစ်ပါတယ်။ သူတို့ကတော့...

### ဆာရီ (ချယ်လ်ဆီး)

ဆာရီဟာ ချယ်လ်ဆီးအသင်း မန်နေဂျာကွန်တီရဲ့နေရာကို ဝင်ရောက်ဆက်ခံလာခဲ့တဲ့သူ ဖြစ်ပါတယ်။ သူဟာ မန်နေဂျာလောကကိုတော့ အသက် ၄၀ မှာ စတင်ဝင်ရောက်ခဲ့တာလည်း ဖြစ်ပါတယ်။ စီးရီးဘီကလပ် ပက်စ်ကာရာအသင်းကို မကိုင်တွယ်ခင်မှာတော့ အီတလီအောက်တန်းအသင်းတွေကို ကိုင်တွယ်ခဲ့တာ ဖြစ်ပါတယ်။ သူဟာ အက်ရီဇိုအသင်းကို ကိုင်တွယ်ခဲ့ချိန်မှာတော့ ကိုပါအီတာလီယာကွာတားဖိုင်နယ်အထိရောက်ခဲ့တာကတော့ သူ့ရဲ့အရည်အချင်းကောင်းတွေလို့ ပြောရမှာပါ။ သူ့အနေနဲ့ နာပိုလီအသင်းကို မကိုင်တွယ်ခင်မှာ အမ်ပိုလီအသင်းကို ကိုင်တွယ်ခဲ့တာဖြစ်ပြီး အမ်ပိုလီအသင်းကိုလည်းအကောင်းဆုံး ကိုင်တွယ်ထားနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ့ကိုနာပိုလီအသင်းကအရခေါ်ယူခဲ့တာပါတယ်။ သူဟာနာပိုလီအသင်းမှာ ပထမဦးဆုံး နှစ်ရာသီမှာပဲ စီးရီးအေအမှတ်ပေးဇယားရဲ့အဆင့် ၂ နဲ့ ၃ နေရာမှာ ရပ်တည်နိုင်အောင် ကိုင်တွယ်ပေးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီကဆိုရင်လည်း နာပိုလီအသင်းဟာ ချန်ပီယံဖြစ်သွားတဲ့ ဂျူဗင်တပ်စ်အသင်းနဲ့ လေးမှတ်သာကွာခြားတာ ဖြစ်ပါတယ်။ ဒါပေမယ့် ဆာရီအနေနဲ့ စီးရီးအေအတွေ့အကြုံတွေသာရှိတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပရီမီယာလိဂ်မှာတော့ အခက်အခဲတွေ့နိုင်ပါတယ်။

### အမ်မရီ (အာဆင်နယ်)

အာဆင်ဝင်းဂါးဟာ ၂၂ နှစ်ကြာ ကိုင်တွယ်ခဲ့တဲ့ အာဆင်နယ်အသင်းကို ကျောခိုင်းတော့မယ်လို့ ကြေညာလိုက်ပြီးတဲ့နောက်မှာတော့ အာဆင်နယ်အသင်းဟာ အသင့်တော်ဆုံးဖြစ်မယ့် မန်နေဂျာသစ်တစ်ဦးကို အပြင်းအထန်ရှာဖွေခဲ့ရပါတယ်။ အရှေ့မှာကလည်း မန်ယူအသင်းကနေ ဖာဂူဆန်ထွက်သွားတော့ မန်ယူအသင်းရဲ့ပျက်ယွင်းသွားခဲ့တဲ့အခြေအနေတွေက အထူးသာဓကအနေနဲ့တွေ့ထားတာကြောင့် အာဆင်နယ်အသင်းဟာ အာဆင်ဝင်းဂါးရဲ့နေရာမှာ ဆက်ခံရမယ့်သူကို ရွေးချယ်ရာမှာ အခက်တွေ့ခဲ့ရတာက အမှန်လို့ ပြောရမယ်။ ဒါပေမယ့် အမ်မရီကိုရွေးချယ်ခဲ့ပြီးတဲ့ နောက်မှာတော့ အာဆင်နယ်အသင်းနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေက အနည်းငယ်လျော့ပါးသွားကြတယ်။

အမ်မရီဟာ ကစားသမားဘဝကို အနားယူပြီးကတည်းက နည်းပြလောကကို စတင်ခဲ့တဲ့သူဖြစ်တယ်။ သူဟာ စပိန်တတိယတန်းကလပ် လိုကာဒီပို့တီဗိုအသင်းကိုစတင်ကိုင်တွယ်ခဲ့တယ်။ သူ့ရဲ့ဦးဆောင်မှုအောက်မှာ အသင်းဟာ ဒုတိယတန်းကိုတန်းတက်နိုင်ခဲ့တယ်။ အဲဒီနောက်ပိုင်း အယ်မာရီယာအသင်းကို ကိုင်တွယ်ခဲ့တယ်။ သူ့ရဲ့ကိုင်တွယ်မှုနဲ့အတူ အယ်မာရီယာဟာ လာလီဂါကို တန်းတက်နိုင်ခဲ့တယ်။ နောက်ရာသီမှာတော့ သူဟာအယ်မာရီယာအသင်းကို အဆင့် ၈ နေရာမှာ ရပ်တည်နိုင်အောင်ကိုင်တွယ်နိုင်ခဲ့တယ်။ အဲဒီနောက် သူဟာ ဗလင်စီယာ အသင်းမှာ လေးနှစ်ကြာကိုင်တွယ်ခဲ့တယ်။ ဆီဗီလာအသင်းကို မပြောင်းရွှေ့ခင်မှာတော့ စပါးတပ်စ်မော်စကိုအသင်းကိုလည်း ကိုင်တွယ်ခဲ့သေးတယ်။ ဆီဗီလာအသင်းနဲ့အတူ သူဟာ ယူရိုပါလိဂ်ဆုဖလားကို သုံးနှစ်ဆက်တိုက်ရယူနိုင်ခဲ့တယ်။ အဲဒီနောက် ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့ခဲ့ပြီးတဲ့နောက်မှာလည်း ပထမဦးဆုံးရာသီမှာ ပြည်တွင်းဖလားနှစ်လုံးရယူနိုင်ခဲ့သလို နောက်ရာသီမှာတော့ ပြည်တွင်း ဆုဖလား သုံးလုံးစလုံးကို ရယူနိုင်ခဲ့တယ်။ ဒါကြောင့်လည်း သူဟာ အာဆင်နယ်အသင်းအတွက်တော့ အသင့်တော်ဆုံးသူအဖြစ် ရွေးချယ်ခံခဲ့ရတာ ဖြစ်တယ်

### ဆန်တို (ဝုဖ်အသင်း)

အက်စပီတိုဆန်တိုဟာ အသက် ၄၄ နှစ်ရှိပြီဖြစ်ပြီး ပေါ်တူဂီဂိုးသမားဟောင်းတစ်ဦး ဖြစ်တယ်။ သူ့ကိုတော့ မော်ရင်ညိုနဲ့ပတ်သက်ပြီး တွေ့ဖူးသူတွေတော့ ရှိကြတယ်။ ဘာဖြစ်လို့လဲဆိုရင် ပေါ်တိုအသင်းကိုမော်ရင်ညို ကိုင်တွယ်ပြီးထင်ရှားလာခဲ့စဉ်တုန်းက  သူဟာ မော်ရင်ညိုရဲ့လက်အောက် ပေါ်တိုအသင်းမှာ ဂိုးသမားအဖြစ်ကစားနေခဲ့တယ်။ သူဟာပေါ်တိုအသင်းနဲ့အတူ ယူအီးအက်ဖ်အေစူပါဖလားနဲ့  ချန်ပီယံလိဂ်ဖလားတို့ကို မော်ရင်ညိုရဲ့လက်အောက်မှာ ကစားပြီးရရှိခဲ့တယ်။

သူဟာ ၂၀၁၀ပြည့်နှစ်မှာတော့ဂိုးသမားဘဝကနေ အနားယူခဲ့ပြီး မန်နေဂျာလောကကို ဝင်ရောက်ခဲ့တယ်။ ပထမဦးဆုံးမှာတော့ ဂိုးသမား နည်းပြအဖြစ် လုပ်ကိုင်ခဲ့ပြီး နည်းပြအဖြစ်ပထမဦးဆုံး ကိုင်တွယ်ခွင့်ရတဲ့အသင်းက ပေါ်တူဂီကလပ်ရီယို အေ့ဗ်ဖြစ်ပါတယ်။ သူ့ရဲ့လက်အောက်မှာတော့ အသင်းဟာ ရလဒ်တွေကောင်းပြီး အသင်းရဲ့သမိုင်းမှာပထမဦးဆုံး ယူရိုပါလိဂ်ဝင်ခွင့်ရခဲ့တယ်။





ဒါကြောင့်လည်း သူ့ရဲ့အရည်အချင်းတွေကို နှစ်သက်တဲ့ဥရောပအသင်း တော်တော်များများရှိလာခဲ့ပြီး ၂၀၁၄ ခုနှစ်မှာတော့ ဗလင်စီယာအသင်းကို ပြောင်းရွှေ့ခဲ့တယ်။ သူဟာ ဗလင်စီယာအသင်းကို စတင်ကိုင်တွယ်ခဲ့တဲ့နှစ်မှာပဲအသင်းကို အမှတ်ပေးဇယားရဲ့အဆင့် ၄ နေရာမှာ ရပ်တည်နိုင်ဖို့အတွက် စွမ်းဆောင်နိုင်ခဲ့တယ်။ နောက်တစ်နှစ်မှာတော့ သူဟာအသင်းဟောင်း ပေါ်တိုအသင်းရဲ့နည်းပြသစ်အဖြစ် လုပ်ကိုင်ခဲ့တယ်။ ဒါပေမယ့် ၂၀၁၇ခုနှစ်မေလမှာတော့ သူဟာဝုဖ်အသင်းကို ပြောင်းလဲကိုင်တွယ်ခဲ့တယ်။ သူဟာဝုဖ်အသင်းကို ပထမဦးဆုံးကိုင်တွယ်ခဲ့တဲ့ရာသီမှာပဲ အသင်းကိုလိဂ်ချန်ပီယံရှစ်ဆုဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့တယ်။ သူ့ကြောင့်လည်း ဝုဖ်အသင်းဟာ ပရီမီယာလိဂ်ကိုတန်းတက်လာနိုင်ခဲ့တယ်။ သူ့ရဲ့လက်အောက်မှာတော့ ဝုဖ်အသင်းရဲ့အရည်အသွေးတွေဟာ ပိုမိုတောက်ပလာခဲ့တယ်။

### ဂျိုကာနိုဗစ် (ဖူလ်ဟမ်)

နည်းပြဂျိုကာနိုဗစ်ဟာ ဖူလ်ဟမ်အသင်းကို ၂၀၁၅ ခုနှစ်က စတင်ကိုင်တွယ်ခဲ့တယ်။ လိဂ်ချန်ပီယံရှစ် ရှုံးထွက်မှာ အနိုင်ရခဲ့တာကြောင့် ပရီမီယာလိဂ်ကိုရောက်လာခဲ့တယ်။ ဂျိုကာနိုဗစ်ဟာ ယူဂိုဆလားဗီးယားရဲ့ကွင်းလယ်ခံစစ်မှူးဟောင်းတစ်ဦးဖြစ်ပြီး ၁၉၉၈ ကမ္ဘာ့ဖလားနဲ့ ၂၀၀၀ ယူရိုမှာ ပါဝင်ကစားခဲ့သူဖြစ်တယ်။ သူဟာ ချယ်လ်ဆီးအသင်းမှာလည်း ၂၀၀၁ခုနှစ်ကနေ ၂၀၀၃ ခုနှစ်အထိ ကစားခဲ့ဖူးသူ ဖြစ်တယ်။

သူဟာ နည်းပြဘဝကိုတော့ ဆာဘီးယားကလပ် ပါတီဆန်အသင်းနဲ့ စတင်ဝင်ရောက်ခဲ့ပြီး ပြည်တွင်းဆုဖလား နှစ်လုံးကို ရယူပေးနိုင်ခဲ့တယ်။ နောက်ရာသီမှာလည်း အဲဒီဆုဖလား နှစ်လုံးစလုံးကို ထပ်မံရယူနိုင်ခဲ့တယ်။ အဲဒီနောက်ပိုင်းသူဟာ ထိုင်းလိဂ်ကလပ် မဲခေါင်ယူနိုက်တက်အသင်းကို ပြောင်းသွားခဲ့တယ်။ သူဟာ မဲခေါင်ယူနိုက်တက်အသင်းကို ၂၀၁၂-၁၃ရာသီမှာတော့ ရှုံးပွဲမရှိစံချိန်နဲ့ ထိုင်းပရီမီယာလိဂ် ဆုဖလားရယူပေးနိုင်ခဲ့တယ်။ ဒါပေမယ့် သူဟာ ထိုင်းမှာတော့ တစ်ရာသီသာ နေခဲ့တယ်။

သူဟာ ဝက်ဖို့ဒ်အသင်းကို မပြောင်းရွှေ့ခင်မှာတော့ ဘူလ်ဂေးရီးယားနဲ့ စပိန်ကလပ်အသင်းတွေဖြစ်တဲ့ ဆိုဖီယာ၊ ဟာကျူးလက်စ်အသင်းတို့ကို ကိုင်တွယ်ခဲ့သေးတယ်။ သူဟာ ဝက်ဖို့ဒ်အသင်းကို ၂၀၁၄ခုနှစ်မှာ ပရီမီယာလိဂ်ကို တန်းတက်အောင်ကူညီပေးနိုင်ခဲ့ပေမယ့် ပရီမီယာလိဂ်ကို လိုက်ပါနိုင်ခြင်းမရှိဘဲ ထုတ်ပယ်ခံလိုက်ရပါတယ်။ ဖူလ်ဟမ်အသင်းကို မကိုင်တွယ်ခင်မှာတော့ အစ္စရေးကလပ် တဲလ်အဗစ်ကို ကိုင်တွယ်ခဲ့ပါသေးတယ်။ သူ့ရဲ့ဦးဆောင်မှုအောက်မှာ ဖူလ်ဟမ်အသင်းကိုတော့ လေးနှစ်ကြာဝေးကွာနေခဲ့တဲ့ ပရီမီယာလိဂ်ကိုတက်ရောက်အောင် စွမ်းဆောင်ပေးထားတာကြောင့် နည်းပြကောင်းတစ်ဦးရဲ့ အရည်အသွေးအပြည့်ရှိတယ်ဆိုတာကတော့ အမှန်လို့ပြောရမှာပါ။ ။

## အေစီမီလန်နည်းပြ ဂတ်တူဆို၏နေရာတွင် ကွန်တီ အား အစားထိုးဖွယ်ရှိနေ



ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းမန်နေဂျာဟောင်း အန်တိုနီယို ကွန်တီသည် အီတလီ စီးရီးအေကလပ် အေစီမီလန်အသင်းနည်းပြ ဂတ်တူဆို၏နေရာတွင် အစားထိုးခန့်အပ်ခံရဖွယ်ရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီတလီလူမျိုးနည်းပြ ကွန်တီ (၄၈ နှစ်) သည် ၂၀၁၆ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ချယ်လ်ဆီးအသင်းမန်နေဂျာအဖြစ် ခန့်အပ်ခံခဲ့ရပြီး ချယ်လ်ဆီးအသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၉ ခုနှစ်တွင်မှ ကုန်ဆုံးမည်ဖြစ်သော်လည်း ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၃ ရက်တွင် ရာထူးမှ ထုတ်ပယ်ခံခဲ့ရကာ အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။ မန်နေဂျာ ကွန်တီ၏ လက်အောက်တွင် ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားတို့ကို တစ်ကြိမ်စီ ရရှိခဲ့သည်။

အေစီမီလန်အသင်း တာဝန်ရှိသူများသည် လက်ရှိနည်းပြ ဂတ်တူဆိုအား ၂၀၂၁ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်ချုပ်ဆိုထားသော်လည်း နည်းပြ ဂတ်တူဆို၏အသင်းအပေါ် ဦးဆောင်နိုင်စွမ်းကို ယုံကြည်မှုအားနည်းနေသည်ဟု ဆိုသည်။

နည်းပြ ကွန်တီသည် အီတလီ ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် ဂျူဗင်တပ်စ်အသင်းနည်းပြအဖြစ် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ယူခဲ့ဖူးသူဖြစ်ကာ ဂျူဗင်တပ်စ်အသင်းအား စီးရီးအေချန်ပီယံဆုဖလား သုံးကြိမ်နှင့် စူပါကိုပါအီတာလီယာဖလား နှစ်ကြိမ်ရရှိစေရန် ဦးဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ဆက်စပ်သတင်းများအရ အေစီမီလန်အသင်းသည် အသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်သူ ဗဟိုခံစစ်မှူး လီယိုနာဒိုဘိုနူချီအား ဆုံးရှုံးရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်ဟုဆိုသည်။

အသက် ၃၁ နှစ်အရွယ်ရှိ အီတလီခံစစ်မှူး ဘိုနူချီသည် ၂၀၁၇ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်းတွင် ဂျူဗင်တပ်စ်အသင်းမှ အေစီမီလန်သို့ ပြောင်းရွှေ့ကြေး ယူရို ၄၂ သန်းဖြင့် ပြောင်းရွှေ့လာကာ ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။

ယခုအခါ ဂျူဗင်တပ်စ်အသင်းသည် ခံစစ်မှူး ဘိုနူချီအား ပြန်လည်ခေါ်ယူရန်အတွက် ဆက်သွယ်မှုများ ပြုလုပ်နေသည့်အပြင် မန်ယူအသင်းကလည်း ဘိုနူချီအားခေါ် ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အေစီမီလန်အသင်းအနေဖြင့် ဘိုနူချီကို ယခု နွေရာသီဈေးကွက်ကာလအတွင်း ဆုံးရှုံးရနိုင်သည့် အခြေအနေနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

**ထက်အောင်**

# ဖန်တီးရာ၏ တတိယအကြိမ် Startup Accelerator ပြိုင်ပွဲ ကျင်းပလျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၆**

နည်းပညာဆိုင်ရာ စွန့်ဦးတီထွင်လုပ်ငန်းများကို မြေတောင်မြှောက်ပေးနိုင်ရန်အတွက် ဖန်တီးရာ (Phandeeyar)က ကြီးမှူးစီစဉ်သည့် Startup Accelerator ပြိုင်ပွဲကို တတိယအကြိမ်အဖြစ် ဇူလိုင် ၂၁ ရက်မှ စတင်ကျင်းပနေပြီဖြစ်ကာ ဇူလိုင် ၂၉ ရက်အထိ ကိုးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Startup Challenge သည် စွန့်ဦးတီထွင်သူများက အဖွဲ့ဖွဲ့၍ မိမိတို့၏ စိတ်ကူးအကြံဉာဏ်များကို အလားအလာအကောင်းဆုံး နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ဖြစ်လာစေရန် ကြိုးစားယှဉ်ပြိုင်တင်ပြရသည့် ပြိုင်ပွဲဖြစ်ပြီး အနိုင်ရရှိသည့်အသင်းများသည် ဆုကြေးအဖြစ် ဒေါ်လာ ၁၅၀၀၀ ကျော်နှင့်အတူ ဖန်တီးရာ Accelerator ၏ Pre-Accelerator အစီအစဉ်ကိုလည်း ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ထိုအစီအစဉ်တွင် အောင်မြင်သော စီးပွားရေးလုပ်ငန်းများဖြစ်လာရန် ထိရောက်သော လမ်းညွှန်ပြသမှု၊ ဖန်တီးရာမှ ရုံးခန်းနေရာပံ့ပိုးမှုနှင့် အခြားလိုအပ်သော ပံ့ပိုးမှုများကိုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

Startup Challenge ပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ နည်းပညာစီးပွားရေးလုပ်ငန်းများ ပိုမိုများပြားလာစေရန်အတွက် တွန်းအားပေးရန်ဖြစ်ပြီး ဖန်တီးရာ၏ CEO Jes Kaliebe Petersen က "ကျွန်တော်တို့ Startup Challenge ကိုလုပ်တာ အခု ၂၀၁၈ ခုနှစ်ပွဲနဲ့ဆိုရင် သုံးကြိမ်ရှိပြီဖြစ်ပါတယ်။ လုပ်တဲ့အကြိမ်တိုင်းမှာလည်း တစ်နှစ်ထက်တစ်နှစ် ပြိုင်ပွဲဝင်တွေ ပိုမိုများပြားလာပြီး သူတို့လုပ်ချင်တဲ့ နည်းပညာအခြေပြု စီးပွားရေးလုပ်ငန်းတွေရဲ့ အိုင်ဒီယာတွေလည်း ပိုမိုကောင်းမွန်လာတာကို တွေ့ရပါတယ်။ အခုပွဲက ပြိုင်ပွဲလုပ်ပြီး အနိုင်ရရှိတဲ့အသင်းကို ဆုပေးရုံတင်မဟုတ်ဘဲ သူတို့ရဲ့စီးပွားရေးလုပ်ငန်းကို တကယ်စတင်လုပ်ကိုင်နိုင်အောင် ပြုလုပ်ပေးမယ့် Pre-Accelerator အစီအစဉ်ကိုလည်း ပါဝင်ခွင့်ရမှာဖြစ်လို့ ကိုယ်ပိုင်လုပ်ငန်းစတင်ချင်တဲ့သူတွေ၊ အကြံဉာဏ်ရှိပြီးသားသူတွေအတွက် အကောင်းဆုံးအခွင့်အရေးတစ်ခုဖြစ်ပါတယ်"ဟု ပြောသည်။

ယခုနှစ် Startup Challenge တွင် မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသော ကဏ္ဍများဖြစ်သည့် နည်းပညာဆိုင်ရာ စီးပွားရေးကဏ္ဍကြီးသုံးခုဖြစ်သည့် Tech for Farm(လယ်ယာစီးပွားရေးအတွက် နည်းပညာ)၊ Tech for Life (လူနေမှုအတွက် နည်းပညာ)နှင့် Tech for Company (ကုမ္ပဏီများအတွက် နည်းပညာ)ဟု ကဏ္ဍသုံးခုဖြင့် ယှဉ်ပြိုင်နေကြကာ ပြိုင်ပွဲဝင်အရေအတွက် ရာချီ၍ အသင်းများဖွဲ့ပြီး ယှဉ်ပြိုင်နေကြောင်း သိရသည်။ ပါဝင်ယှဉ်ပြိုင်သူများသည် ပြိုင်ပွဲအတွင်း ကဏ္ဍအလိုက် ကျွမ်းကျင်သော နည်းပြများနှင့် အလုပ်ရုံဆွေးနွေးခြင်း၊ ၎င်းတို့အား မိမိတို့လုပ်ငန်းများကို ရှင်းပြခြင်းတို့ ပြုလုပ်ရမည်ဖြစ်ပြီး ဇူလိုင် ၂၉ ရက်တွင် မိမိတို့ လုပ်ငန်း၊ အိုင်ဒီယာ တိုးတက်မှုနှင့် နောက်ဆုံးအခြေအနေကို ပြည်တွင်းပြည်ပ ပညာရှင်များရှေ့တွင် တင်ဆက်ရမည်ဖြစ်ကာ ပညာရှင်များက အနိုင်ရရှိမည့်အသင်းများကို ရွေးချယ်ကြမည်ဖြစ်သည်။

ဖန်တီးရာ၏ Entrepreneurship Manager ကိုအာကာဖြိုးက "ဒီပွဲမှာ နည်းပညာကို အသုံးပြုပြီး မြန်မာနိုင်ငံရဲ့လူနေမှုအဆင့်အတန်းကို မြင့်မားအောင် ဆောင်ရွက်ပေးမယ့် စီးပွားရေးလုပ်ငန်းတစ်ခုစတင်ဖို့ အကြံဉာဏ်ရှိသူတွေက ဝင်ရောက်ယှဉ်ပြိုင်နေကြပါတယ်။ စွန့်ဦးတီထွင်လုပ်ငန်းလုပ်ချင်သူတွေ လိုအပ်မယ့် အရည်အသွေးတွေကို စာတွေ့သာမက လက်တွေ့မှာ အကောင်အထည်ဖော်နိုင်အောင် လေ့ကျင့်သင်ကြားပေးမှာဖြစ်လို့ ဆုရရှိသည်ဖြစ်စေ၊ ဆုမရသည်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်တဲ့သူတွေအကုန်လုံး အကျိုးရှိမှာဖြစ်ပါတယ်။ အနိုင်ရရှိတဲ့အသင်းက ဆုကြေးငွေကိုရရှိမယ့်အပြင် ကိုယ်ပိုင်ကုမ္ပဏီတစ်ခု တည်ထောင်နိုင်တဲ့အထိ လုပ်ပေးသွားမှာလည်းဖြစ်ပါတယ်"ဟု ပြောသည်။

ပြိုင်ပွဲတွင် ကဏ္ဍအလိုက် ပထမနှင့် ဒုတိယရရှိသော အသင်းများကို ဆုပေးမည်ဖြစ်ပြီး ပထမရရှိသောအသင်းသည် ဆုကြေးငွေ ဒေါ်လာ ၃၀၀၀၊ ဒုတိယရရှိသောအသင်းသည် ဒေါ်လာ ၂၀၀၀ ရရှိမည်ဖြစ်ကာ ကဏ္ဍသုံးခုမှ ဆုရအသင်းခြောက်သင်းအတွက် စုစုပေါင်း ဒေါ်လာ ၁၅၀၀၀ ချီးမြှင့်မည့်အပြင် ထိုအသင်းခြောက်သင်းသည် Pre-Accelerator အစီအစဉ်တွင်လည်း ပါဝင်ခွင့်ရမည်ဖြစ်သည်။

ဖန်တီးရာသည် Startup Challenge ပြိုင်ပွဲကြီးကို ၂၀၁၅ ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ အသင်းပေါင်း ၁၅၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ အဆိုပါအသင်းများအနက် အသင်းငါးသင်းသည် ဖန်တီးရာ Accelerator အတွက် ရွေးချယ်ခံခဲ့ရပြီးနောက် လက်ရှိအချိန်တွင် အာမခံချက်ရှိသည့် နည်းပညာအခြေပြု စီးပွားရေးလုပ်ငန်းများအဖြစ် လည်ပတ်နေကြပြီဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**



# MPT ၏ သတင်းအချက်အလက်စင်တာများကို တစ်နိုင်ငံလုံးတွင် ထပ်မံတိုးချဲ့သွားမည်

**ရန်ကုန် ဇူလိုင် ၂၆**

နိုင်ငံသားများ အခြေခံ ဒီဂျစ်တယ်ပညာရေးဆိုင်ရာကျွမ်းကျင်မှု ပိုမိုတိုးတက်လာစေရန်အတွက် MPT က ဖွင့်လှစ်ထားသော သတင်းအချက်အလက်စင်တာ(MPT Telecenter)များကို သုံးဆတိုး ဖွင့်လှစ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။




MPT အနေဖြင့် ယခုနှစ် မတ်လအတွင်းက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် MPT telecenter ပေါင်း ၄၀ ကို ဖွင့်လှစ်ထားခဲ့ပြီးဖြစ်ကာ ၂၀၁၉ ခုနှစ် မတ်လတွင် စင်တာအရေအတွက် ၁၅၀ အထိ တိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ MPT ၏ အဆိုပါစင်တာများသို့ လာရောက်၍ လေ့လာအသုံးပြုသူများအနေဖြင့် အကျိုးရှိစေမည့် သတင်းအချက်အလက်များအပြင် အခြားသော ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့်ဆိုင်သည့် အချက်အလက်များကိုလည်း အခမဲ့အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ မိုဘိုင်းဖုန်းများဖြင့်သုံးစွဲရန် အကန့်အသတ်မရှိ Wifi ကို အခမဲ့ရယူနိုင်မည်ဖြစ်ပြီး MPT telecenter တိုင်းတွင် လက်ပ်တော့ပ်ကွန်ပျူတာနှင့် တက်ဘလက်များကိုလည်း အခမဲ့အသုံးပြုနိုင်ရန် ပံ့ပိုးပေးထားကြောင်း၊ MPT telecenter သို့ လာရောက်သူတိုင်းအား ကူညီနိုင်ရန်နှင့် လုံခြုံစိတ်ချရသည့် အင်တာနက်အသုံးပြုမှုကို ပြသပေးနိုင်ရန်အတွက် MPT အနေဖြင့် ဝန်ထမ်းများကိုလည်း လေ့ကျင့်သင်ကြားပေးထားကြောင်း သိရသည်။

MPT-KSGM Joint Operations မှ တာဝန်ရှိသူ Mr. Reizo Umeda က "ယနေ့ ဒီဂျစ်တယ်ခေတ်က ကျွန်တော်တို့လူနေမှုဘဝတွေထဲကိုပါ ဝင်ရောက်လာပါပြီ။ ဒီဂျစ်တယ်နည်းပညာတွေ ကျွမ်းကျင်တတ်မြောက်မှုနဲ့သုံးစွဲမှု ပျံ့နှံ့လာတာက မြန်မာ့စီးပွားရေးကဏ္ဍ လက်တွေ့မြင့်မားလာမယ့်အခွင့်အရေးကို ပေးနိုင်မှာဖြစ်ပါတယ်။ ဒီဂျစ်တယ်နည်းပညာနဲ့ရင်းနှီးနေတဲ့ လူတစ်ယောက်က အကျိုးကျေးဇူးတွေ အများကြီးရှိနိုင်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ရဲ့ MPT telecenter တွေကို လာရောက်တဲ့သူတိုင်းက ဒီလိုဒီဂျစ်တယ်ကျွမ်းကျင်မှုတွေကို အလွယ်တကူပဲ ရရှိနိုင်မှာဖြစ်ပါတယ်။ ဒီနှစ်မှာ MPT အနေနဲ့ မြို့ပြနဲ့ကျေးလက် နေရာအနှံ့မှာ MPT telecenter တွေဖွင့်သွားဖို့ ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။

MPT telecenter အားလုံးတွင် ပညာရေးနှင့် ဖျော်ဖြေရေးအကြောင်းအရာအမြောက်အမြားပါဝင်သည့် ခေတ်မီစက်ပစ္စည်းများဖြင့် ဖြည့်တင်းထားပြီး လာရောက်သူများအနေဖြင့် Microsoft Office ဆော့ဖ်ဝဲ အသုံးပြုခြင်းနှင့် ဖျော်ဖြေရေးရုပ်ရှင်၊ ဂိမ်းအမျိုးအစား ၈၀၀ ကျော်၊ ရုပ်ပြ၊ ဝတ္ထုများနှင့် အင်္ဂလိပ်သင်ခန်းစာများ၊ ကျန်းမာရေးအသိပညာပေးဝန်ဆောင်မှုများ စသည့် MPT ၏ ထပ်ဆောင်းဝန်ဆောင်မှုအများအပြားကိုလည်း အဆိုပါစင်တာများတွင် အခမဲ့အသုံးပြုနိုင်မည်ဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအချိန်အထိ MPT Telecenter များ ဖွင့်လှစ်ထားရှိမှုမှာ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ၊ ညောင်ဦး၊ မိတ္ထီလာနှင့် မြင်းခြံမြို့နယ်တို့၌ စင်တာလေးခု၊ ရခိုင်ပြည်နယ်တွင် စစ်တွေနှင့် သံတွဲမြို့တို့၌ စင်တာနှစ်ခု၊ ရှမ်းပြည်နယ်တွင် ကျိုင်းတုံ၊ တောင်ကြီး၊ ညောင်ရွှေ၊ အေးသာယာ၊ နမ့်ဆမ်နှင့် လားရှိုးမြို့နယ်များ၌ စင်တာခြောက်ခု၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၌ စင်တာတစ်ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူး၊ ပြည်၊ မင်းလှ၊ လက်ပံတန်း၊ ပေါက်ခေါင်းနှင့် တောင်ငူမြို့တို့၌ စင်တာခြောက်ခု၊ မကွေးတိုင်းဒေသကြီးတွင် မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ မင်းဘူးမြို့၊ ဂန့်ဂေါမြို့နှင့် အောင်လံမြို့တို့၌ စင်တာငါးခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ဟင်္သာတ၊ ဘိုကလေး၊ မြောင်းမြ၊ မြန်အောင်နှင့် မအူပင်မြို့တို့၌ စင်တာခြောက်ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ မြိတ်နှင့် ပုလောမြို့တို့၌ စင်တာသုံးခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာနှင့် ကလေးမြို့တို့၌ စင်တာနှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျောက်တံတားမြို့နယ်အတွင်း စင်တာနှစ်ခုနှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ကယားပြည်နယ် လွိုင်ကော်မြို့၊ ချင်းပြည်နယ် ဟားခါးမြို့တို့၌ စင်တာတစ်ခုစီဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# ဒေါ်လာဈေးမြင့်ခြင်းကြောင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ အရောင်းပါးသော်လည်း ဈေးမြင့်နေ

**ရန်ကုန် ဇူလိုင် ၂၆**

ယခုလအတွင်း ဒေါ်လာဈေးနှုန်းမှာ တရိပ်ရိပ်မြင့်တက်နေသောကြောင့် ဒေါ်လာဈေးအပေါ်မူတည်၍ ဈေးပြောင်းလဲတတ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများမှာ အရောင်းအဝယ်အေးသည့်အချိန်ဖြစ်သော်လည်း ဈေးနှုန်းများမြင့်တက်လျက်ရှိနေကြောင်း ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာဈေးကွက်ရှိ ကွန်ပျူတာဆိုင်အချို့မှ သိရသည်။

ဇွန်လကုန်ပိုင်းမှစ၍ ဇူလိုင်တစ်လလုံး ဒေါ်လာဈေးမှာ တဖြည်းဖြည်းမြင့်တက်နေသောကြောင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများမှာလည်း ဈေးမငြိမ်ဘဲ ဒေါ်လာဈေးနှင့်အတူ လိုက်တက်နေခြင်းဖြစ်ကြောင်း သိရသည်။ "ကွန်ပျူတာဈေးကွက်မှာ ဈေးအတက်အကျက ရောင်းအားနဲ့မဆိုင်ပါဘူး။ ရောင်းအားကောင်းတဲ့လတွေဖြစ်တဲ့ ဖေဖော်ဝါရီ၊ မတ်နဲ့ ဧပြီလတွေမှာလည်း ဒေါ်လာဈေးငြိမ်ရင် ဈေးငြိမ်ပြီး ဒေါ်လာဈေးကျရင်လည်း ကျတဲ့ဈေးနဲ့ပဲမူတည်ပြီး ရောင်းတာပါ၊ အခုလို ဒေါ်လာဈေးတက်တဲ့အချိန်ဆိုရင်လည်း အရောင်းအဝယ်အေးပေမယ့် ဒေါ်လာဈေးနဲ့တွက်ပြီး ဈေးတက်ရောင်းရတာပါပဲ၊ ဝယ်တဲ့လူတွေကလည်းသိနေတော့ မဖြစ်မနေမဟုတ်ရင် ဒီလိုဈေးတက်နေတဲ့အချိန်မျိုးမှာ မဝယ်ဘူးပေါ့၊ အခုလကတော့ တစ်လလုံး အရောင်းအဝယ်အေးနေပါတယ်"ဟု ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာဆိုင်ရှင်တစ်ဦးက ပြောသည်။

ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများရောင်းချရာတွင် စားပွဲတင် Desktop ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများအတွက် ရောင်းဈေးကို နေ့စဉ်ဒေါ်လာပေါက်ဈေးနှင့် တွက်ချက်၍ သတ်မှတ်ကြပြီး အချို့သော မော်ဒယ်အသစ် လက်ပ်တော့ပ်များကိုမူ ကျပ်ငွေဖြင့်ပင် ဈေးမသတ်မှတ်ဘဲ ဒေါ်လာဖြင့်သာ ဈေးသတ်မှတ်ထားကာ ရောင်းချမည့်အချိန်တွင် ဒေါ်လာဈေးနှင့် ချက်ချင်းတွက်၍ ရောင်းချကြကြောင်း သိရသည်။

ဒေါ်လာဈေးများမှာ ဇွန်လကုန်ပိုင်းမှစ၍ ဇူလိုင်တစ်လလုံး မြင့်တက်လျက်ရှိကာ ရန်ကုန်မြို့ပြင်ပဈေးကွက် ငွေလဲနှုန်းအရ ဇူလိုင် ၂ ရက်က ၁၃၈၇ ကျပ်၊ ဇူလိုင် ၁၀ ရက်က ၁၃၉၉ ကျပ်၊ ဇူလိုင် ၁၆ ရက်က ၁၄၀၆ ကျပ်၊ ဇူလိုင် ၂၃ ရက်က ၁၄၂၂ ကျပ်နှုန်းရှိခဲ့ပြီး ဇူလိုင် ၂၄ ရက်တွင် ၁၄၂၈ ကျပ်နှင့် ဇူလိုင် ၂၅ ရက်တွင် ၁၄၃၂ ကျပ်နှုန်းအထိ ရှိနေသည်။

**ကျော်ဇင်ဦး**

## New Product

# ဈေးကွက်ထဲမရောက်သေးပေမယ့် စိတ်ဝင်စားမှုမြင့်တက်နေတဲ့ Xiaomi Mi Max 3


Xiaomi Mi Max 3 ဟာ ပြီးခဲ့တဲ့ ရက်ပိုင်းကမှ နိုင်ငံတကာဈေးကွက်မှာ စတင်မိတ်ဆက်ပြသခဲ့တာဖြစ်ပြီး ဈေးကွက်ထဲမှာ ရောင်းချခြင်းမရှိသေးပါဘူး။ ဒါပေမယ့် Screen အရွယ်အစား ထူးထူးခြားခြားကြီးမားခြင်းနဲ့ ဈေးနှုန်းပိုင်း သင့်တော်ခြင်းတွေကြောင့် ဈေးကွက်ထဲမဝင်လာခင်ကတည်းက ပြည်တွင်းက Xiaomi ပရိတ်သတ်တွေအနေနဲ့ Mi Max 3 ကို ကြိုတင်စိတ်ဝင်စားမှုတွေ မြင့်တက်နေပါတယ်။

Xiaomi Mi Max 3 ရဲ့အဓိကထူးခြားမှုက အရွယ်အစားပိုင်းကြီးမားတာဖြစ်ပြီး မျက်နှာပြင်ဟာ ၆ ဒသမ ၉ လက်မရှိလို့ မြင်နေကျစမတ်ဖုန်းအရွယ်အစားတွေထက် လွန်ပြီး Tablet အငယ်စားအရွယ်နီးပါး ဖြစ်နေပါတယ်။ ဒါပေမယ့် Screen ရဲ့ အထက်အောက်နဲ့ ဘေးဘောင်တွေက ကျဉ်းမြောင်းပြီး Screen က ဖုန်းကိုယ်ထည်ရဲ့ အပြည့်နီးပါးဖြစ်တာကြောင့် ကိုယ်ထည်အရွယ်အစားကတော့ အလွန်ကြီးမနေဘဲ Screen ကြီးကြီးကို သုံးချင်သူတွေအတွက်တော့ အထူးအဆင်ပြေမှာဖြစ်ပါတယ်။ ရုပ်ထွက်ပိုင်းအနေနဲ့လည်း 1080x2160 pixels ရှိလို့ Screen ကြီးသလို အရည်အသွေးလည်းကောင်းမွန်ပါတယ်။ ကိုယ်ထည်ပိုင်းက အလူမီနီယမ်ကိုယ်ထည်ဖြစ်ပြီး ဒီဇိုင်းပိုင်းလည်းလှပတာ တွေ့ရပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက် 8.1(Oreo)ကို Xiaomi ရဲ့နောက်ဆုံးထွက် UI ဖြစ်တဲ့ MiUI 9.5 နဲ့တွဲပြီး သုံးထားပါတယ်။ CPU ကိုတော့ Octa-core 1.8GHz Kryo 260 CPU သုံးထားပြီး RAM နဲ့ မင်မိုရီပိုင်းမှာတော့ RAM 4GB, မင်မိုရီ 64GB လို့တစ်မျိုး၊ RAM 6GB, မင်မိုရီ 128GB လို့ တစ်မျိုး နှစ်မျိုးခွဲပြီး ထွက်ထားပါတယ်။ မင်မိုရီကတ်ကို ထပ်စိုက်သုံးမယ်ဆိုရင်လည်း 256 GB အထိ ထပ်စိုက်သုံးနိုင်အောင် ထောက်ပံ့ပေးထားပြီး အားနည်းချက်ကတော့ ဒုတိယဆင်းကတ်ပေါက်နေရာမှာ ထည့်သုံးရမှာဖြစ်လို့ မင်မိုရီကတ်သုံးရင် ဆင်းကတ်တစ်ကတ်ပဲ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ မင်မိုရီကတ်မသုံးရင်တော့ GSM ဆင်းကတ်နှစ်ကတ် ထည့်သုံးနိုင်ပြီး အင်တာနက်အတွက် 4G ကို ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာကို ဦးစားပေးထားတာ တွေ့ရပြီး ၁၂မဂ္ဂါပစ်ဇယ်နဲ့ ၅ မဂ္ဂါပစ်ဇယ်ရှိတဲ့ ကင်မရာနှစ်လုံးပေါင်းထားတဲ့ Dual ကင်မရာဖြစ်ပါတယ်။ အရည်အသွေးမြင့် HD ဓာတ်ပုံတွေရိုက်ကူးနိုင်မှာဖြစ်သလို ဗီဒီယိုအနေနဲ့လည်း ၂၁၆၀ ပစ်ဇယ်အရည်အသွေးအထိ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ရှေ့ဘက်က ဆယ်လ်ဖီကင်မရာမှာတော့ ထူးခြားချက်မတွေ့ရဘဲ ၈မဂ္ဂါပစ်ဇယ်ရှိတဲ့ သာမန်ကင်မရာဖြစ်ပါတယ်။

Mi Max 3 မှာ နောက်ထပ်ထူးခြားချက်တစ်ခုက ဘက်ထရီပိုင်းကိုလည်း Screen အရွယ်အစားနဲ့အညီ အထူးစွမ်းရည်ပြည့်အောင် လုပ်ထားပြီး Li-Ion ဘက်ထရီက 5500mAh ရှိလို့ စခရင်ကြီးပေမယ့် အားကုန်မြန်တာမျိုးမဖြစ်ဘဲ အချိန်ကြာကြာသုံးနိုင်မှာဖြစ်ပါတယ်။ အလျင်အမြန် အားသွင်းနိုင်မယ့် Quick Charge 3.0 နည်းပညာလည်း ထည့်သွင်းထားပါတယ်။ လက်ဗွေစနစ်ကတော့ အရင်ထွက်ခဲ့တဲ့ Mi ဖုန်းတွေလိုပဲ နောက်ကျောဘက်မှာ ပါဝင်ပါတယ်။



မိတ်ဆက်ပြသချိန်မှာ ကိုယ်ထည်အရောင်အနေနဲ့ အနက်ရောင်၊ ရွှေရောင်နဲ့ အပြာရောင် သုံးမျိုးကို ပြသခဲ့ပါတယ်။ ဈေးနှုန်းက RAM 4G အတွက် Euro 250 ခန့်ဖြစ်လို့ ပြည်တွင်းဈေးကွက်ကို ရောက်လာတဲ့အချိန်ကျရင် ကျပ်သုံးသိန်းကျော်ခန့် ရှိနိုင်မှာဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

# အထက်မြန်မာပြည် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ အတည်ပြုရေးဆိုင်ရာ အစည်းအဝေးကျင်းပ

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဖွဲ့စည်းပေးထားသည့် အထက်မြန်မာပြည်မှ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ၁၀၁ ခုကို တရားဝင်အတည်ပြုခြင်း အခမ်းအနားအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၄ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးဘန်နီတင်အောင်၊ ရွှေခေတ်မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းများဖြစ်ကြသည့် ဦးတင်အောင်(ဂိုး)၊ ဦးရဲညွန့်တို့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥပဒေရေးရာအကြံပေး ဦးဇော်မင်းစိန်၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်တို့ ပါဝင်ဆွေးနွေးခဲ့သည်။

ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက "ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်နဲ့ နိုင်ငံတကာဘောလုံးအဖွဲ့အစည်းတွေရဲ့ Standard Structure အတိုင်း ကျွန်တော်တို့နိုင်ငံမှာလည်း အောက်ခြေအဆင့်ကစပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကိုအားလုံးပါဝင် ချိတ်ဆက်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ကောင်းတွေနဲ့ မြို့နယ်ဘောလုံးအဖွဲ့ချုပ်(TFA) များ ဖွဲ့စည်းနိုင်ရန် စီမံဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးရှိ မြို့နယ်များအားလုံးမှာ TFA အဖွဲ့များ ဖွဲ့စည်းနိုင်ရန် နိုင်ငံတကာစည်းမျဉ်းစည်းကမ်း၊ ဖွဲ့စည်းပုံ စည်းမျဉ်းတွေအတိုင်း စနစ်တကျရေးဆွဲပြီး နိုင်ငံတော်အစိုးရအဖွဲ့ရုံးကို တင်ပြခွင့်ပြုချက်ရယူခဲ့ပါတယ်။ အဲဒီကမှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်အားလုံးကို အသေးစိတ်တွေ့ဆုံရှင်းလင်းတင်ပြညှိနှိုင်းသဘောတူညီပြီးမှ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနဲ့ တွေ့ဆုံဆွေးနွေးကာ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

အထက်မြန်မာပြည် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ အတည်ပြုကြေညာရေးအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၈ နာရီတွင် Mandalay Convention Center ၌ ကျင်းပမည်ဖြစ်ပြီး သက်ဆိုင်ရာ မြို့နယ် ၁၀၁ ခုမှ ဥက္ကဋ္ဌအပါအဝင် တာဝန်ရှိသူသုံးဦးစီ တက်ရောက်မည်ဖြစ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးများမှ အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်း တာဝန်ရှိသူများ၊ ဘောလုံးအားကစားကို စိတ်ပါဝင်စားစွာ ဆောင်ရွက်နေသူများအား ဖိတ်ကြားကာ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းများကို အသေးစိတ် ရှင်းလင်းပြောကြားမည်ဖြစ်သည်။

မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းပြီးပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အဆိုပါ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များသို့ ပြိုင်ပွဲကျင်းပရေး စီမံခန့်ခွဲရေးသင်တန်း၊ ဒိုင်လူကြီးသင်တန်း၊ နည်းပြသင်တန်း၊ မီဒီယာနှင့် ဈေးကွက်ရှာဖွေရေးသင်တန်းများ၊ ပြိုင်ပွဲကျင်းပရာတွင်လိုအပ်သည့် ပြိုင်ပွဲကြီးကြပ်သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ပြိုင်ပွဲကျင်းပရာတွင် လိုအပ်သော ဘောလုံးနှင့် ပတ်သက်သည့် အထောက်အပံ့ပစ္စည်းများလည်း ကူညီထောက်ပံ့ပေးသွားမည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကျန်ရှိနေသည့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များကိုလည်း မြန်မာပြည်အနှံ့ ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ပြီး မြန်မာ့ဘောလုံးလောက အဆင့်အတန်း ပိုမိုတိုးတက်စေရေးအတွက် မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာရေး၊ သက်တမ်းအလိုက် လူငယ်ဘောလုံးပြိုင်ပွဲများကို စနစ်တကျ ပိုမိုကျင်းပနိုင်ရေးနှင့် နည်းပြ၊ ဒိုင်လူကြီး၊ ဖူဆယ်၊ အမျိုးသမီးဘောလုံးအခန်းကဏ္ဍများ ပိုမိုတိုးတက်အောင်မြင်စေရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လက်ရှိအချိန်ထိ အထက်မြန်မာပြည်၊ အောက်မြန်မာပြည်အနှံ့တွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်ပေါင်း ၁၇၇ ခုကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ကာ ကျန်ရှိနေသေးသည့် မြို့နယ်များတွင်လည်း အမြန်ဆုံး ဆက်လက်ဖွဲ့စည်းနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဖွဲ့စည်းပေးထားသည့် အောက်မြန်မာနိုင်ငံရှိ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ အတည်ပြုကြေညာခြင်းအခမ်းအနားကိုလည်း နိုင်ငံတကာဘောလုံးပြိုင်ပွဲများကျင်းပမည့် စက်တင်ဘာတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

---

## တောဆင်ရိုင်းများဖျက်ဆီးခံရသည့် စပါးခင်းများအတွက် ဂွမြို့နယ်မှ တောင်သူများအားထောက်ပံ့

**ကျိန္တလီ ဇူလိုင် ၂၆**

သံတွဲခရိုင် ဂွမြို့နယ် ကျိန္တလီမြို့ ဘဝင်ကျေးရွာအုပ်စုအတွင်း ဖေ့ပြီ၊ မေလတို့တွင် တောဆင်ရိုင်းများ ဝင်ရောက်ဖျက်ဆီးခြင်းခံရသည့် ဘဝင်ကျေးရွာရှိ တောင်သူများ၏ စပါးခင်းများနှင့် ရှောက်ကုန်းကျေးရွာရှိ မျိုးစေ့ထုတ်စံပြစိုက်ကွက် စိုက်ပျိုးသည့် တောင်သူများအတွက် မျိုးစပါး၊ ဓာတ်မြေသြဇာနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက်က ကျိန္တလီမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးထွန်းအေးခိုင်က အမှာစကားပြောကြားပြီး ဂွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ထွန်းလင်းက မျိုးစပါး၊ ဓာတ်မြေသြဇာနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက တောဆင်ရိုင်းများဖျက်ဆီးခံရသည့် တောင်သူများ၏ စပါးစိုက်ခင်းများအတွက် မျိုးစပါးနှင့် ဓာတ်မြေသြဇာများကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများထံ ပေးအပ်ခဲ့သည်။ ထို့နောက် ရှောက်ကုန်းကျေးရွာအုပ်စုရှိ မျိုးစေ့ထုတ်စံပြစိုက်ကွက် ၃၅ ဧကအတွက် ဓာတ်မြေသြဇာ အိတ် ၄၀ နှင့်ထောက်ပံ့ငွေ တစ်ဧကလျှင် ငွေကျပ်လေးသောင်းနှုန်းဖြင့် ငွေကျပ် ၁၄ သိန်းကို စံပြကွက်စိုက်ပျိုးသည့်တောင်သူများထံ ပေးအပ်ခဲ့သည်။

တောဆင်ရိုင်းများဖျက်ဆီးမှုကြောင့် ဒုက္ခရောက်နေသောတောင်သူများ မိုးစပါးစိုက်ပျိုးမှုအဆင်ပြေချောမွေ့ပြီး ဝမ်းစာဖူလုံမှုရှိစေရေးနှင့် မျိုးစေ့ထုတ်စံပြစိုက်ကွက် စိုက်ပျိုးသောတောင်သူများအတွက် ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်စပါးများရရှိပြီး စပါးအထွက်နှုန်းတိုးတက်ကာ တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာစေရေးတို့အတွက် ယခုလို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## ရေနံစိမ်းတရားမဝင်သယ်ဆောင်မှုနှင့် အခွန်လျော့နည်းမှုများမရှိစေရေး မကွေး၌ဆောင်ရွက်နေ



**မကွေး ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီးအတွင်း ရေနံလက်ယက်တွင်းများမှထွက်ရှိသော ရေနံစိမ်းများကို တရားမဝင်သယ်ဆောင်မှုမရှိစေရေးနှင့် အခွန်ဘဏ္ဍာလျော့နည်းမှုမရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်လုပ်ဆောင်နေကြောင်း မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်ထံမှ သိရသည်။

မုံရွာမြို့သို့ သယ်ဆောင်သော ရေနံစိမ်းယာဉ်များကို မြိုင်မြို့တွင် စစ်ဆေးရေးဂိတ်ထားရှိ၍ အထွေထွေအုပ်ချုပ်ရေးနှင့် ရဲတပ်ဖွဲ့က စစ်ဆေးကြောင်း၊ တန်ပိုသယ်ဆောင်မှုမရှိစေရန် မြိုင်မြို့ သံမြေကျင်းရှိ မြတ်နိုးသူတိုးဂိတ်တွင် စစ်ဆေးခံစေပြီး သယ်ဆောင်ခွင့်ပြုကြောင်း၊ ရောဝတီတိုင်းဒေသကြီးသို့ သယ်ဆောင်သွားသည့် ရေနံစိမ်းယာဉ်များကိုလည်း မင်းတုန်းမြို့တွင် စစ်ဆေးရေးဂိတ်ဖွင့်၍ အထွေထွေအုပ်ချုပ်ရေးနှင့် ရဲတပ်ဖွဲ့က စစ်ဆေးကြောင်း ဝန်ကြီးက ပြောသည်။

"မျှောတစ်စောင်တည်းနဲ့ ကားအများအပြားသယ်ယူနေတာမဖြစ်အောင် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ပူးပေါင်းမှုနဲ့ သတင်းပို့ရမယ့်နေရာမှာမပို့ရင် ကားကိုတစ်လပိတ်သိမ်း၊ လုပ်ကွက်ကို ထုတ်လုပ်ခွင့်ရပ်နားမှုတွေ၊ မြိုင်နဲ့မကွေးမြို့များမှာ တရားစွဲဆိုဆောင်ရွက်ထားသည်အထိ အရေးယူမှုတွေကြောင့် တရားမဝင်သွားလာမှု မရှိသလောက်ပါပဲ"ဟု ဝန်ကြီးက ၎င်း၏အမြင်ကို ပြောဆိုသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသောရေနံလုပ်ကွက်များမှ ထွက်ရှိသည့် ရေနံစိမ်းများကို တိုင်းဒေသကြီးပြင်ပသို့ သယ်ဆောင်လျှင် ဂါလန် ၅၀ ဆံ့ ရေနံတစ်စည်လျှင် ဝန်ဆောင်ခ ငွေကျပ် ၃၀၀၀ ကောက်ခံ၍ မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေစာရင်းအမှတ် MD-021907 သို့ ပေးသွင်းစေကြောင်း၊ တရားဝင်မှတ်တမ်းတင်ထားသော ဝန်ဆောင်ခအခွန်ရငွေများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့အသုံးစရိတ်အဖြစ် ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီး မြို့နယ်အသီးသီး၌ လိုအပ်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စနစ်တကျ သုံးစွဲကြောင်း အစိုးရအဖွဲ့မှ သိရသည်။

ကောက်ခံရရှိသောအခွန်ငွေများကို ဥပဒေနှင့်အညီ စနစ်တကျသုံးစွဲမှု ရှိ မရှိနှင့် နိုင်ငံတော်အခွန်ဘဏ္ဍာငွေများ လျော့နည်းမှုမရှိအောင် စနစ်တကျကောက်ခံမှုရှိ မရှိတို့နှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် မေးမြန်းမှုများရှိနေပြီး ၂၀၁၆ ဇွန် ၂ ရက်မှ ၂၀၁၈ ဇွန်လကုန်အထိ ဝန်ဆောင်ခရငွေမှာ ငွေကျပ် ၅၈၆၄၇ သိန်းကျော်ဖြစ်ကြောင်း၊ ရေနံရှာဖွေခွင့်အတွက် သက်တမ်းတိုးလုပ်ကွက် ၂၀ နှင့် လုပ်ကွက်သစ် ၁၃ ခုကို လုပ်ကိုင်ခွင့်ပြုထားကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

---

## ကန်ကြီးထောင့်မြို့၌ ပြည်သူများပူးပေါင်းပါဝင်၍ ရေဘေးသဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်



**ကန်ကြီးထောင့် ဇူလိုင် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနကကြီးမှူး၍ ကန်ကြီးထောင့်မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီနှင့်အတူ ဒေသခံပြည်သူများပူးပေါင်းကာ ရေဘေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင် ၂၅ ရက်က ကန်ကြီးထောင့်မြို့အမှတ်(၁)ရပ်ကွက်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ရေဘေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်မှုတွင် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး) ဦးသန်းစိုး ဦးဆောင်သောအဖွဲ့နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့် ဦးဆောင်သော မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများစုပေါင်း၍ ဒါးကမြစ်အတွင်းလှည့်လည်ကာ ရေဘေးသတိပေးချက်များကို လက်ကိုင်အသံချဲ့စက်များဖြင့် လိုက်လံကြေညာခြင်း၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ၊ နာမကျန်း ဖြစ်နေသူများ၊ ကလေးငယ်များနှင့် ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ယာယီရေဘေးရှောင်စခန်းဖွင့်၍စနစ်တကျနေရာချထားပေးခြင်း၊ အရေးပေါ်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အစားအသောက်များ ထောက်ပံ့ပေးခြင်းတို့ကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူးနှင့် တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးလှမြင့်တို့က ရေဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင် ရန် ရှောင်ရန်အချက်များ၊ သဘာဝဘေးကို ကြိုတင်သိရှိကာကွယ်နိုင်ရန် မိုးလေဝသဌာနမှ သဘာဝဘေး သတိပေးကြေညာချက်များကို ဂရုစိုက်နားထောင်ကြရန်နှင့် ရေသန့်သုံးစွဲမှုနှင့် ရေသန့်ဆေးအသုံးပြုပုံများ စသည်တို့ကို ရှင်းလင်းပြောကြားခဲ့ကြပြီး မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသို့လက်ကိုင်အသံချဲ့စက်နှစ်လုံး၊ ရေဒီယိုနှစ်လုံး၊ဆိုလာမီးအိမ်သုံးလုံး၊ အရေးပေါ်သုံးဆေးအိတ် ၁၀အိတ်နှင့် ရေသန့်ဆေး တစ်ပုံးတို့ကို တိုင်းဒေသကြီးဦးစီးမှူးက လွှဲပြောင်းပေးအပ်ခဲ့ကာသဘာဝဘေး အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

**နန်းထိုက် (ပြန်/ဆက်)**

# မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင် ရိုးရာယဉ်ကျေးမှုဖြစ်သည့် ဝါဆိုပန်းကပ်လှူခြင်းဓလေ့ကို ဖော်ထုတ်နေ



**မန္တလေး ဇူလိုင် ၂၆**
မြန်မာလူမျိုးတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဝါဆိုလတွင် ဝါဆိုပန်းဆက်ကပ်လှူဒါန်းခြင်းဓလေ့ကို မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများ၌ ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၁၂ လရာသီပွဲတော်များတွင် လအလိုက်ကျင်းပနေသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သိရှိတန်ဖိုးထား ထိန်းသိမ်းတတ်လာစေရန်နှင့် မူလတန်းအရွယ်ကတည်းက ယဉ်ကျေးလိမ္မာပြီး ဘာသာရေးအသိဖြင့် လှူဒါန်းလိုစိတ်များဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြုစုပျိုးထောင်ပေးခြင်းဖြစ်ကြောင်း အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီးဘုရားသို့ ကျောင်းသား ကျောင်းသူများနှင့်အတူ ဝါဆိုပန်းများ လာရောက်ဆက်ကပ်လှူဒါန်းကြသည့် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးက ပြောသည်။

ချမ်းသာကြီးဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချစ်မောင်ကလည်း “ဝါတွင်းကာလရောက်ရင် ကျောင်းတော်တော်များများက ကျောင်းသားကျောင်းသူတွေနဲ့ ဆရာ၊ မိဘတွေ ပူးပေါင်းပြီး အခုလို ဝါဆိုပန်းဆက်ကပ်တဲ့အလှူကို လာရောက်လှူဒါန်းလေ့ရှိပါတယ်။ အခုလို ဘာသာ၊ ယဉ်ကျေးမှုဓလေ့တွေကို ဆုံးမပုံဖော်ပေးတာဟာ ကလေးတွေအတွက် အင်မတန်အကျိုးကျေးဇူးကြီးပါတယ်။ လာရောက်ကုသိုလ်ပြုကြတဲ့ ကျောင်းသားကျောင်းသူကလေးတွေအနေနဲ့လည်း အသက်အရွယ်ကြီးရင့်သွားသည့်တိုင်အောင် ဘာသာစိတ်၊ ဘာသာတံဆိပ်တွေကို စွဲမြဲစွာ ခပ်နှိပ်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်”ဟု ပြောသည်။

မြန်မာ့ယဉ်ကျေးမှုဓလေ့ဖြစ်သည့် ဝါတွင်းကာလများ၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဘုရားစေတီများတွင် ဝါဆိုပန်းကပ်လှူပူဇော်ခြင်းတို့ကို ပြန်လည်ဖော်ထုတ်၍ လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်ရန်အတွက် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသားကျောင်းသူများနှင့် မိဘ၊ ဆရာ ဆရာမများ ပူးပေါင်း၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မုံရွာမြို့ ကျောက္ကာလမ်းတစ်လျှောက်တွင် ဆိုင်ကယ်များ သတ်မှတ်လမ်းမှမောင်းရန် အသိပညာပေး

**မုံရွာ ဇူလိုင် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကျောက္ကာလမ်းတစ်လျှောက်တွင် ဆိုင်ကယ်များ သတ်မှတ်လမ်းအတွင်းမှသာ စီးနင်းမောင်းနှင်ရေး အသိပညာပေးလုပ်ငန်းများကို မုံရွာမြို့ အခြေစိုက် အမှတ်(၁၁၁) ယာဉ်ထိန်းရဲ တပ်ဖွဲ့စုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပြီး ဇူလိုင် ၂၅ ရက်က လုပ်ဆောင်ခဲ့ကြောင်း သိရသည်။



“မုံရွာမြို့မှာ လူဦးရေများပြားလာသလိုယာဉ်တွေလည်းများလာတဲ့အတွက် ယာဉ်အန္တရာယ်ကင်းရှင်းဖို့ ယာဉ်ကြောကျပ်တည်းမှုတွေမဖြစ်ဖို့ ကားလမ်း၊ မော်တော်ဆိုင်ကယ်လမ်းတွေကို သတ်မှတ်ပေးထားပါတယ်၊ ဒီနေ့မှာတော့ ကျောက္ကာလမ်းတစ်လျှောက်မှာ ဆိုင်ကယ်များ သတ်မှတ်လမ်းအတွင်းမှ စီးနင်းရေး အသိပညာပေး လုပ်ဆောင်တာပါ” ဟု အမှတ်(၁၁၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု မှ ရဲအုပ်ကြည်စိုးက ပြောသည်။

ယာဉ်ကြောကျပ်တည်းမှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆိုင်ကယ်များကို သတ်မှတ်လမ်းများမှမောင်းနှင်ရေး အသိပညာပေးနေသကဲ့သို့ စည်းကမ်းပျက်ယာဉ်များ ဖမ်းဆီးအရေးယူမှုကိုလည်း ကျောက္ကာလမ်းမကြီးတစ်လျှောက်တွင် လုပ်ဆောင်လျက်ရှိရာ ဇူလိုင်လ ၂၄ ရက်အထိ မော်တော်ယာဉ် အစီး ၅၀ ကို အပြစ်ပေး အရေးယူနိုင်ခဲ့ပြီး ၎င်းယာဉ်များတွင် အိမ်စီးကားများ အများဆုံးပါဝင်ကြောင်း ရဲအုပ်ကြည်စိုး၏ ပြောကြားချက်အရ သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

# ပဲခူးတိုင်းဒေသကြီးအစိုးရ၏ တစ်နှစ်တာအတွင်း လုပ်ငန်းဆောင်ရွက်မှုများ သတင်းစာရှင်းလင်း

**ပဲခူး ဇူလိုင် ၂၆**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယ တစ်နှစ်တာကာလ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၅ ရက်က ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယ တစ်နှစ်တာအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပြည်သူများသိရှိစေရန်အတွက် မီဒီယာများကိုဖိတ်ခေါ်ပြီး သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် ဒုတိယတစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် မီဒီယာများက BRCCA ဖွဲ့စည်းထားရှိခြင်းကိစ္စ၊ အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူထားရှိသည့်ကိစ္စ၊ သတင်းမီဒီယာများတွေ့ဆုံရန်ကိစ္စ၊ သိမ်းဆည်းလယ်ယာမြေကိစ္စရပ်များ၊ ဥပဒေဆိုင်ရာကိစ္စရပ်များ၊ လယ်ယာမြေပုံစံ(၇)ရရှိခြင်း၊ မြေယာအငြင်းပွားခြင်းကိစ္စရပ်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးနေသည့်အခြေအနေ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးတွင် ဓာတုဓာတ်မြေဩဇာသုံးစွဲမှု ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့နေရသည့်ပြည်သူများအား ထောက်ပံ့ပေးနိုင်မည့်အခြေအနေများ၊ မြို့တွင်းသယ်ယူပို့ဆောင်ရေးယာဉ်လိုင်း ကိစ္စရပ်များနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို မေးမြန်းကြကာ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားပေးခဲ့သည်။

**သန့်စင်(ပဲခူး)**

# စေတုတ္တရာမြို့တွင် အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲပြုလုပ်

**စေတုတ္တရာ ဇူလိုင် ၂၆**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် မြို့ခံပြည်သူများ အမှိုက်ကိုစနစ်တကျစွန့်ပစ်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ဦးဆောင်မှုဖြင့် စေတုတ္တရာမြို့ အမှတ်(၁) မြို့လယ်ဓမ္မာရုံ၌ ဇူလိုင် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်နိုင်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းဖြင့် ကျန်းမာရေးထိခိုက်နိုင်ပုံများ၊ အထူးသဖြင့်ပလတ်စတစ်အမှိုက်၏ လူနှင့်လူ့ပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေပုံများ၊ ပလတ်စတစ်အမှိုက်တွင်ပါဝင်သော ဓာတုပစ္စည်းများ၏ ဆိုးကျိုးများကြောင့် ပလတ်စတစ်သုံးစွဲမှုနှုန်းကို လျှော့ချရန်၊ အမှိုက်များကို သတ်မှတ်နေရာများတွင်သာ စနစ်တကျစွန့်ပစ်ရန်လိုကြောင်း စသည်တို့ကို အသိပညာပေးဟောပြောခဲ့ကြသည်။

“မြို့ပေါ်ရပ်ကွက်တွေက မီးဖိုချောင်သုံးအမှိုက်နဲ့ နေအိမ်ခြံဝင်းထဲက အမှိုက်တွေကို အရင်က တစ်ပတ်ကိုနှစ်ကြိမ် သိမ်းပေးပါတယ်၊ အခု လေးကြိမ်အထိတိုးမြှင့်ပြီးတော့ သိမ်းဆည်းပေးမှာပါ၊ ပြည်သူလူထုကလည်း ကျွန်တော်တို့နဲ့ပူးပေါင်းပါဝင်ပြီး သတ်မှတ်ထားတဲ့နေရာမှာပဲ အမှိုက်ကိုစနစ်တကျစွန့်ပစ်ဖို့နဲ့ အမှိုက်တွေကို ချောင်းတွေ၊ နောက်ဖေးရေမြောင်းတွေထဲကို စည်းကမ်းမဲ့မစွန့်ပစ်ဖို့အတွက် အခုလို အသိပညာပေးဟောပြောခဲ့တာပါ”ဟု မြို့နယ်စည်ပင် အမှုဆောင်အရာရှိက ပြောသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**



မြို့ပေါ်ရပ်ကွက်တစ်ခုတွင် မြို့နယ်စည်ပင်က လိုက်လံအမှိုက်သိမ်းပေးနေစဉ်

# ဟင်္သာတခရိုင်တွင် အရေးပေါ်တုံ့ပြန်ရေးနှင့် ကြိုတင်သတိပေးရေးအတွက် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**ဟင်္သာတ ဇူလိုင် ၂၆**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်များတွင် သဘာဝဘေးကာကွယ်ရေးအတွက်အသုံးပြုရန် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့သုံးပစ္စည်းများနှင့် ကြိုတင်သတိပေးရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း မြို့ပြဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်မှုအစီအစဉ်မှ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက်က ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထောက်ပံ့ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းနိုင်က အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီက ထောက်ပံ့ပေးအပ်ခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း မြို့ပြဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်မှုအစီအစဉ်မှ ပေးအပ်သည့် ရွက်ဖျင်တဲ၊ ဆေးအိတ်၊ မိုးကာ၊ ကျောပိုးအိတ်၊ ကင်မရာ၊ ဟန်းစပီကာ စသည့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့သုံးပစ္စည်းများပါဝင်သော Emergency Response Team Kit များကို ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်နှင့် ဟင်္သာတမြို့နယ်တို့မှ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များထံ ပေးအပ်သည်။

မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးမိုးမြင့်ခိုင်တို့ကလည်း အသံချဲ့စက်၊ ဆိုလာ၊ ဘက်ထရီအိုး၊ ဆောင်းဘောက်စ် စသည့် ကြိုတင်သတိပေးရေးလုပ်ငန်းသုံးပစ္စည်းများ ပါဝင်သည့် Early Warning Item များကို ဟင်္သာတမြို့နယ်အတွင်းရှိ မြို့ပြဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်မှုစီမံချက်တွင်ပါဝင်သည့် ရပ်ကွက်/ကျေးရွာများမှ ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။ **ကျော်ကျော်(ပြန်/ဆက်)**



# မိုးသည်းထန်၍ မိုးမောက်မြို့ နန့်ကျရီချောင်းကူးတံတားချဉ်းကပ်လမ်း ရေတိုက်စားပျက်စီး

**မိုးမောက် ဇူလိုင် ၂၆**
ကချင်ပြည်နယ် မိုးမောက်မြို့တွင် ဇူလိုင် ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ စီးဆင်းလာမှုအရှိန်ကြောင့် မိုးမောက်မြို့နှင့် ဒဂေါ်ကျေးရွာလမ်းပေါ်ရှိ နန့်ကျရီချောင်းကူးကွန်ကရစ်တံတား၏ ချဉ်းကပ်လမ်း အရှည် ပေ ၁၂၀ ခန့် ရေတိုက်စားပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ပျက်စီးသောချဉ်းကပ်လမ်းကို ပြန်လည်ပြုပြင်နိုင်ရန်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မိုးမောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဇူလိုင် ၂၅ ရက်တွင် ကွင်းဆင်းစစ်ဆေးပြီး ရေတိုက်စားသည့် အလျား ပေ ၅၀၊ အနံ ၁၈ ပေခန့်တွင် ထုသုံးပေခန့်ကို သဲကျောက်ဖြင့် ပြန်လည်ပြုပြင်ရန် သဲကျောက်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

ဒေသခံပြည်သူများ၏ လယ်ယာစိုက်ပျိုးလုပ်ကိုင်မှု၊ သွားလာမှုအခက်အခဲမရှိစေရေးအတွက် အဆိုပါ ပျက်စီးသောချဉ်းကပ်လမ်းကို ဇူလိုင် ၂၆ ရက်မှစ၍ သဲကျောက်ဖြင့် လမ်းဖို့ခြင်း၊ ရေစီးကြောင်းကောင်းမွန်အောင် စက်ယန္တရားဖြင့် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်း ပျက်စီးသော်လည်း တံတားမှာမူ ကြံ့ခိုင်မှုရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

## မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့်-ဒေါ်ခင်လေးရီ (နယူးရွှေစင်) "နယူးရွှေစင်" စိန်ရွှေရတနာဆိုင်

ဆိုင်အမှတ်(၃)အား ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဈေး၊ ဈေးလမ်းမကြီးတွင် အောင်မြင်စွာဖွင့်လှစ်နိုင်သောကြောင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့**




## ကျောက်ပန်းတောင်း စွန်းလွန်း ဝါဆိုသင်္ကန်းကပ်ပွဲ

(၁၃၈၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၈ ရက်) ၄-၈-၂၀၁၈ ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကမ္ဘာ့အေးစွန်းလွန်းဆရာတော် ဦးဝရ အမှူးရှိသော ဝါဆိုသံဃာတော်တို့အား ယောဂီများစုပေါင်း၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပါမည်။

**ကျောက်ပန်းတောင်းစွန်းလွန်း ပဋ္ဌာန်းပတ္တိသာသနာနုဂ္ဂဟအဖွဲ့**

## နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင်ဖခင်ကြီး ဦးငွေးဝင်း(Director, BAE Co.,Ltd.) နှင့် မိခင်ကြီး ဒေါ်ခင်စန်းဝင်းတို့၏ ၂၇-၇-၂၀၁၈ ရက်တွင် ကျရောက်သော မင်္ဂလာနှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာမှ နောင်နှစ်ပေါင်းများစွာ အသက်ရှည်ကျန်းမာပျော်ရွှင်စွာဖြင့် ဘာသာ၊ သာသနာအကျိုး ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ရန် မင်္ဂလာဆုမွန်တောင်းလျက်…

**သမီးကြီး** - **မဇေပရယ်မိုး (အငယ်တန်းအင်ဂျင်နီယာ-၂) (ပြင်ဦးလွင်ခရိုင် လျှပ်စစ်မန်နေဂျာရုံး)**
**သားလတ်** - **မောင်မျိုးသက်နောင် (သစ်အုပ်ကြီး) (ကသာအရှေ့သစ်ထုတ်ရေးဒေသ)**
**သားငယ်** - **မောင်ဈာန်ရဲထွဋ် (ပထမနှစ်၊ ရက္ခဗေဒ)**

## ကျေးဇူးတင်လွှာနှင့် သစ္စာအဓိဋ္ဌာန်ပြုချက်

ကျွန်ုပ် ဦးသိန်းနိုင်(ခ)ဦးသန်းလှိုင်၏ ကလျာဏမိတ္တများဖြစ်ကြသော အောင်ဘာလေထီချစ်သူ Billionaire Group အဖွဲ့သားများနှင့် အနယ်နယ်အရပ်ရပ်မှ ဓမ္မမိတ်ဆွေများ၏ မြန်မာ့အလင်းသတင်းစာ၏ ၁၅-၇-၂၀၁၈ရက်စွဲပါ ဂုဏ်ပြုလွှာနှင့်ပတ်သက်၍ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ကျွန်ုပ်ဦးသန်းလှိုင်သည် ရဟန်း၊ ရှင်လူ ခုနစ်ရက်သားသမီးအားလုံး၏ အကျိုးကျေးဇူးကို ထာဝစဉ်ဦးထိပ်ပန်ဆင်ပြီး အမျိုး၊ ဘာသာ၊ သာသနာတော်ကြီး အနှစ် ၅၀၀၀ မက အဓွန့်ရှည်တည်တံ့ခိုင်မြဲစည်ပင်ပျံ့ပွားစေရန် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အသက်ဆုံးသည့်တိုင်ထမ်းရွက်သွားမည်ဖြစ်ကြောင်း မြန်မာတစ်နိုင်ငံလုံးရှိ အောင်ဘာလေထီချစ်သူမိဘပြည်သူအပေါင်းတို့ထံ လေးလေးနက်နက် သစ္စာအဓိဋ္ဌာန်ပြုပါ၏။

**ဦးသိန်းနိုင် (ခ) ဦးသန်းလှိုင်**
**(သာသနဥပတ္ထမ္ဘက)**
**M.Sc (Physics)**
**မိုးယံငွေသော်တာ**
**(ရန်ကုန်တိုက်ရိုက်) ထီဆိုင်ကြီး**
**မြို့မဈေးကြီး၊ တောင်ကြီးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ မုံရွာအကျဉ်းထောင်တွင် ခြောက်ခန်းတွဲနှစ်ထပ် ဝန်ထမ်းနေအိမ်တစ်လုံး ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် တင်ဒါအဆိုပြုလွှာများကို ၂၇-၇-၂၀၁၈ရက်မှစ၍ အကျဉ်းဦးစီးဌာန၊ မုံရွာအကျဉ်းထောင်တွင်ဝယ်ယူနိုင်ပြီး ၂၆-၈-၂၀၁၈ရက် နောက်ဆုံးထားကာ ကုမ္ပဏီ Profile နှင့်အတူ တင်သွင်းသွားရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၇၁-၂၁၀၀၇**

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**
**အကျဉ်းဦးစီးဌာန**
**မုံရွာအကျဉ်းထောင်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)** | - ၅၀၀၀ တန် (တန်ငါးထောင်)ခန့် |
| (ခ) | **အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ(စလေ)** | - ၇၈ တန် (တန်ခုနစ်ဆယ့်ရှစ်) |
| (ဂ) | **ယူရီးယားဓာတ်မြေသြဇာ(အောက်ကျုံး)** | - ၁၂၅.၅၆ တန် (တန်တစ်ရာနှစ်ဆယ့်ငါးဒသမငါးခြောက်) |

၂။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၂၃-၈-၂၀၁၈ရက်(ကြာသပတေးနေ့) ၁၂း၀၀နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်

၃။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၃-၈-၂၀၁၈ ရက် ၁၄း၀၀ နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website (www.moee.gov.mm)တွင် ၉-၈-၂၀၁၈ ရက်မှစ၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း- ၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## သဒ္ဓမ္မရံသီ(မဟာစည်)ရိပ်သာကြီးနှင့် ရိပ်သာခွဲများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ

မရမ်းကုန်းမြို့နယ် (၈)မိုင် သဒ္ဓမ္မရံသီရိပ်သာနှင့် ရိပ်သာခွဲများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲများကို အောက်ဖော်ပြပါနေ့ရက်များတွင် ကျင်းပမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာ (အင်းတိုင်) | - ၂၉-၇-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ဒုတိယဝါဆိုလပြည့်ကျော်(၂)ရက်။ |
| ၂။ | ဓမ္မဒါယာဒါသဒ္ဓမ္မရံသီရိပ်သာ (ကျောက်တန်း) | - ၅-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ဒုတိယဝါဆိုလပြည့်ကျော် ၉ရက်။ |
| ၃။ | မဇ္ဈိမာပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ (မြောက်ဥက္ကလာပ) | - ၁၁-၈-၂၀၁၈ ရက် (စနေနေ့) ဒုတိယဝါဆိုလကွယ်နေ့။ |
| ၄။ | သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ (ကျောက်ကုန်း) | - ၁၂-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ဝါခေါင်လဆန်း ၁ ရက်။ |
| ၅။ | သဒ္ဓမ္မရံသီရိပ်သာ (၈ မိုင်) | - ၁၉-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ဝါခေါင်လဆန်း ၈ ရက်။ |
| ၆။ | ဓမ္မပူဇာ သဒ္ဓမ္မရံသီရိပ်သာ (ဥဿာ-ပဲခူး) | - ၂၆-၈-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ဝါခေါင်လပြည့်နေ့။ |

အထက်ပါရိပ်သာများတွင် နံနက် ၈ နာရီ အခမ်းအနားစတင်၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး သာဓုအနုမောဒနာတရားနာကြားကြမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**သဒ္ဓမ္မရံသီရိပ်သာ ဝေယျာဝစ္စအလုပ်အမှုဆောင်အဖွဲ့**

## ပေါက်မြို့နယ်အသင်း(ရန်ကုန်)

### ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ ဖိတ်ကြားခြင်း

**ရန်ကုန်နယ်နိမိတ်အတွင်း သီတင်းသုံးကြသော ပေါက်နယ်ဖွား ရဟန်းသာမဏေတို့အား စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၈၀ခုနှစ်၊ ဝါခေါင်လဆန်း(၁)ရက် (၁၂-၈-၂၀၁၈) တနင်္ဂနွေနေ့ နံနက် (၉း၀၀)နာရီအချိန်တွင် မူလကမ္ဘာအေးကျောင်းတိုက်၊ ရွှေတိဂုံမြောက်ဘက်မုခ်အနီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပေါက်နယ်သူ/နယ်သားအားလုံး ကြွရောက်အားပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။ သံဃာတစ်ပါးလျှင် သင်္ကန်း ၁-စုံ၊ ဝတ္ထုငွေ ၁၀၀၀၀/-လှူဒါန်းမည်ဖြစ်ပြီး သံဃာအပါး ၁၀၀ကျော်ဖြစ်ပါ၍ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။**

အကျိုးဆောင်အဖွဲ့၊ ဖုန်း-၀၉ ၂၅၈၉၁၄၄၁၃

## မြန်မာနိုင်ငံ ရုပဗေဒအသင်း ၂၀၁၈-၂၀၂၁ ခုနှစ် အလုပ်အမှုဆောင်သစ်များ ရွေးချယ်မှုအတွက် အဆိုပြုလွှာဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ ရူပဗေဒအသင်း၏ ၂၀၁၈-၂၀၂၁ ခုနှစ်များအတွက် အသင်း၏အလုပ်အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်တာဝန်ပေးအပ်နိုင်ရေးအတွက် အရွေးချယ်ခံနိုင်ပါရန် ဆန္ဒပြုလိုသူ အသင်းဝင်များသည် ၂၀၁၈ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ အသင်းသို့ တင်ပြအဆိုပြုနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမှုဆောင်အရာရှိ**
**မြန်မာနိုင်ငံရူပဗေဒအသင်း**

**အခန်း (G-113) ဒိုင်းမွန်းကွန်ဒိုတာဝါ (E)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၄၅၅၁၆၈၇၆၆**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အလက ရန်အောင်မြင်၊ အဋ္ဌမတန်းမှ မအေးပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးအောင်ခိုင်စိုး ၉/လဝန(နိုင်)၁၃၃၀၃၇ ဖြစ်ပါကြောင်း။ **ဦးအောင်ခိုင်စိုး**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ အထက-နှောကန်၊ အဋ္ဌမတန်း(B)မှ မောင်ကျော်စိုးလင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်သောင်း ၉/မလန(နိုင်)၁၃၁၁၉၄ ဖြစ်ပါကြောင်း။

**ဦးအောင်သောင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့၊ အထက နဝမတန်းမှ မခိုင်ဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးစိန်သန်း ၅/ဘတလ(နိုင်)၀၉၃၈၀၃ ဖြစ်ပါကြောင်း။

**ဦးစိန်သန်း**

## အမည်ပြောင်း

ဦးမောင်မောင်သက်၏သား ပြည်ကြီးတံခွန်မြို့နယ်၊ အထက(ခွဲ) အမှတ်(၅)၊ ပဥ္စမတန်း (B)မှ မောင်ထက်မြတ်ဟိန်းအား မောင်ထက်နိုင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထက်နိုင်လင်း**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ အထက-နှောကန်၊ နဝမတန်း(A) မှ မောင်ဝင်းဇော်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးအေးမြင့်မောင် ၉/မဟမ(နိုင်)၀၃၅၄၈၇ ဖြစ်ပါကြောင်း။

**ဦးအေးမြင့်မောင်**

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (F) မှ မမြတ်ဆုမွန်၏ ဖခင်အမည်မှန်မှာ ဦးစိန်သန်း ၅/ရဘန(နိုင်)၁၄၆၅၃၁ ဖြစ်ပါကြောင်း။

**ဦးစိန်သန်း**

## ဖခင်အမည်မှန်

ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ အလက စိုင်နိုင်ကြီးမှ အဋ္ဌမတန်းအောင် မောင်ဝေယံဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဖိုလ် ၅/ဝလန(နိုင်)၀၃၃၅၀၈ ဖြစ်ပါသည်။

**ဦးဝင်းဖိုလ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ အထက(၁)မှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော မအေးဆုခိုင်၏ဖခင် ဦးအယ်ခန်းလီနှင့် ဦးခန်းလီ ၉/ပမန(နိုင်)၁၂၇၄၆၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအယ်ခန်းလီ(ခ)ဦးခန်းလီ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့ (အထက-ခွဲ) ဖလန်ကန်ကျောင်း၊ ပထမတန်း(A)မှ မောင်ခန့်သီဟ၏ ဖခင်အမည်မှန်မှာ ဦးမောင်လွင် ၉/ညဥန(နိုင်)၀၀၀၉၉၂ ဖြစ်ပါသည်။ **ဦးမောင်လွင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ရဘဲကျေးရွာမှ ကျောဇီ အထက၊ တက္ကသိုလ်ဝင်တန်း(A) မှ မောင်ဘိုမင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးစံကျော် ၉/တသန(နိုင်)၀၅၁၃၆၁ ဖြစ်ပါကြောင်း။

**ဦးစံကျော်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့ (အထက-ခွဲ) ဖလန်ကန်ကျောင်း၊ နဝမတန်း(A)မှ မခင်ဘုန်းဝေ၏ ဖခင်အမည်မှန်မှာ ဦးဖိုလ်ချွန် ၉/ညဥန(နိုင်)၁၂၇၅၈၁ ဖြစ်ပါသည်။ **ဦးဖိုလ်ချွန်**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ အထက-နှောကန်၊ အဋ္ဌမတန်း(B)မှ မမြကေခိုင်နှင့် ဆဋ္ဌမတန်း(B)မှ မပပဝင်းတို့၏ဖခင်အမည်မှန်မှာ ဦးဆန်းညိမ်း ၉/မလန(နိုင်)၁၇၄၆၁၉ ဖြစ်ပါကြောင်း။

**ဦးဆန်းညိမ်း**

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ ညောင်ပင်သာ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မဇာဇာလင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးလင်း ၅/ရဘန(နိုင်)၂၁၅၁၄၈ ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးလင်း**

## ဖခင်အမည်မှန်

ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ အလက စိုင်နိုင်ကြီးမှ အဋ္ဌမတန်းအောင် မဇာနည်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းမြင့်ဇော် ၉/စကန(နိုင်)၀၅၇၈၆၄ ဖြစ်ပါသည်။

**ဦးထွန်းမြင့်ဇော်**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ် ကန်ရေကျေးရွာ မူလတန်းလွန်ကျောင်း စတုတ္ထတန်းမှ မထက်ထက်ဦး ကျောင်းဝင်အမှတ် (၁၉၉၂)၏ ဖခင်အမည်မှန်မှာ ဦးတင့်လွင် ၈/မဘန(နိုင်)၀၉၅၂၉၈ ဖြစ်ပါကြောင်း။

**ဦးတင့်လွင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ဆင်ဖြူကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း ခွာညိုခန်းမှ မောင်ကောင်းထက်သာ (A-၆၂၃၆)၏ ဖခင်အမည်မှန်မှာ ဦးငွေအောင် ၈/စလန(နိုင်)၀၉၂၂၂၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့ (အထက-ခွဲ) ဖလန်ကန်ကျောင်း၊ နဝမတန်း(A)မှ မစန္ဒာမိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၉/ညဥန(နိုင်)၀၁၂၆၄၇ ဖြစ်ပါသည်။

**ဦးစိုးဝင်း**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့ (အထက-ခွဲ) ဝက်လူးကျောင်း၊ သတ္တမတန်း(A)မှ မသီဂီစိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်သန်း ၉/ငသရ(နိုင်)၀၀၀၁၈၁ဖြစ်ပါသည်။

**ဦးကျော်သန်း**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၈)သို့ တက်ရောက်အမှာစကား ပြောကြား

**နေပြည်တော် ဇူလိုင် ၂၆**

စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၈) ကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ စာရင်းအင်း အချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးသာဦး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ စာရင်းအင်းပညာရှင်များနှင့် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်

*စာမျက်နှာ ၆ ကော်လံ ၁* ❁




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၈)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# KBZ Bank Women's League ပွဲစဉ်(၁၁) သစ္စာအားမာန်အသင်း နိုင်ပွဲရ

နေပြည်တော် ဇူလိုင် ၂၆

**၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁၁) တတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်းက အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရခဲ့သည်။**



သစ္စာအားမာန်အသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-စိုးညွန့်

ချန်ပီယံဆုအတွက် အရေးပါသည့် ပွဲတွင် သစ္စာအားမာန်အသင်း အနိုင်ရခဲ့သောကြောင့် လက်ရှိချန်ပီယံ မြဝတီအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းသည် ပထမဆုံးချန်ပီယံဆုအတွက် လက်ကျန်ပွဲများတွင် အမှားအယွင်းမရှိအောင် ကစားနိုင်ခဲ့ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရသည်။

သစ္စာအားမာန်အသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိ မှတ်တမ်းကို ဆက်ထိန်းနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၃၄ မိနစ်တွင် နီလာဝင်း၊ ၄၇ မိနစ်တွင်

*စာမျက်နှာ ၁၂ ကော်လံ ၄* ❄

# သံလွင်၊ စစ်တောင်း၊ ပဲခူးနှင့် ရွှေကျင်မြစ်များ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းအုပ်စု မပြောင်းလဲ

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာ ယူ-၂၃ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၅ ရက်က အုပ်စုများပြန်လည်ရေးဆွဲခဲ့ရာ မြန်မာအသင်း အုပ်စုမှာ မပြောင်းလဲဘဲ ယခင်အသင်းများနှင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဇူလိုင် ၅ ရက်က ပြုလုပ်သည့် အုပ်စုမဲခွဲရာတွင် ယူအေအီးနှင့် ပါလက်စတိုင်းအသင်း ကျန်ရစ်ခဲ့သောကြောင့် ကန့်ကွက်မှုများ ပြုလုပ်ခဲ့ပြီး ယင်းနှစ်သင်းအား မဲနှိုက်၍ကျသည့်အုပ်စုတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ ယခင်က အုပ်စုများအားလုံး ပြန်လည်မဲခွဲမည်ဟု ထုတ်ပြန်ခဲ့သော်လည်း နောက်ဆုံးတွင် ယူအေအီးနှင့် ပါလက်စတိုင်းနှစ်သင်းကိုသာ မဲနှိုက်ခဲ့ခြင်းဖြစ်ပြီး ပါလက်စတိုင်းအသင်းက အုပ်စု(က)၊ ယူအေအီးအသင်းက အုပ်စု(င)တွင် ပါဝင်ခဲ့သည်။ အာရှအားကစားပြိုင်ပွဲတွင် အုပ်စု (က)၌

*စာမျက်နှာ ၁၂ ကော်လံ ၄* ●

